

သူ ရဲ ကောင်း စာ ပေ တိုက်

# ထူးခြားဆန်းကြယ်

ဂမ္ဘီရရသဝတ္ထုတိုများ


မင်းမြတ်ရာဇ
သင်္ခယာ
ဝင်းဇော်၊သုံးဆယ်၊
ဒသ နု
မြဒေါင်းနွယ်

## ဒို့အရေး အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး

# ထူးခြားဆန်းကြယ်

ကမ္ဘာ့ရှုသဝဏ္ဏဘုံများ

တမူခွင့်ပြုချက်အမှတ်
၅၀၀၀၄၂၀၁၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀ ၂၀၆၀ ၂၀၇

ထုတ်ဝေသူ
ဦးကျော်တင်၊(ယုံကြည်ချက်စာပေ)
၁၁၄၅-ထပ်(ညာဘက်)၊၃၃-လမ်း၊
ကျောက်တံတား၊ရန်ကုန်။

အတွင်းပုံနှိပ်
ဦးအောင်မြင့်သိန်း၊(၀၆၁၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ်(၁၄၇)၊ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
အဖုံးပုံနှိပ်
ဖေါင်းသိတာ(၀၈၂၈၆)
ကောဓိပုံနှိပ်တိုက်၊၄၂၃လမ်း၊
ပန်းဘဲတန်း၊ရန်ကုန်။
ပထမအကြိမ်
၂၀၀၇ခုနှစ်၊ဧပြီလ။
အုပ်ရေ – ၅၀၀
တန်ဖိုး – ၅၀၀ကျပ်

ထူးခြားဆန်းကြယ်

# ဂမ္ဘီရရသ

ဝတ္ထုများ

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | ကြုံခဲ့လှစွာ ကြုံခဲ့သော်ငြား | – | ၇ |
| ၂။ | ဒွိဟာဖြစ်စဉ် | – | ၂၉ |
| ၃။ | သိဒ္ဓိလျှော ဖိုးထောင် | – | ၆၅ |
| ၄။ | သံသယသားကောင်များ | – | ၉၁ |
| ၅။ | ဗီးတောကွင်းက သီချင်းသံ | – | ၁၀၅ |
| ၆။ | လောဘကြမ္မာ | – | ၁၂၅ |
| ၇။ | မပြုံးနိုင်ဘဲငိုရသူ | – | ၁၅၉ |

# ပင်းမြတ်ရာဇ

ကြုံခဲ့လှစွာ . . . ကြုံခဲ့သော်ငြား . . .

မြူခိုးတို့ ရစ်သိုင်းလျက်ရှိနေသော အရှေ့ရိုးမတောင်တန်းကြီးက မြင်ရသူအဖို့ ကြည့်နူးဆွတ်ပျံ့ဖွယ်အတိပါပေ။ ထိုမှတစ်ဆင့် တောင်ခြေတစ်ဝှမ်း မျက်စိတစ်ဆုံး ကျယ်ပြန့်စွာ တည်ရှိနေသည့် အစိမ်းရောင်ကဗ္ဗလာရင့်ရင့် လယ်ကွင်းများသည်၎င်း၊ စိမ်းစိမ်းညို့ညို့ သစ်ပင်အုပ်တန်းတို့အလယ်၌ သာမောဖွယ်တည်ရှိနေသည့် ရွာငယ်ကလေးသည်၎င်း ပကတိသိမ်မွေ့သော အနုပညာသည် ပန်းချီကျော်တစ်ယောက် ချယ်မှုန်းထားသည့် သဘာဝရှုမျှော်ခင်း ပန်းချီကားတစ်ချပ်အလား ထင်မှတ်မှားဖွယ် မြင်ကွင်းတစ်ခုအဖြစ် ရှိနေလေတော့၏။

ထို့အပြင် လယ်ကွင်းများတစ်လျှောက် အုပ်စုဖွဲ့ကာ ပျံသန်းလျက်ရှိသော ဗျိုင်းအုပ်ဖြူဖြူများနှင့် ရွာအပြင်မြက်ခင်းတောစပ်တစ်လျှား ဟိုတစ်စုသည်တစ်စု ရှိနေကြသော ဖြူနီနီ နက်နက်ကြားကြား ရှာနွားတစ်သင်းကလည်း ရှုမြင်ကွင်းအလှကို ပိုမိုသက်ဝင်ပီပြင်အောင်

အားဖြည့်ကူညီပေးနေဘိသကဲ့သို့ပင်လျှင် ရှိနေပြန်တော့၏။

ဤကား 'သဖန်းစု' ရွာကလေး၏ ပကတိရှိနေသော မရိုးနိုင်သည့် သဘာဝအလှသရုပ် မြင်ကွင်းများပင် ဖြစ်ပေတော့၏။ ဤသို့ပင် 'သဖန်းစု' ရွာကလေးသည် သာယာလှပသကဲ့သို့ ရွာကလေးအတွင်း နေထိုင်ကြကုန်သော ရွာသူရွာသားများသည်လည်း လွန်စွာမှ ရိုးသား အေးဆေးကြသူများပင် ဖြစ်ကြ၏။ အစဉ်သဖြင့် ဓားမဦးချလုပ်ကိုင်ခဲ့သော တောင်သူလယ်စိုက်အလုပ်များကို ငြိမ်းချမ်းစွာ လုပ်ကိုင်နေထိုင်ကြလျက် အချို့သာကပ်လျက်ရှိနေသော ရိုးမတောင်ပေါ်တက်၍ တောပစ်ဝါးခုတ်အလုပ်ကို လုပ်ကိုင်ကြလေ၏။

အများအားဖြင့် အေးချမ်းစွာ နေထိုင်ကြသူများပီပီ ရွာထဲ၌ ကလေးငိုသံ ခွေးဟောင်သံများမှအပ ဆူဆူပူပူကိစ္စရပ်များ မရှိသလောက် ငြိမ်းချမ်းလှပေတော့၏။

သို့ရွာ၌ ယခုမူ ရွာမြောက်ပိုင်းမှ မုဆိုးမ မပိုင်းစိန်၏သား မောင်ဖိုးထူး၏အဖြစ်ကြောင့် တစ်ရွာလုံး အုတ်အော်သောင်းနင်း သောသောညံအောင်ရှိနေကြရလေတော့၏။ ထိုအခါ မုဆိုးမ မပိုင်းစိန်၏ ဝါးထရံမိုး သက်ကယ်ကာ သုံးပင်နှစ်ခန်း ခပ်ယှဲ့ယှဲ့အိမ်ကလေး၌ ရွာသူကြီး ဦးဘိုးထွန်းမှ အစပြုလျက် ကြီးကြီးငယ်ငယ် အရွယ်မဟူ တစ်ရွာလုံးရှိ လူကြီးကလေး ခွေးပင်မကျန်အောင် စုပြုံအုံခဲလျက် ရှိကြလေရာ အိမ်ပေါ်တစ်ဝက်၊ အိမ်ဝတစ်လီ၊ ခြံဝအဆုံး စုပြုံတိုးလျှက်ရှိ

သော လူအုပ်ကြီးကိုကြည့်၍ မုဆိုးမ မပိုင်းစိန်မှာ အိမ်ကျိုးကျမည့် အရေးကိုတွေးလျက် ရင်တမမဖြင့် ရှိနေရလေတော့၏။ ထို့အပြင် ထမိ ရင်လျား သားသည်အမေများ၏ ခါးတစ်ခွ ချီပိုးလာကြကုန်သော နုပ် တွဲလောင်းနှင့် ကလေးငယ်များ၏ အော်ဟစ်ငိုယိုသံများသည်၎င်း ဘာ မသိ ညာမသိ လူစုစုမြင်သည်နှင့် ပြေးလွှားရှင်မြူး အူမြူးလျက်ရှိကြ ကုန်သော (၇)နှစ် (၈)နှစ်အရွယ် သကောင့်သားကလေးများ၏ အသံ များသည်၎င်း ပွက်ကလောရိုက်လျက် ရှိနေလေရာ သူကြီးဦးဘိုးထွန်းမှာ

"ဟေ့ ... မဆိုင်တဲ့လူတွေ ကိုယ့်အိမ်ကိုယ်ပြန်ကြပါလား။ တကတည်း ဘာမှပြောလို့ မရတော့ဘူး။ ဒီလောက်ဆူညံနေတာ။ ဟိတ် ဟိုကလေးတွေ သွားကြစမ်း တစ်ခြားသွားဆော့ချေကြ။ နင်တို့အလုပ် ဒီမှာဘာမှမရှိဘူး"

ဟု အော်ဟစ်ငေါက်ငန်းနေရလေ၏။ သို့တိုင် မောင်ဘိုးထူး၏ ထူးခြားသောအဖြစ်အား အထူးပင် စိတ်ဝင်စားလျက်ရှိကြကုန်သော လူများမှာ သူကြီး၏ ငေါက်ငန်းသံကို မသိကျိုးနွံပြုလျက် အုံကြွတိုးမြဲ တိုးကာ ရှိနေလေတော့၏။ ထိုအခါ (၃)နှစ်သား ကလေးငယ်တစ်ယောက် ကို ခါးထစ်ခွချီပိုးလျက် ချွေးတရွှဲရွှဲဖြင့်ရှိနေသော သားသည်အမေတစ် ယောက်မှပင် မကြားတကြားဖြင့် ...

"အလိုတော် ... သူကြီးရယ် ဒီကိစ္စသူတစ်ယောက်တည်း သက်ဆိုင်နေတဲ့ အပေါက်မျိုး။ လူတိုင်းသူ့လိုပဲ စိတ်ဝင်စားကြတာပေါ့။

အုံ့ပါ့တော်'' ဟုပြောလိုက်သေးတော့၏။

ထိုအချိန် (၁၃)အရွယ်ခန့်ရှိ ကာယကံရှင် မောင်ဖိုးထူးကား မိမိအဖြစ်ထက် အံ့တိုးလျှက်ရှိသော လူများကိုကြည့်ကာ မျက်လုံးကလေး ကလယ်ကလယ်ဖြင့် ရှိနေပြီးလျှင် တစ်ခါတစ်ရံ၌ ၎င်းအနီးရှိ မိခင်ဖြစ်သူ မပိုင်းစိန်၏မျက်နှာကို တစ်ချက်တစ်ချက် လှမ်းမျှော်ကာ ကြည့်ရှုလျက် ရှိနေလေ၏။ ထိုအခါ အမေဖြစ်သူ မပိုင်းစိန်ကိုယ်တိုင်မှာလည်း မကြာ သေးမီကမှ ခေါင်း၊ရင်းအိမ် ကိုလှမောင်တို့ထံမှ ထင်းစည်းချည်သော လျှော်ကြိုးများကို တောင်းယူလျှက် တစ်ခုနှင့်တစ်ခုဆက်ကာ ပြုတ်ကျလု ဆဲဆဲ အိမ်ဆင့်တန်းကို မတုပ်တတ်တုပ်တတ်ဖြင့် နှောင်တည်းတုပ်နှောင် ထားရကား အိမ်ပေါ်၌ လက်ကားယား ခြေကားယားဖြင့် အော်ဟစ်မာန်မဲ နေသော သူကြီးကိုကြည့်ကာ အသည်းတယားယား ရှိနေလေတော့၏။

ထိုအခိုက်တွင်ပင် များစွာသော လူစုစုကို ယခင်က မြင်ဖူးခြင်း မရှိခဲ့၍ မျက်စိနောက်ကာ အသံလေးအသံကြောင်ဖြင့် ထိုးဟောင်အူ လိုက်သော ခွေးတစ်ကောင်၏အသံကြောင့် အခြားခွေးများပါ ဝိုင်းအုံ၍ အူလိုက်ကြပြန်လေရာ ...

''ဟာ... ဒီခွေးတွေ... ဟိတ်... ရှူး... ဟ... စိန်မောင်တို့ ထွန်းအောင်တို့ မင်းတို့အဘဈေကို မောင်းကြပါဦးဟ''

ဟုဆိုလိုက်သော သူကြီး၏အသံနှင့်အတူ ဆယ်အိမ်ခေါင်း ကိုစိန်မောင်နှင့် ကိုထွန်းအောင်တို့မှာ ဘာမဆိုင် ညာမဆိုင် သူကြီး

အတုပ်ခံလိုက်ရသဖြင့် ဒေါသဖြစ်ဖြစ်ဖြင့် အလှူလျှက်ရှိသော ခွေးများကို ကျောက်ခဲနှင့်တစ်မျိုး၊ အုတ်ကျိုးခဲနှင့်တစ်ဖုံ ခြောက်လှန့်ပစ်ခတ်ကာ မောင်းထုတ်လိုက်ကြရလေတော့၏။

သည်ကြားထဲ အသက်ကြီး၍ တုန်တုန်ချိချိဖြင့် နောက်ကျမှ ရောက်လာသော ရွာလယ်မှ အဘိုးဘရင်က ခွေးမောင်းလျှက်ရှိသော ကိုစိန်မောင်၏ လက်တစ်ဘက်ကိုဆွဲကာ မှုန်တိမှုန်မွှားဖြင့် ကြည့်ရှု၍ မေးမြန်းလာပြန်၏။

"မင်းဘယ်သူတုံး"

"ကျုပ် စိန်မောင် အဘ"

"ဟေ... ဘယ်သူ"

"စိန်မောင် အဘ... စိန်မောင်"

ကိုစိန်မောင်အရေးထဲ နားလေးသော အဘိုးဘရင်ကို စိတ်မရှည်ဖြစ်လျှက် အသံကိုမြှင့်ကာ အော်ပြောလိုက်ရလေ၏။

"သြော်... စိန်မောင်... မယ်ဝိုင်းစိန်သား ဖိုးထူးသတင်းက တကယ်လားကွဟေ"

ယော်... ဒီအဘိုးကြီးက တစ်မျောင့်ဟု ကိုစိန်မောင်တွေးလျှက်

"မသိဘူးအဘ။ ကျုပ်တို့တောင် ဘာမှမမေးရသေးဘူး။ အဘ သိချင်ရင် ဟိုမှာသွားသာ မေးပေတော့။ အာ. . . ဒီခွေး"ဟုဆိုကာ ပေစောင်းပေစောင်းရှိနေဆဲဖြစ်သော ခွေးတစ်ကောင်ကို လက်ထဲမှ

အုတ်ကျိုးခဲဖြင့်လှမ်း၍ ပစ်လိုက်ရပြန်၏။ ထိုအခါမှ အဘိုးဘရှင်သည် ကိုစိန်မောင်၏ လက်ကိုလွှတ်လျှက်...

"ဩော်...အေး...အေး ငါ့အသက် (၉၀)ပြည့်တော့မယ်ဟ။ ဒီလိုအဖြစ်မျိုး တစ်ခါမှ မကြုံဖူးခဲ့ဘူး။ သွားစနည်းနာ ကြည့်ရဦးမယ်" ဟုပြောဆိုလျှက် တုန်တုန်ချိချိဖြင့် မပိုင်းစိန်တို့အိမ်ဘက်သို့ ထွက်ခွာသွားလေတော့၏။

ထိုအချိန် မှဆိုးမ မပိုင်းစိန်အိမ်ပေါ်၌မူ သူကြီးဦးဘိုးထွန်း အပါအဝင် အသက်ကြီးပိုင်း လူကြီးများဖြစ်ကြသော အဘထွန်းညို၊ အဘချစ်စိန်၊ ဦးသာဒွန်း၊ ဦးထွေးမောင်တို့မှာ မောင်ဖိုးထူးအား တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းမေးမြန်း နေကြကုန်လေ၏။

"ကဲ...ကဲ...မောင်ဖိုးထူး မင်းဖြစ်ခဲ့တဲ့ပုံကို အဘတို့ကို ပြောပြစမ်းပါဦး။ မင်းနဲ့အတူ ဘယ်သူတွေပါသေးတုံး။ သူတို့ရော မမြင်လိုက်ရဘူးလားကွ။ မင်းတွေ့လိုက်ရတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုံစံမျိုးတုံးကွ...ဟေ"

"ဟို...ဟို"

"အာ...ကိုထွန်းညို ခင်ဗျားမေးပုံက ကလေးဘာဖြေရမှန်း မသိ ဖြစ်တော့မှပေါ့ဗျ။ နားလည်အောင် တစ်ခုချင်း မေးမှပေါ့ဗျာ"

ဝင်ပြောလိုက်သော အဘချစ်စိန်ကို အဘထွန်းညိုက မကျေမနပ်တစ်ချက် ကြည့်လိုက်လေ၏။ ပြီးမှ မျက်မှောင်ကို ကုတ်လျှက်

"ဟာ...ငါကဒီလို မမေးလို့ ဘယ်လိုမေးရမှာတုံးကွ ချစ်စိန်ရ"

"မဟုတ်ဘူးလေဗျာ မေးခွန်းတွေများရင် နားရှုပ်ပြီး ကလေးက ဘယ်ကစပြီး ဖြေရမှန်းမသိမှာစိုးလို့ ပြောတာပျ"

"ဗမာစကားပဲကွာ။ ဒီလောက်တော့ နားလည်မှာပါကွ"

"တစ်ခုချင်းမေးတော့ ဖြေရတဲ့လူ နားရှင်းတာပေါ့ဗျာ"

"ဟိတ်ကောင် ချစ်စိန် မင်းနေရာတကာ ငါ့အပေါ်မှာ ဣဿာ မစ္ဆရိယစိတ် အတော်ပွားနေပါလား‌ကွ ဟေ"

"အာ...ခင်ဗျား"

ခမည်းခမက်ပင် ဖြစ်သောငြား နဂိုကတည်းက သားရေးသမီးရေးလယ်အရေး ယာအရေးများကြောင့် တစ်ယောက်နှင့် တစ်ယောက်မတည့်ကြသော အဘထွန်းညိုနှင့် အဘချစ်စိန်တို့ကြား မနေသာတော့သဖြင့် သူကြီးဦးဘိုးထွန်းက ဝင်ရောက်ကာ ဟန့်တားလိုက်ရတော့၏။

"တော်ကြပါတော့ဗျာ။ အဘတို့ငယ်ကြတဲ့ အရွယ်တွေလည်း မဟုတ်တော့ဘူး။ ခလေးတွေရှေ့ အချင်းများနေလို့ မတော်မရော်ဗျာ"

"မဟုတ်ပါဘူး မောင်ဘိုးထွန်းက ငါကစေတနာနဲ့ ပြောတဲ့ဟာ တကယ်တမ်း ဣဿာမစ္ဆိယစိတ်မွေးနေတာသူကွ"

"ဘာကွ"

"ကိုင်း...ကိုင်း တော်ကြပါဗျာ။ တော်ကြပါ။ အဘချစ်စိန်ရော၊ အဘထွန်းညိုရော ကြားကနေ ကျုပ်ကပဲ တောင်းပန်ပါတယ်ဗျာ။

ကဲကဲ...ကိုသာဒွန်း ခင်ဗျားပဲ ဖိုးထူးကို ကျကျနန ရှေလည်အောင် မေးစမ်းဗျာ"

မိမိထက်ဝါရင့်သော လူကြီးနှစ်ယောက်ရှိနေသဖြင့် အသာငြိမ်နေရသော စာဟောဆရာတစ်ပိုင်းဖြစ်သည့် ဦးသာဒွန်းတစ်ယောက် သူကြီးအမိန့်ကြောင့် ခေါင်းထောင်ထသွားရလေတော့၏။ ထို့ကြောင့် လည်ချောင်းကို တစ်ချက်ရှင်းလျှက်...

"အဟာမ်း ဖြေရတဲ့သူလည်း နားမရှုပ်ရလေအောင် အဟာမ်း အဟာမ်း နားထောင်နေကြတဲ့ လူအများလည်း လုံးစေ့ပတ်စေ့ ကျကျနန နားရှင်းရလေအောင် မေးရရင်ဖြင့် ဒီလိုရှိတယ် မောင်ဖိုးထူးရဲ့ အခု မောင်ဖိုးထူး ကြုံကြိုက်တွေ့ဆုံခဲ့ရတဲ့ အဖြစ်ဆန်းကို ဟောဒီက သူကြီး အပါအဝင် တစ်ရွာလုံးမှာရှိတဲ့ လူညီးနေလှေအောင်း မြင်းစောင်းမကျန် ဆိုသလို...လို...လို"

"တော်...ကိုသာဒွန်း"

ရုတ်တရက် အော်လိုက်သော သူကြီးအသံကြောင့် ဦးသာဒွန်းမှာ ပြောလက်စ စကားထစ်ထစ်ငေါ့ငေါ့ဖြင့် ရပ်တန့်သွားရလေတော့၏။

"ခင်ဗျားခိုင်းလိုက်မှ ပိုဆိုးနေပြီ။ ဘယ်နှယ့်ဗျာ မေးမယ့်ဟာ ဝေ့ဝိုက်နေလို့၊ တော်ပြီ ကျုပ်ကိုယ်ဘိုင်ပဲ မေးတော့မယ်"

သူကြီး ဦးဘိုးထွန်းမှာ ဒေါသဖြစ်လျှက် ဦးသာဒွန်းကို စွေ့စောင်းကြည့်ကာ ထိုအချိန် မျက်လုံးကလေး ပေကလပ် ပေကလပ်ဖြင့်

ရှိနေရှာသော ဖိုးထူးကို မေးချလိုက်လေတော့၏။

"ကဲ...ပြောစမ်းကွာ မောင်ဖိုးထူး။ မင်းစုံသမျှ အစအကြွေး ကို"

"ခင်...ခင်ဗျာ"

ထိုအချိန် သူကြီးဦးဘိုးထွန်းမှာ ဒေါသဖြစ်ဖြစ်ဖြင့် မေးလိုက် သည်ဖြစ်၍ မင်းကြုံသမျှ အစအဆုံးဟူသော စကားအစား စကားမှား၍ မင်းစုံသမျှ အစကြွေးဟု ဖြစ်သွားရလေကား။ နားထောင်လျှက်ရှိသော လူများမှာ ဝါးခနဲ ပတ်တုတ်၍မရအောင် ပွဲကျသွားကြရလေတော့၏။ ထိုအခါ သူကြီး၏ စကားအမှားကြောင့် လူကြီးများဖြစ်ကြသော အဘ ထွန်းညိုနှင့် အဘချစ်စိန်တို့ကပါ တစ်ခွိခွိရယ်မောကြသည်ဖြစ်ရာ သူကြီး ဦးဘိုးထွန်းမှာ ရှက်လွန်း၍ မျက်နှာကြီးတစ်ခုလုံး ရဲတက်သွားရလေ တော့၏။ ထိုအခါမှ တစ်ချိန်လုံး ငြိမ်သက်စွာရှိနေသော ကျောင်းဆရာ ကြီးဟောင်း ဦးထွေးမောင်မှာ မနေသာတော့ဘဲ ဝင်ရောက်လျှက်...

"ကဲကဲ...မောင်ဖိုးထူး မနက်က မင်းနွားကျောင်းရင်း ကြုံ တွေ့ခဲ့ရတဲ့ အဖြစ်အပျက်ကို ပြောပြစမ်းကွဲ့။ မကြောက်နဲ့ ပြောတတ်သလို ရဲရဲသာပြောကွဲ့ မောင်ဖိုးထူး"

ဟု မေးမြန်းလိုက်လေမှ မောင်ဖိုးထူးမှာ တောကလေးပိပိ လှုလန့်လျှက် ထိတ်လန့်နေရာမှ အနည်းငယ် အကြောက်ပြေ၍ ၎င်း ရွာအပြင်တောစပ်၌ နွားကျောင်းရင်း ကြုံတွေ့ခဲ့ရသော အဖြစ်ဆန်းကို

အသံတုန်တုန်ကလေးဖြင့် ပြောပြခဲ့လေတော့၏။

ထိုအခါ မောင်ဖိုးထူး ကံအားလျော်စွာ ကြုံတွေ့ခဲ့ရသော အဖြစ်ဆန်းမှာ လူတစ်သိန်းမှာတစ်ယောက် တစ်သက်တွင်တစ်ကိုယ် မကြုံမဖူး ကြုံခဲ့လှလျက် အလွန်တရာ ထူးခြားဆန်းကြယ်လှစွာသော ဖြစ်ရပ်တစ်ခုဖြစ်နေပေရာ နားထောင်နေကြသူ ကြားကြားသမျှ ရွာသူရွာသားအများမှာ ရင်သပ်ရှုမော အံ့သြနဘန်းဖြစ်ခဲ့ ကြရလေတော့၏။ ထိုအခါ လူတိုင်းပင် မောင်ဖိုးထူး ကြုံတွေ့ခဲ့ရသောအရာအား တစ်ယောက်တစ်မျိုးသော ထင်ကြေးများဖြင့် ရမ်းသမ်းပြောဆိုလျက် ရှိနေကြစဉ် လောကီပညာရပ်များတွင် နှံ့စပ်လှသော ရွာဦးကျောင်း ဆရာတော်ကြွလာလျက် အဖြေစကား မြွက်ကြားခဲ့သည်ရှိသော် ကြုံခဲလှစွာ ကြုံခဲ့သော်ငြား အရှယ်မရောက် ဗဟုသုတစွဲ မပြည့်စုံခဲ့ရသဖြင့် ကြီးမားလှသော အကျိုးထူးကြီးဖြင့် လွဲခဲ့ရရှာသူ မောင်ဖိုးထူး၏ အဖြစ်အား လူတိုင်းပင် အသဲအူနှလုံးကြား ပုရွက်အုံဝင်ခဲဘိသကဲ့သို့ ရင်ထဲကလိလိဖြစ်ကာ မရိုးမရွခံစားကြရလျက် တက်ခေါက်သူတစ်မျိုး သက်ပြင်းချသူတစ်သွယ် ကြိတ်ခဲမရ တငြီးငြီးတသူမခြားဖြင့် 'သဖန်းစု' ရွာသားတို့၏ ပါးစပ်ဖျား၌ မောင်ဖိုးထူး၏အဖြစ်အား ခေတ်အဆက်ဆက် ယနေ့ထက်တိုင်ပင် လက်ဆင့်ကမ်း ပြောဆိုနေကြဆဲပင် ရှိနေလေတော့ရာ မောင်ဖိုးထူး၏ အဖြစ်ဆန်းသည်ကား...

✦ ✦ ✦

ရိုးမတောင်ခြေရှိ သဖန်းစုရွာကလေးတွင် ဖိုးထူးမှာ မုဆိုးမ ဖြစ်သူ မိခင်မပိုင်းစိန်နှင့်အတူ နေထိုင်လျှက် ရွာထဲရှိနွားများအား အစားကျောင်းသူ နွားကျောင်းသားကလေး တစ်ယောက်ပင်ဖြစ်ပေ၏။ ထိုအခါ ရွာထဲ၌ ဖိုးထူးကဲ့သို့ အစားနွားကျောင်းသူ ရွယ်တူကောင် ကလေးများရှိလေရာ ၎င်းတို့မှာ ပေစူးနှင့်လှဖေတို့ပင်ဖြစ်ပြီး အလုပ်တူ ကစားဖက် သူငယ်ချင်းများပင် ဖြစ်လေတော့၏။ ထိုအခါ ရွာရှိ ကလေး များအားလုံးပင် ကျေးတောရွာကလေးများပီပီ ချို့တဲ့လှသော မိဘ အသီးသီး၏ အစီအမံဖြင့် ငယ်စဉ်ကာလ (၇)နှစ် (၈)နှစ်အရွယ်အထိ ဘုန်းကြီးကျောင်းတွင် နေထိုင်ခဲ့ကြရ၍ သေစာရှင်စာ ရေးတတ်ဖတ်တတ် ပြီးသည်နှင့် ကျောင်းမှထွက်ကာ မိဘတို့၏ လက်ငုတ်လက်ရင်း အလုပ် များကို ကူညီလုပ်ကိုင်လျှက် ဝမ်းတစ်ထွာအတွက် ရုန်းကန်ခဲ့ကြရရှာ လေ၏။ သို့ဖြစ်ရာ မိဘတို့လုပ်ကိုင်လျှက်ရှိသော လုပ်ငန်းအလိုက်အချို့ မှာ လယ်ထဲဆင်း၍၎င်း အချို့မှာ တောင်တက်ဓားခုတ် အလုပ်များ၌ ၎င်း အရွယ်မတိုင်မှီကပင် လုပ်ငန်းခွင်များသို့ ဝင်ကြရသည်ရှိသော် ဖိုးထူး၊ ပေစူးနှင့် လှဖေတို့မှာမူ လက်ငုတ်လက်ရင်း အလုပ်အကိုင်မျ ဘတို့ကြောင့် ရွာရှိနွားများကို အစားကျောင်းပေးရသည့် နွားကျောင်း သားအလုပ်ကို လုပ်ကိုင်ခဲ့ကြရခြင်းပင် ဖြစ်ပေတော့၏။ သို့ရာ၌ အရွယ် ရောက်သေးသော ကလေးများပီပီ အခြားသူများထက် လွတ်လပ်သော ားကျောင်းသားအလုပ်အား (၃)ယောက်စလုံးပင် ကျေနပ်ပျော်ရွှင်လျှက်

ရှိကြလေ၏။ ထိုအခါ ၎င်းတို့အနေဖြင့် ကျေနပ်ပျော်ရွှင်မည်ဆိုကလည်း အမှန်တကယ် ကျေနပ်ပျော်ရွှင်ဖွယ်ပါပေ။ အဘယ်ကြောင့်ဆိုသော် နွား ကျောင်းရင်း ရွာအပြင်ရှိတောထဲ၌ လေးဂွတစ်လက်စီဖြင့် ငှက်ပစ်၊ ပတက်လိုက်၊ ငါးရှာ၊ ဖားနှိုက်စသည်ဖြင့် လွတ်လပ်ပျော်ရွှင်ဖွယ် အလုပ် များကို လုပ်ကိုင်နိုင်သည့်အပြင် တစ်ခါတစ်ရံ၌ သစ်ပင်တက် စစ်တိုက် ကစားနည်းမျိုးစုံကိုလည်း ဆူသူမရှိ ငေါက်ငန်းမည့်သူဝေး ပျော်ချင် တိုင်းပျော် ဆော့ချင်တိုင်းဆော့ လွတ်လပ်ပျော်ရွှင်စွာ နေနိုင်ခြင်းများ ကြောင့်ပင် ဖြစ်ပေတော့၏။

သို့ရာ၌ တစ်ခုကိုတော့ဖြင့် ဖိုးထူးတို့အဖို့ များစွာဂရုစိုက်ကြ ရပေ၏။ ၎င်းကား မိမိတို့ကျောင်းသောနွားများ တစ်ပါးသူလယ်ကွင်းများ အတွင်းမရောက်ရန် မသွားရန်ပင်ဖြစ်ပေရာ။ အကယ်၍ ၎င်းတို့ထဲမှ နွားတစ်ကောင် လယ်ကွင်းထဲဝင်၍ စားမိပြီဆိုပါက လယ်ရှင်အလျော် တောင်းသောငွေကြေးကို မိမိတို့တစ်လလုံးလုံး နွားကျောင်း၍ရသော အဖိုးအခထက်မက ပေးရသည့်အပြင် မိဘတို့၏ အရိုးထပ်ကျောကော့ အောင် ရိုက်ခြင်းကိုပါ ခံကြရမည်ဖြစ်သောကြောင့်ပင်တည်း။

ထို့ကြောင့် ဖိုးထူးတို့မှာ မည်မျှပင် ဆော့ကမြင်းနေစေကာမူ နွားများအား လယ်ကွင်းများဘက်ဆီသို့ မသွားရန် မရောက်ရန်ကိုကား အထူးပင် သတိပြုကြည့်ရှုကာ နေကြရလေ၏။

သို့ဖြစ်ရာ တစ်မနက် အိမ်မှထုပ်ပေးလိုက်ကြသော ထမင်းထုပ်

ကိုယ်စီအား သစ်ပင်ရိပ်တစ်ခုတွင် စားနေလျက်မှ လှဖေက...

"ဟောကောင်တွေ ထမင်းလည်းစား နွားတွေလည်း ကြည့်ဦးဟ။ တော်ကြာ လယ်ထဲဆင်းသွားလို့ ဟုတ်ပေ့ဖြစ်နေဦးမယ်။ ဟိုပေစူးအုပ်ထဲက နကုတ်မနဲ့ ဂျီထောင်မနှစ်ကောင်ကို သတိထားကြကွ။ လစ်တာနဲ့ လယ်ဘက်ဆင်းဖို့လောက် ပြင်နေတဲ့ ဂန်းနာမတွေ"

ဟု သတိပေးပြောလိုက်လေရာ ဖိုးထူးကလည်း စားကျက်အတွင်းမှ နွားများကို ကြည့်ရင်းဖြင့် ...

"ဟုတ်တယ်ကွ... ခုတလော ဒီနှစ်ကောင် တော်တော်ဆိုးနေတယ်ကွ။ အရင်တစ်ခါ နကျားမကို သမသလို သမထားဦးမှနဲ့တူတယ်" ဟုပြောလိုက်လေ၏။

ထိုအခါ ထမင်းကို ပလုပ်ပလောင်းကျွေးနေသော ပေစူးက ဖိုးထူးအားကြည့်၍...

"မင်း သမလိုက်တာတော့ ဟုတ်ပါတယ် မောင်ရာ။ အဲဒီတုန်းက ဒွေးလေးမြစိန်က သူ့နကျားမမှာ အရှိုးတွေပါလာလို့ ငါ့ကိုကြိမ်းလိုက်တာမပြောပါတော့နဲ့ ကြည့်လည်းလုပ်ပါဦး ဖိုးထူးရာ"

ဟု ပြောလိုက်လေရကား လှဖေကလည်း...

"အေး... ဟုတ်တယ်ဟ အရင်တစ်ခါလည်း နယောင်ကြီးကို သမလိုက်လို့ ကိုဖိုးလုံးကြီးက သူကြီးသွားတိုင်တာ နောက်တစ်ခါ နွားရှင်တွေ မကျေနပ်ရင် အလျော်ပေးရမယ်လို့ သတိပေးထားတယ်ကွ။ ဒီတစ်ခါ

အရှိုးမပေါ်အောင် နကန်(နှင်တံ)နဲ့ မဆော်နဲ့ လေးဝွနဲ့ဆော်ကွာ''ဟု ပြောလိုက်လေ၏။ ထိုအခါ ဖိုးထူးက...

''အဲဒါမှ မျက်လုံးမျက်ဆန်မှန်ပြီး ကောင်လုံးဖိုးလျော်နေရလို့ ဟုတ်ပေ့ဖြစ်နေမယ်မောင်။ နက်နနဲ့ ဂျိုကိုသာ သမစမ်းပါ''ဟုပြောကာ ထမင်းစားပြီး၍ လက်ဆေးရန်အတွက် အနီးရှိ ကျွဲလူးအိုင်တစ်ခုဆီသို့ ဆင်းသွားလေတော့၏။

''ဒီနေ့ မင်းတို့နှစ်ကောင်အလှည့်နော် သတိထားပြီး ကြည့်ထား ကြ။ ငါသွားနပ်တော့မယ်''

ဟုပြောဆိုကာ ထနောင်းပင်အရိပ်ရှိ မြေပြန့်နေရာတစ်ခုဆီသို့ သွားရောက်ကာ ပင်စည် သစ်မြစ်ဆုံတစ်ခုအား ခေါင်းခု၍ လဲလျောင်း လိုက်လေတော့၏။ ထိုအခါ ဖိုးထူးတို့(၃)ဦးမှာ ထမင်းစားပြီး ခေတ္တ တစ်ရေးတမော အိပ်စက်အနားယူရန်အတွက် လယ်ကွင်းများဘက်သို့ ကျွံထွက်၍သွားတတ်သော နွားများရှိနေတတ်သည့်အတွက် နွားမောင်း ရန် အလှည့်ကျ ခွဲတမ်းချထားကြသည် ဖြစ်ရာ။ ယနေ့အဖို့ ထမင်းစားပြီး ခေတ္တလဲလျောင်း အနားယူသောအချိန်၌ ပေစူးနှင့် လှဖေတို့နှစ်ယောက် ၏အလှည့် ဖြစ်သဖြင့် ဖိုးထူးမှယခုကဲ့သို့ပြောကာ အဦးဆုံး ထနောင်း ပင်ရိပ်သို့ သွားရောက်ခဲ့ခြင်းပင် ဖြစ်ပေ၏။ သို့ဖြစ်ရာ ပေစူးနှင့် လှဖေ တို့နှစ်ယောက်မှာ အရိပ်ကောင်းလှသော ရွာဘက်နီးရာ သစ်ပင်ကြီးများ အောက်တွင် နားနေခွင့်မရှိတော့ဘဲ လယ်ကွင်း၊ ကသင်းရိုးများဘက်ရှိ

အတန်ငယ် အရိပ်ရသော သစ်ပင်ငယ်အရိပ်များ၌သာ တစ်ယောက်တစ်နေရာစီခွဲလျက် နွားများဆင်းလာလျှင် အသင့်မောင်းနှင်နိုင်ရန်အတွက် ခေတ္တနားနေရင်းဖြင့် စောင့်ကြည့်နေကြရလေတော့၏။

ထိုအခါ အရိပ်ကောင်းသော ထနောင်းပင်ရိပ်၌ တစ်ယောက်တည်း လဲလျောင်းလျက်ရှိသော ဖိုးထူးမှာ ထမင်းစားပြီးစ ဖြစ်သည့်အပြင် တစ်ဖြူးဖြူးတိုက်ခတ်လျက်ရှိသော လေနုအေးကလေးကြောင့် ခေတ္တမျှ မှေးခနဲ အိပ်ပျော်သွားရလေတော့၏။ ထို့နောက်မှ အိပ်ယာမှနိုးလတ်သည်ရှိသော် စားကျက်များအတွင်း ဟိုတစ်စု သည်တစ်စု ရှိနေကြသော နွားများနှင့် ပေရူးတို့နှစ်ယောက်ဘက်သို့ လှမ်းမျှော်ကာ ကြည့်ရှုမိလိုက်လေ၏။ ထိုမှတစ်ဖန် အနည်းငယ် ယွန်းစမျှသာလျှင်ရှိသေးသော နေကိုကြည့်ရှု၍ မိမိနားနေရန်အဖို့ အချိန်အတော်အတန် ရှိသေးသည့်အဖြစ်ကိုတွေးကာ ထနောင်းပင်သစ်မြစ်ဆုံပေါ်သို့ ရွှေ့ကာထိုင်လျက် လက်ထဲမှ နကန်(နှင်တံ)ကို မြေကြီးတွင်ထောက်ကိုင်ကာ တစ်ချက်မျှ သမ်းဝေလိုက်လေ၏။ ထို့နောက်မှ ဖိုးထူးသည် နားနေခွင့်ရှိနေသေးသည့် ယခုလိုအချိန်၌ မလှမ်းမကမ်းရှိ လက်ပံပင်ကြီးအောက်သို့ သွားရောက်ကာ ဖရက်များကို ပစ်ခတ်ရလျှင် ကောင်းလေသလော။ သို့တည်းမဟုတ် ယမန်နေ့က မိမိကြည့်ထားသော ဘကြီးထွန်းညိုတို့ လယ်ကွက်အနီးရှိ မြောင်ပေါက်ထဲသို့ သွားရောက်ကာ ငါးနှိုက်ရလျှင် ကောင်းမည်လောဟု စဉ်းစားရင်းဖြင့် လက်ထဲတွင်ကိုင်ထားသော နကန်နှင့် မြေကြီး

အားတောခြစ်တောင်ခြစ် ခြစ်နေမိလေ၏။ ထိုခဏ၌ပင်လျှင် ကောင်းကင်ထက်မှ ဝင်းခနဲလက်ခနဲဖြင့် အလင်းတန်းတစ်ခုသည် မိမိအနီးသို့ ရုတ်တရက် ကျလာလေရာ ဖိုးထူးမှာလန့်ဖျန့်လျှက် နကန်ကိုလွှတ်ချကာ မိမိအနီးသို့ကျလာသောအရာကို ကြက်သေသေလျှက် ကြည့်လိုက်မိလေတော့၏။ ထိုအခါ ဖကောတမျှရှိသော တလက်လက်အမှုန်စုများအဖြစ် တောက်ပလျှက်ရှိသော အရာတစ်ခုကို အံ့ဩထိတ်လန့်စွာ ဖိုးထူးမြင်တွေ့လိုက်ရလေတော့၏။ ဖိုးထူးမှာ ထူးဆန်းလှသော ထိုအချင်းအရာကို မျက်လုံးအပြူး ပါးစပ်အဟောင်းသားဖြင့် ကြည့်နေမိလေ၏။ တစ်ဖြည်းဖြည်းဖြင့် လူတစ်ယောက်၏ သဏ္ဌာန်သို့ပြောင်းလဲသွားလျှက် များမကြာမီ မိမိတစ်ခါဖူးမျှ မြင်ဖူးခြင်းမရှိခဲ့သော ထူးဆန်းလှသည့် အဝတ်အစားများနှင့် လူတစ်ယောက်၏ ပုံသဏ္ဌာန်ပီပြင်စွာ ဖြစ်ပေါ်လာလေတော့၏။ ထိုအခါ ၎င်းလူမှာ ဦးထုပ်ကဲ့သို့သော ခေါင်းဦးပေါင်းတစ်ခုနှင့် အနီရောင်လိုလို အညိုရောင်လိုလို တစ်လဲ့လဲ့ အရောင်အသွေးဆန်းကြယ်သော အဝတ်အစားများကို ဝတ်ဆင်ထားလေ၏။ အသားအရောင်မှာလည်း လူတစ်ယောက်၏ အသားအရောင်မျိုးမရှိဘဲ စိမ်းဖန့်ဖန့်အရောင်ဖြစ်ကာ မည်းနက်သော မျက်ခုံးမွေး၊ မုတ်ဆိတ်မွေးများနှင့် ပတ္တမြားနှစ်လုံးကဲ့သို့သော တစ်ဖျတ်ဖျတ် အရောင်ထွက်နေသည့် ရဲရဲနီနေလျှက်ရှိသော မျက်လုံးနှစ်လုံးရှိနေလေ၏။ ထိုအခါ အနီးတစ်ဝိုက်ဝန်းကျင်၌လည်း လွှန်စွာမှသင်းပျံ့မွှေးကြိုင်သော ရနံ့များထွက်ပေါ်နေ

လေရာ ဖိုးထူးမှာ ထူးဆန်းလှသော ထိုလူကိုကြည့်ကာ ကြက်သီးမွေးညှင်းများထ၍ ကြောက်စိတ်များ ဖြစ်ပေါ်လာလေတော့၏။ ထိုစဉ်ပင် ၎င်းထူးဆန်းလှသောလူက လက်ထဲတွင်ကိုင်ဆွဲထားသော အရောင်တစ်ဖျတ်ဖျတ်လက်နေသည့် ရွှေရောင်တုတ်လုံးတစ်ခုကို လက်နှစ်ဘက်ဖြင့်ကိုင်ကာ ဒူးထောက်လျက် တိုးညှင်းသော်လည်း လှိုက်သံကဲ့သို့ဖြစ်နေသော ထူးခြားသည့်အသံမျိုးဖြင့် ...

"မည်သို့သော အလိုရှိသဖြင့် ခေါ်ရပါသနည်း ဆရာအရှင်"

ဟုမေးမြန်းလိုက်လေရာ ဖိုးထူးမှာ ကြောက်ကြောက်လန့်လန့်ဖြင့် ...

"ကျုပ်...ကျုပ်မခေါ်ပါဘူး" တုန်ရင်စွာ ပြေလိုက်မိလေ၏။

ထိုအခါ ထူးဆန်းသောလူက ဖိုးထူးအား မော်ကြည့်လျက်

"သို့ဆိုမူ စီရင်အပ်သော အချုပ်အင်းအား ဖျက်ပေးပါလော ဆရာအရှင်"ဟုပြောလိုက်ပြန်လေရာ ဖိုးထူးမှာ ဇောချွေးများပြန်လျက် နားမလည်ဖြစ်ကာ"

"ဘာ...ဘာကို ဖျက်ပေးရမှာတုံး"ဟု မေးလိုက်မိလေ၏။

ထိုအခါ ထူးဆန်းသောလူက ဖိုးထူးရှေ့ရှိ မြေပြင်၌ခြစ်ထားသော အကြောင်းအရာများကို ကြည့်ကာ...

"ဆရာအရှင် ခြေရင်း မြေပထဝီတွင် စီရင်အပ်သော အချုပ်အင်းပါ ဆရာအရှင်"

ဟု ပြောလိုက်လေရာ ဖိုးထူးကြောက်ကြောက်လန့်လန့်ဖြင့် စဉ်းစားမနေတော့ဘဲ မြေပြင်ပေါ်ရှိ အရာများကို ကုန်းကာဖျက်ပေးလိုက်လေလျှင် ထူးဆန်းသောလူသည် ဖိုးထူးအား သုံးကြိမ်သုံးခါ အရိုအသေပြု၍ ရုတ်တရက် ကောင်းကင်ပေါ်သို့ အလင်းတန်းတစ်ခု အသွင်ဖြင့် ရွှန်းကနဲပျံတက်ကာ ပျောက်ကွယ်သွားလေတော့၏။

ထိုအခါမှ ဖိုးထူးသည်လည်း ထိတ်လန့်တကြားဖြင့် မိမိ၏ အဖော်များကိုပင် အမှတ်မရတော့ဘဲ ရွာဘက်ဆီသို့ ခြေကုန်သုတ်ခုန်းစိုင်းကာ ပြန်ပြေးလာခဲ့လေတော့သတည်း။

✦ ✦ ✦

ဖိုးထူးရွာထဲသို့ပြန်ရောက်၍ အုတ်အော်သောင်းနင်းဖြစ်ကာ လူကြီးများကမေးမြန်း၍ အကြောင်းစုံ သိသွားကြသောအခါ၌မူ အားလုံးပင် အံ့သြဘနန်း ဖြစ်ကြရလျှက် ဖိုးထူးတွေ့ကြုံခဲ့ရသော ထူးဆန်းသောလူအား တစ်ယောက်တစ်မျိုး အမျိုးမျိုးသောထင်ကြေးများပေး၍ ဆူညံစွာပြောဆိုနေကြတော့၏။

ထိုအခါ ပေစူးနှင့် လှဖေတို့အပါအဝင် ထိုအချိန် လယ်ထဲတွင် ကသင်ရိုးဖာလျှက်ရှိကြသော ကိုအုန်းမောင်၊ သာဆန်းနှင့် လယ်ကြားကသင်းကြားတွင် ကစွန်းရွက်နုတ်နေကြသော အပျိုကြီး မလုံးတင်၊ မိန်းမသူ သုံးလေးယောက်မှာလည်း ဖိုးထူးရှိနေရာ ထနောင်း

ပင်ဆီသို့ ကောင်းကင်မှ စူးရှလက်လက်သော အလင်းတန်းတစ်ခု ထိုးစိုက်ဆင်းသွားကြသည်ကိုငင်း၊ မျှားမကြာမီ အသံပြုလျှက် ပြန်တက်သွားသော အလင်းတန်းကိုငင်း၊ မိမိတို့မြင်တွေ့လိုက်ကြရပါကြောင်း ပြောဆိုကြရကား ဖိုးထူးကြုံတွေ့ခဲ့ရသော အဖြစ်အပျက်အား အထူးပင်အံ့ဩပြောဆို၍ မဆုံးအောင်ရှိနေကြလေတော့၏။ ထိုအခါ ရွာဦးကျောင်းဆရာတော် ဦးပဏ္ဍိတ ကြွလာသောအခါမှ အကြောင်းဆုံမေးမြန်း၍ သိရှိလေလျှင်...

"အိမ်း... လောကမှာ လူအယောက် တစ်သိန်းတောင် ဖိုးထူးလိုအဖြစ်မျိုးကြုံရဖို့ အလွန်ပဲခဲယဉ်းလှတော့တယ်။ နင်တို့တွေ ဗဟုသုတ စွဲဆိုတဲ့ အကြားအမြင် ဗဟုသုတ မရှိကြလေတော့ ဘာသိကြမှာတုံး။ အဲသဲဟာ ဖိုးထူး နကန်(နှင်တံ)နဲ့ မြေကြီးပေါ်မှာ ဟိုခြစ်ဒီခြစ် ခြစ်လိုက်တာဟာ ဝိဇ္ဇာမိုရ်ဇော်ဂျီအင်း မိသွားကြတာဟဲ့။ ရှေးတုန်းက ပညာရှင်တွေဟာ ဒီလိုပဲ အင်းနဲ့ကောင်းကင်မှာ သွားလာနေတဲ့ ဝိဇ္ဇာမိုရ်ဇော်ဂျီတွေကိုဖမ်းပြီး ကိုယ်လိုရာစေခိုင်းကြတယ်ဆိုတဲ့ အထောက်အထားတွေအများကြီးရှိမှပဲ။ အေးလေ ဖိုးထူးလို ကလေးမပြောနဲ့ နင်တို့လူကြီးတွေတောင် ဒါမျိုးတွေမှ မကြုံဖူးကြတာ။ ကံအားလျော်စွာ အကျိုးထူးကြီးရပါလျှက်နဲ့ မသိနားမလည်ရတဲ့အတွက် လက်လွတ်ဆုံးရှုံးသွားခဲ့ရတာတော့ တွေးကြည့်ရင် ရင်နာစရာပဲ ဟဲ့"

ဟု ဆရာတော်မှ စိတ်မကောင်းဟန်ဖြင့် ရေရွတ်လိုက်လေရာ အနီးတွင် လက်အုပ်ကလေးများ ချီလျှက်ရှိနေကြသော လူကြီးများထဲမှ

သူကြီး ဦးဘိုးထွန်းက...

"မှန်ပါ...ဘယ်လိုအကျိုးထူးကြီးမျိုးများ ရနိုင်ပါသလဲဘုရား"

ဟု ဆရာတော်ကို မရဲတရဲဖြင့် လျှောက်ထားလိုက်လေ၏။ ထိုအခါ ဆရာတော်က...

"ဟဲ့ ...ဘိုးထွန်းရဲ့ ကောင်းကင်မှာသွားနေတဲ့ ဝိဇ္ဇာမိုရ်ရှေ်ဂျီ လိုမျိုးပုဂ္ဂိုလ်ကို ကိုယ်လိုရာစေခိုင်းနိုင်ပြီဆိုမှတော့ နင်တို့ဘာလိုချင်သတုံး။ တစ်သက်စားမကုန်တဲ့ ရွှေလိုချင်သလား။ ငွေလိုချင်သလား။ ဒါမှမဟုတ် ကိုယ်ကိုယ်တိုင် ဘယ်လိုသိဒ္ဓိမျိုးကို ပြီးမြောက်ချင်သလဲ။ ကိုယ်ဖြစ်ချင်ရာ ကိုယ်တောင်းချင်တဲ့ဟာ လိုသလိုစေခိုင်းတောင်းယူလို့ ရနေမှာဟာဟဲ့ နင်တို့ကိုယ်တိုင် ဒီလောက်တုံးနေမှတော့ ဟို လူမဖြစ်သေးတဲ့ ဖိုးထူးလို ကလေးမျိုး ဝိဇ္ဇာမိုရ်ရှေ်ဂျီကို ကိုယ်တိုင်ကိုယ်ကျ မြင်ဖူးလိုက်ရတာပဲ တော်လှပေါ့ပဲဟယ်"

ဟု မိန့်ဆိုလျှက် ကျောင်းသို့ ပြန်ကြွသွားတော့လေရာ သူကြီး ဦးဘိုးထွန်းအပါအဝင် ဆရာတော် မိန့်ဆိုသွားခဲ့သော စကားများကို ကြားလိုက်ကြရကုန်သော 'သဖန်းစု' ရွာသား လူအများတို့မှာ ရှေ့တွင် ဖော်ပြပြီးခဲ့သည့်အတိုင်း အသဲအူနှလုံးကြားတွင် ပုရွက်အုံဝင် ဘီသကဲ့သို့ ရင်ထဲကလိလိဖြစ်ကာ မရိုးမရွခံစားကြရလျှက် မောင်ဖိုးထူး အစား တက်ခေါက်အံကြိတ်ကာ ခေတ်အဆက်ဆက် ယနေ့ထက်ထိတိုင် လက်ဆင့်ကမ်းပြောဆို၍ မဆုံးနိုင်အောင် ရှိနေခဲ့ကြရလေတော့သတည်း။

✦ ✦ ✦

# သင်္ချိုင်း

ဒိုဟာဖြစ်စဉ်

"စာရေးဆရာ မောင်မောင်ဦး သေဆုံးရသောဖြစ်စဉ်မှာ ကျွန်တော့်အတွက် ယနေ့ထိတိုင် ဝေခွဲ၍မရသော ဒွိဟဖြစ်စဉ်တစ်ရပ်အဖြစ် ရှိနေပါသည်။ ထိုအခါ မောင်မောင်ဦး သေဆုံးခဲ့ရခြင်းသည် မိမိကိုယ်တိုင် အဆုံးစီရင်သွားခဲ့သည်ဟု ခန့်မှန်းရန် မသေချာသကဲ့သို့ မတော်တဆ ဖြစ်ပွား ထိခိုက်ခဲ့ရသည်ဟု ပြောရန်လည်း မဓိုင်လုံလှပါပေ။

သို့တစေ မောင်မောင်ဦး သေဆုံးခဲ့ရသောဖြစ်စဉ်၌ တစ်စုံတစ်ရာဖော်ပြရန် ခဲယဉ်းလှသော ထူးဆန်းသည့် အကြောင်းတစ်စုံတစ်ရာကား အမှန်ပင်ရှိနေတော့သည်ဟု ကျွန်တော်ခြွင်းချက်မရှိ ယုံကြည်မိပါ၏"

အထက်ပါ စာသားများသည် ကျွန်တော်၏ ဒိုင်ယာရီစာအုပ်ထဲတွင် ကျွန်တော်ကိုယ်တိုင် ရေးသားမှတ်သားခဲ့သော စာသားများပင် ဖြစ်ပါသည်။ ထိုအချိန်က ကျွန်တော်သည် မီးရထားအင်ဂျင်နီယာ (သံလမ်း)ဌာန၌ တာဝန်ထမ်းဆောင်နေရင်း အငယ်တန်းအင်ဂျင်နီယာ(၂)

ရှာထောင်၏ လက်အောက်ခံ ကောလင်းမြို့ မီးရထားအင်ဂျင်နီယာဌာန (သံလမ်း)ရုံးသို့ ရောက်ရှိလာခဲ့စဉ်က ဖြစ်ပါသည်။ ထိုအခါ ကျွန်တော် ရောက်ရှိရာ ကောလင်းမြို့ရှိ စာရေးဆရာ မောင်မောင်ဦး၊ သူ့ကလောင် အမည် မောင်မောင်ဦး(ကောလင်း)မှာ ကျွန်တော်နှင့် မန္တလေး ဂျီတီအိုင် ကျောင်းတွင် အတူတကွ ဇာက်ရောက်ဖူးခဲ့သော သူငယ်ချင်းမိတ်ဆွေ တစ်ယောက်ပါပေ။ သို့ရာ၌ မောင်မောင်ဦးသည် ဂျီတီအိုင်ကျောင်းဆင်း ၌ ကျွန်တော်နှင့်အတူပင် AGTI (Civil) ဘွဲ့ကိုရရှိခဲ့သော်လည်း အစိုးရ အလုပ်များသာလျှင်မက အခြားမိမိဘွဲ့နှင့် သက်ဆိုင်သည့် ပုဂ္ဂိက အဆောက်အဦးပိုင်းများဆိုင်ရာ အင်ဂျင်နီယာအလုပ်ကို လုပ်ကိုင်ခဲ့ ခြင်းမရှိဘဲ ဝါသနာကြီးရာ အဆိုပါ စာရေးဆရာအလုပ်အား လုပ်ကိုင် ခဲ့ခြင်းပင်လျှင် သူ၏ပဌမဦးဆုံး ထူးခြားချက်တစ်ခု ဖြစ်ပါပေသည်။

ကျွန်တော် ကောလင်းမြို့သို့ ရောက်ရှိ၍ ဌာနဆိုင်ရာ လမ်း ဗိုလ်ကလေးအိမ်သို့ ပြောင်းရွှေ့ခဲ့ပြီး နောက်တစ်နေ့ မနက်တွင်ပင် သူငယ် ချင်းဖြစ်သူ မောင်မောင်ဦးနှင့် ဆုံတွေ့ခဲ့ရပါတော့သည်။

ထိုအခါ မောင်မောင်ဦးသည် ကျွန်တော့်အား ဝမ်းသာအားရ ဖက်လဲတကင်း ပွေ့ဖက်ကာ နှုတ်ဆက်ရင်းဖြင့် ...

"ငါမနေ့က ဒီဘက်ကို လမ်းလျှောက်လာရင်း မင်းလမ်းဗိုလ် လေးအိမ်ထဲ မီးရထားသံလမ်း အလုပ်သမားဝန်ထမ်းတွေ ပစ္စည်းတွေ သယ်ရွှေ့နေကြတာ မြင်ရသားကွ။ လမ်းဗိုလ်လေး အသစ်ပြောင်းလာ

ပါလားလို့တောင်တွေးပြီး ခဏရပ်ကြည့်နေမိသေးတယ်။ လက်စသပ်တော့ မင်းဖြစ်နေတာကိုးကွ ဟား...ဟား...ဟား...ဟား''

မောင်မောင်ဦးက ကျွန်တော့်ကို အားပါးတရပြောရင်း ရယ်မောလျှက် ဝမ်းသာနေဟန်ရှိနေပါသည်။ သို့အတွက် ကျွန်တော်မှလည်း

''ငါလည်း မင်းရှိနေတဲ့ ကောလင်းကို ပြောင်းလာရလို့ ဝမ်းသာနေတာ သူငယ်ချင်းရ။ အရေးထဲ မင်းပေးထားခဲ့တဲ့ လိပ်စာပျောက်သွားလို့ ဒီနေ့ပဲ နည်းနည်းပါးပါး စုံစမ်းကြည့်မလို့တောင် မှန်းထားတာ။ လိပ်စာထဲမှာ ရေကျော်အရပ်ဆိုတာတော့ မှတ်မိတယ်လေကွာ''

ဟု အမှန်အတိုင်း ကျွန်တော် စိတ်ကူးမိသည့်အတိုင်း ပြန်ပြောလိုက်ရပါသည်။

''ဟားဟား မင်းကတော့ ဖြစ်ရမယ်။ ရေကျော်ထဲမှာ စာရေးဆရာ မောင်မောင်ဦးဆိုရင် ကလေးအစ ခွေးအဆုံး ဆိုပါတော့ကွာ ဟဲဟဲ''

''ဘာလဲ မင်းမူးတိုင်း အမြဲတမ်းသောင်းကျန်းတတ်တဲ့ အကျင့်ကြောင့်ပဲ မဟုတ်လား''

ကျွန်တော့်စကားကြောင့် မောင်မောင်ဦး မျက်နှာစပ်ဖြဲဖြဲ ဖြစ်သွားရပါသည်။

''ဟဲ...ဟဲ...မင်းကလည်း ကျောင်းတုန်းကလိုတော့ ဟောဟောရမ်းရမ်း မဟုတ်တော့ပါဘူးကွာ။ နည်းနည်းပါးပါးပါ ဒါနဲ့မင်းအခု

ရုံးတန်းမတက်ရသေးဘူး မဟုတ်လား။ အချိန်ရရင် အေးအေးဆေးဆေး စကားပြောရအောင် လက်ဖက်ရည်ဆိုင်ဘက် သွားကြရအောင်ကွာ''

''ရပါတယ် မနေ့ညကတည်းက လမ်းဗိုလ်ကြီးဆီ ငါသတင်း ပို့ပြီးပါပြီ။ တစ်ရက်နှစ်ရက်လောက်တော့ ခဏနားနားနေနေ နေဦးတဲ့ ကွ။ ညနေပက်မှ အေအီးအန်(န်)ရုံးခဏသွားပြီး သတင်းပို့ရမယ်''

''အဲဒါပဲကွ ငါဌာနဆိုင်ရာ ဝန်ထမ်းတွေ အလုပ်ကို မလုပ်ချင် တာ ငါကအမြဲတမ်း "Free Man" အဖြစ်နေချင်တဲ့ အကောင်ကိုးကွ။ အခု ငါ့အလုပ်က လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးပဲ''

''ဒါတော့ တစ်ယောက်နဲ့ တစ်ယောက် ခံယူချက်ခြင်း ဘဝ ချင်းမှမတူတာကွာ။ ဆက်မပြောတော့နဲ့လာ . . . လက်ဖက်ရည်ဆိုင် သွားကြမယ်''

ကျွန်တော်သည် သူ့အကြောင်းကို သိနေသူပီပီ နောက်ထပ် ဝင်ရောက်လာမည့် (၃)နှစ်တာမျှ နားပူဒဏ်ခံခဲ့ရဖူးသော အတွေးအခေါ် သဘောတရား ဆိုက်ကိုဖီလိုဆိုဖီ အစရှိသည့် စိတ်ပျက်ဖွယ်စကားများကို ဦးစွာပရိကံပြုလျှက် လက်ဖက်ရည်ဆိုင်ဘက်သို့ မောင်မောင်ဦးအား အတင်းဆွဲခေါ်ခဲ့ရပါတော့သည်။

သို့ဖြင့် ကျွန်တော်တို့နှစ်ယောက် ဘူတာအဆင်းရှိ ခင်မောင်စိန် လက်ဖက်ရည်ဆိုင်တွင် ထိုင်ဖြစ်ကြသည်။ နှစ်ယောက်သား ကွဲကွာနေ ခဲ့သော ကာလများကြားမှ အလုပ်အကိုင် လူမှုရေးအခြေအနေများကို

မေးကြမြန်းကြ ပြောကြဆိုကြ ရယ်ကြမောကြဖြင့် လက်ဖက်ရည်ဆိုင်တွင် အချိန်တော်တော်ကြာမျှ ထိုင်ဖြစ်သွားသည်။ လက်ဖက်ရည်ဆိုင်မှထဖြစ်တော့လည်း မောင်မောင်ဦးက သူ့အိမ်ကိုသိရအောင်ဟုဆိုသဖြင့် ရေကျော်ရပ်ကွက်ထဲသို့ ကျွန်တော်လိုက်ပါသွားခဲ့ရပြန်သည်။ ခပ်ပြားပြား ပျဉ်ထောင်အိမ် သွပ်မိုးအုတ်ခံ မောင်မောင်ဦး အိမ်ကလေးက အတော်ပင်သပ်သပ်ရပ်ရပ် ရှိလှသည်။ အိမ်ရှေ့ ကျောက်စရစ်ခင်းလမ်းကလေးနှင့် တစ်ဘက်တစ်ချက်တွင် စိုက်ပျိုးထားသော ရောင်စုံပန်းပင်လေးများကလည်း မျက်စိပဒါသကျစရာပင်...

"မင်းအိမ်လေးက နေချင်စရာပဲကွ"

"ဟဲဟဲ ငါနေတဲ့အိမ်ပဲကွ ဒီလောက်တော့ ရှိမှာပေါ့"

မချီးကျူးရဲလောက်တဲ့ကောင်ဟုတွေးလျက် ကျွန်တော် ပြုံးလိုက်မိသည်။

"မင်းဦးလေး မိသားစုကရော ဒီမှာမနေဘူးလား"

ကျောင်းအတူ တက်စဉ်ကတည်းက မိဘများမရှိကြတော့ဘဲ ဦးလေးမိသားစုနဲ့ အတူနေထိုင်သည်ဟု သိထားသဖြင့် မေးလိုက်မိခြင်းပင်...

"မနေဘူးကွ။ သူတို့က အောင်မင်္ဂလာ ရပ်ကွက်ထဲမှာ နေကြတယ်။ အရင်တုန်းက ငါလည်းအဲဒီမှာ နေတာပဲ။ အခုဒီအိမ်က ငါ့မိဘ

တွေကျန်ခဲ့တဲ့အိမ်နဲ့ဝိုင်းကို ပြန်ရောင်းပြီး ဝယ်ထားတာလေ''

အိမ်ရှေ့ခန်းရှိ စားပွဲဝိုင်း၊ စာကြည့်စားပွဲနှင့် စာအုပ်ရှိ သပ်သပ်ရပ်ရပ်ရှိနေသော စာအုပ်များကို ကျွန်တော် လျှောက်ကြည့်နေမိသည်။ ရေးလက်စစာရွက်များနှင့် ရေးပြီးသား စာမူများကိုလည်း တွေ့ရသည်။

''မင်းတော်တော် စာရေးတဲ့အလုပ် ဖြစ်နေပါလားကွ''

''ဒီလိုပေါ့ကွာ။ ကိုယ်ဝါသနာပါတဲ့အလုပ်ကို လွတ်လွတ်လပ်လပ်လုပ်ခွင့်ရနေမှာကို။ ထိုင်ဦးကွာ အေးအေးဆေးဆေးပေါ့''

ကျွန်တော် သူညွှန်ပြရာ ဆက်တီကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်ပြီး...

''ဘယ်လိုလဲ မင်းစာရေးတဲ့အလုပ်က သုံးလောက်စွဲလောက်အောင်ရောရရဲ့လား''

''ငါတစ်ယောက်စာအဖို့ အတွက်တော့ အေးအေးဆေးဆေးပါပဲကွာ။ ဒါပေမယ့် နယ်ကဆိုတော့ စာမူပို့ရတဲ့ကိစ္စကတော့ နည်းနည်းပါးပါး အခက်အခဲရှိတာပေါ့''

မောင်မောင်ဦးက စာတိုက်မှတဆင့် ပို့ရသော စာမူကိစ္စများနှင့် တစ်ခါတရံ ကြုံတွေ့ရတတ်သော အခက်အခဲများအကြောင်းကို ပြောပြသည်။

''တစ်လောက ငါ့မိတ်ဆွေ စာပေအပေါင်းအသင်းတစ်ယောက်ကတောင် ငါ့ကို ရန်ကုန်ရွှေ့နေရင် ကောင်းတဲ့အကြောင်း ပြောခဲ့သေး

တယ်။ သူကိုယ်တိုင်လည်း ရန်ကုန် မြောက်ဥက္ကလာဘက်မှာ နေတဲ့လူကွ။ တစ်ခါတစ်လေတော့လည်း အဲဒီလိုစိတ်ကူးမျိုး ပေါက်မိသား။ ဒါပေမယ့် ကိုယ့်အရပ်ဒေသကို ခွဲဖို့ကျတော့လည်း မရဲဘူးဖြစ်နေတယ်။ မခွဲချင် တာပေါ့ကွာ"

"ဒါပေါ့ကွာ ကိုယ့်အရပ်ဒေသကို ခွဲချင်တဲ့လူတော့ ဘယ်သူရှိ ပါ့မလဲ။ ဒါပေမယ့်လို့ ဘဝအခြေအနေ လုပ်ငန်းတွေနဲ့ ပတ်သက်လာတဲ့ အခါမျိုးတွေ ကျတော့လည်း ခွဲကြရတာပါပဲ။ ပျော်ရာမှာမနေရ တော်ရာ မှာနေရဆိုသလိုပေါ့ကွာ"

ဤသို့လျှင် သူ့အိမ်ရောက်ပြန်တော့လည်း စကားဆက်များ မပြတ်။ နောက်ဆုံး ထမင်းစားပြီးမှ ပြန်ရန်အတင်းတားနေသည့်ကြားမှ ကျွန်တော်သူ့ကို မနည်းနှုတ်ဆက်ပြီး ပြန်ခဲ့ရတော့သည်။ သို့တိုင် ရုံး အားရက်များတိုင်း သူ့အိမ်သို့လာခဲ့ရန် ခြံပေါက်ဝသို့ရောက်သည်အထိ ပင် တစ်တွတ်တွတ် မှာကြားခဲ့သေး၏။

သို့သော် ကျွန်တော် ရုံးတက်လုပ်ငန်းခွင်သို့ ဝင်ရသည်နှင့် မောင်မောင်ဦးအိမ်သို့ တော်တော်နှင့် မရောက်ဖြစ်တော့။ အကြောင်း အရင်းကလည်းရှိသည်။

ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဟုပင် ဆိုရလေမည်လားမသိ။ ကျွန်တော် ကောလင်းဆက်ရှင်သို့ ရောက်ပြီးမှ ရထားတွေ ခဏခဏ လမ်းချော်ကျသည်။ အဆိုးဆုံးမှာ အထက်ဘက် ဘုံချောင်းနှင့် နမ်းခမ်း

ကြားကွေ့များပင်။ ထို့အတူ အောက်ဘက်ရှိ ပင့်သာနှင့် ချုပ်သင်း ကြားများ၌လည်း မကြာခဏဆိုသလို တွဲချော်ကျသော ကိစ္စများဖြစ်ပေါ် လာသည်။ ထိုအခါ ရွာထောင်တိုင်းရုံးမှ တိုင်းအင်ဂျင်နီယာ (DE) ကိုယ်တိုင်ပင် လမ်းပိုင်းဆိုင်ရာများကို လာရောက်စစ်ဆေး၍ လမ်းပိုင်း များအား စစ်ဆေးပြင်ဆင်ရန် ညွှန်ကြားလာပါတော့သည်။ သို့ဖြစ်ရာ ကောလင်း၌ ရုံးထိုင်နေသော လက်ထောက်တိုင်း အင်ဂျင်နီယာ (AEN) ကိုယ်တိုင်ပင် မနေသာတော့ဘဲ တွဲတစ်စီးဖြင့် လမ်းပိုင်းဆိုင်ရာများကို စစ်ဆေးရတော့သည်ဖြစ်ရာ ကျွန်တော်နှင့် အအန(၂)(သံလမ်း) လမ်းဗိုလ် ကြီးတို့မှာ အပိုင်းနှစ်ပိုင်းခွဲ၍ လမ်းပိုင်းပြင်ဆင်ခြင်း လုပ်ငန်းများကို လုပ်ကိုင်ရပါတော့သည်။ ထိုအခါ အငယ်တန်းအင်ဂျင်နီယာ(၂) အအန (၂)(သံလမ်း)လမ်းဗိုလ်ကြီးဖြစ်သော နီမွေးမှာ ကောလင်းဘူတာမှ အထက်ပိုင်း ဝန်းသို၊ ကင်း၊ ဂျိုးထောင်၊ နမ်းခမ်းမှသည် ဆက်ရှင်အဆုံး ဖြစ်သည့် ဘုံချောင်းဘူတာအထိဒင်း။ အငယ်တန်းအင်ဂျင်နီယာ(၃) အအန(၃)သံလမ်း လမ်းဗိုလ်လေးကျွန်တော်မှာ အောက်ပိုင်း ကိုးတောင်ပို့ ဇော်ချောင်း၊ ပင့်သာ၊ ချုပ်သင်း လမ်းပိုင်းကိုဒင်း တာဝန်ယူရကာ သံလမ်းဝန်ထမ်း အလုပ်သမားများဖြင့် ကွေ့ဆွဲခြင်း၊ ကိုက်ချိန်ခြင်း၊ လိုအပ်သော သံလမ်းနှင့် ဇလီဖားတုံးများ လဲလှယ်ခြင်း စသည့်အလုပ် များကို လိုင်းထွက်၍ လုပ်ကိုင်ရပါတော့သည်။ ထိုအခါ လမ်းဗိုလ်ကြီးမှာ နမ်းခမ်းတွင် စက်ထော်လီတစ်စင်းဖြင့် စခန်းထိုင်ကာ ကျွန်တော်မှာ

ချုပ်သင်းတွင် သောင်တင်လျှက် တစ်ခါတစ်ရံ လုပ်ငန်းပြီးစီးမှု၊ ရိတန်းနှင့် ဝန်ထမ်းလစာဘေများတွင် လက်မှတ်ထိုးရန် ကိစ္စများပေါ်ပေါက်လာသောအခါမျိုးများမှ ကောလင်းရုံးသို့ပြန်၍ စာရေးကြီး TK ထံသို့လက်မှတ်လာထိုးပေးရင်းဖြင့် ကိုယ့်အိမ်တွင် တစ်ညတာမျှ အိပ်နားနေခွင့်ရပါတော့သည်။ သို့သော် မနက်လင်းသည်နှင့် ကြုံရာရထားဖြင့် ကိုယ်တာဝန်ကျရာ ဆိုဒ်ထဲသို့ အပြေးတစ်ပိုင်း ပြန်ရသည်ဖြစ်ရာ အနီးသူငယ်ချင်းဖြစ်သူ မောင်မောင်ဦးထံသို့ အဘယ်မှာလျှင် ရောက်နိုင်ပါတော့လေမည်နည်း။

ဤသို့ဖြင့် ကျွန်တော်တို့မှာ (၂) လ (၃)လခန့် မနားမနေဖြင့် ဆိုဒ်ထဲတွင် လမ်းပြင်ဆင်ခြင်း အလုပ်များကို လုပ်ကိုင်ပြီးစီး၍ AEN မှလိုက်လံစစ်ဆေးကာ စိတ်တိုင်းကျ စိတ်ချရပြီဆိုမှ ကောလင်းသို့ ပြန်ဝင်ခဲ့ရပါတော့သည်။ သို့တိုင် တစ်နေ့တစ်ခါ လိုင်းထွက်၍ ကိုယ့်လမ်းပိုင်းများကို စစ်ဆေးရသော အလုပ်ကိုမူ မပြတ်လုပ်ကိုင်နေရဆဲပင် တစ်ခါတရံ နေမကောင်း ထိုင်မသာ ကိုယ်လက်မအီမသာဖြစ်မှ ကိုယ့်လက်အောက်ရှိ လုပ်သားခေါင်း၊ ဇာဝီလှည့်များကို တာဝန်ပေး၍ ခေတ္တနားနေရလေ၏။ လမ်းဗိုလ်လေးဘဝကား မလွယ်လှပါပေတကား။

ဤသို့ဖြင့် ရှားရှားပါးပါး ရရှိသော ရုံးနားရက်တစ်ရက်တွင်မူ ရေကျော်ရပ်ကွက်အတွင်းရှိ မောင်မောင်ဦးနေအိမ်သို့ တစ်ခေါက်ရောက်ရှိခဲ့ရလေတော့သည်။ ထိုအခါ ပထမရောက်ခဲ့သော အခေါက်နှင့် (၃)လ

ကျော်ကျော်မျှ ကြာသွားလေခဲ့ပြီ။ ထိုအခါ ပထမအခေါက်တုန်းကနှင့် မတူတော့ဘဲ ဖယိုဖရဲ ပစ္စလက္ခရှိသောအိမ်နှင့် မောင်မောင်ဦးကို မြင်တွေ့လိုက်ရသဖြင့် ကျွန်တော်အံ့ဩသွားရလေတော့၏။ မောင်မောင်ဦး၏ မျက်နှာမှာလည်း တစ်ခုခုကို စိတ်ရှုပ်ထွေးနေဟန် ရှိလေသည်။

"ဘယ်လိုဖြစ်တာလဲကွ မောင်မောင်ဦး။ ပစ္စည်းတွေလည်း ရှုပ်ပွလို့ပါလားကွာ။ ငါလည်း လိုင်းထွက်ပြီး ဆိုဒ်ထဲရောက်နေရလို့ မလာဖြစ်ခဲ့တာ လမ်းပိုင်းတွေ ပြင်နေရလို့ကွာ"

ကျွန်တော် သူ့ပုံစံကိုကြည့်ပြီး အံ့ဩစွာမေးလိုက်ကာ တစ်ဆက်တည်း မိမိမရောက်ဖြစ်ခဲ့သော အဖြစ်ကိုလည်း တောင်းပန်သလို ပြောလိုက်မိသည်။ မောင်မောင်ဦးကမူ ကျွန်တော့်ကိုမြင်သည်နှင့် ခပ်နွမ်းနွမ်းပြုံးပြရှာသည်။

"ရပါတယ်ကွာ။ မင်းမှ အလုပ်မအားတာပဲ။ မျှော်တော့မျှော်နေမိတာပေါ့ကွာ။ မင်းအိမ်ဘက်တောင် သုံးလေးခေါက် သွားကြည့်ခဲ့သေးတယ်"

"ဆောရီးကွာ သူငယ်ချင်း... မင်းကိုမှာသွားဖို့တောင် အချိန်မရလိုက်လို့ပါကွာ။ ဒါနဲ့ အခု... မင်း... "

ကျွန်တော်သူ့ကို ဘယ်လိုစမေးရမှန်းမသိအောင် ဖြစ်သွားရသည်။ တော်ရုံတန်ရုံ စိတ်ညစ်တတ်သော လူမျိုးမဟုတ်သဖြင့်လည်း စိတ်ထဲတွင် အနည်းငယ် ထူးဆန်းသလို ဖြစ်နေမိ၏။

"ငါ ထူးထူးဆန်းဆန်း ဖြစ်ရပ်တစ်ခုနဲ့ ကြုံတွေ့နေရတယ် သူငယ်ချင်း"

"ဘယ်လို"

ကျွန်တော် မောင်မောင်ဦး စကားကြောင့် အံ့ဩစိတ်ဝင်စား သွားရလေသည်။

"ဟုတ်တယ်... ဖိုးကျော် ငါလည်း ကိုယ့်ကိုယ်ကို တော်တော် လေး အံ့ဩနေရတယ်။ ပြီးတော့ နားမလည်နိုင်အောင်လည်း ဖြစ်နေရ တယ်။ အတော်တော့ စိတ်ရှုပ်စရာအကောင်းသားကွ။ ခက်တာက ငါ ကလည်း ငါ့အကျင့်ကို မဖျောက်နိုင်သလိုဖြစ်နေတယ်။ လက်မခံလို့လည်း မဖြစ်ပြန်ဘူး။ အခု ဒါပါနဲ့ဆို သုံးကြိမ်တိတိ ဖြစ်နေပြီကွ"

ကျွန်တော်... သူဘာတွေပြော၍ ဘာတွေဆိုလိုနေမှန်း နား မလည်တော့။ သို့ဖြစ်၍ မျက်မှောင်ကုတ်ကာ မေးလိုက်မိတော့သည်။

"မင်းဘာတွေကို ပြောနေတာတုံးကွ။ ငါ့ကိုလည်း နားရှင်း အောင် ပြောပြဦးလေကွာ"

ထိုအခါမှ မောင်မောင်ဦးသည် သူ့ကိုယ်သူ သတိထားမိသွားဟန် ရှိလေသည်။

"ဆောရီး သူငယ်ချင်း ငါ့စိတ်တွေ အရမ်းလောကြီးသွားတယ် ဒီလိုကွ"

✦ ✦ ✦

တကယ်တော့ ယခုဖြစ်စဉ် အားလုံး၏ အဓိကတရားခံသည် မောင်မောင်ဦး ဆိုသောသူပင်ဖြစ်သည်။ သို့သော်လည်း စာရေးဆရာ တစ်ဦးဖြစ်နေသော သူ့အတွက် ထိုသို့သော အကျင့်တစ်ခု ရှိနေသည် မှာလည်း အပြစ်ဆိုရှုမရပြန်ပါပေ။ ဤသည်မှာ စာရေးဆရာ (၁၀)ဦးတွင် အနည်းဆုံး (၈)ဦးခန့်တော့။ သူကဲ့သို့ အကျင့်မျိုးပင် ရှိနေမည်မှာလည်း မလွဲဟု သူထင်မိပြန်ပါသည်။

စင်စစ်တော့လည်း သူ့အကျင့်က သမရိုးကျ ဖြစ်ရိုးဖြစ်စဉ် တစ်ခုရယ်ပါလေ။ သို့အတွက်လည်း မောင်မောင်ဦးတစ်ယောက် ကိုယ့် ကိုယ်ကိုတော့ သူယခုကြုံတွေ့နေရသော အဖြစ်အပျက်များအပေါ်၌ အပြစ်တစ်ခု လုပ်မိသည်ဟူသော စိတ်မျိုးတော့ဖြင့် မဝင်ခဲ့မိပေ။

သို့ရာ၌ ခက်နေသည်က မိမိကိုယ်တိုင် စာရေးဆရာတစ် ယောက်ပီပီ ကိုယ့်အတွက်ဖြင့် သူတစ်ပါးနစ်နာထိခိုက်မည့် ပုံစံမျိုး။ ကိုယ့်ပယောဂအတွက် အခြားသူတစ်ယောက် ဆုံးရှုံးရသော အဖြစ်မျိုး များအား လက်မခံနိုင်ခြင်းကြောင့်သာလျှင် ယခုကဲ့သို့ ခံစားနေရခြင်း ဖြစ်ပါပေသည်။

သို့ဆိုမူ သူ၏သမရိုးကျဖြစ်ရိုးဖြစ်စဉ် အကျင့်က ဘယ်လို

အကျင့်မျိုးလဲလို့မေးအံ့။

ဘာမှထူးဆန်းမှုမရှိပါ။ ဆိုခဲ့သည့်အတိုင်း စာရေးဆရာ (၁၀)ဦး တွင် (၈)ဦးခန့် ရှိလေ့ရှိထရှိသော မိမိ၏ဇာတ်လမ်း ဝတ္ထုများအတွက် ရင်းနှီးသည့် မိတ်ဆွေ အပေါင်းအသင်းများ ပြောပြလေ့ရှိသည့် ဘဝဇာတ် ကြောင်းများကို ကုန်ကြမ်းအဖြစ် အသုံးပြုလေ့ရှိသော အကျင့်တစ်ခုပင် ဖြစ်ပါပေ၏။

စာရေးဆရာတစ်ယောက်ဖြစ်သော သူ့ကိုရင်းနှီးသည့် မိတ်ဆွေ အပေါင်းအသင်း သင်္ဂဟာများစွာက သူတို့တွေ့ကြုံဆုံတွေ့ခဲ့ရသမျှသော အကြောင်းအရာ ဇာတ်လမ်းအစုံစုံကို ရင်ဖွင့်ပြောပြတတ်ကြသည်။

ထိုအခါ မောင်မောင်ဦးကလည်း သူ့အကျင့်အတိုင်း သူတို့ ဘဝအဖြစ်အပျက်တွေကို အခြေခံ၍ ဝတ္ထုဇာတ်လမ်းတစ်ခုကို အစပျိုး လိုက်သည်။ ဇာတ်ကောင်တွေကို ကလောင်စွမ်းဖြင့် ပီပီပြင်ပြင် သရုပ် ဆောင်ခိုင်းလိုက်သည်။ ဇာတ်လမ်းကို ဖွဲ့နွဲ့မွမ်းထုံ၍ စာဖတ်သူတို့ စွဲမက် စိတ်ဝင်စားအောင် စာပန်းချီဖြင့် ချယ်သပြီး နောက်ဆုံးဝတ္ထု၏ အဆုံး ပိုင်းကို မိမိစိတ်ကြိုက် ဖန်တည်းကာ ဇာတ်သိမ်းပေးလိုက်သည်။ ဒါ သူ့အကျင့် စာရေးဆရာအများစု သမရိုးကျ ဖြစ်ရိုးဖြစ်စဉ်အကျင့်တစ်ခု ယခင်က ဘာမှပြဿနာမရှိခဲ့။

သို့သော် ယခုမူ မမျှော်လင့်ဘဲ ထိုအကျင့်ကသည်စ၍ ထူးထူး ဆန်းဆန်း အဖြစ်အပျက်များ စတင်ဖြစ်ပျက်လာတော့သည်။ ထိုအခါ

ထူးထူးဆန်းဆန်း အဖြစ်အပျက်ကို ပထမဦးဆုံး ဖြစ်ပွားစေခဲ့သူကတော့ ကိုစိန်ဝင်းဆိုသည့် သူနှင့်အိမ်နီးနားချင်း ပုဂ္ဂိုလ်တစ်ဦးပင်ဖြစ်သည်။

ကိုစိန်ဝင်းမှာ မောင်မောင်ဦးထက် အသက်(၂)နှစ်ခန့်သာကြီး၍ ဆန်ကုန်သည်တစ်ဦးပါပေ။ သို့အတွက် အများအားဖြင့် ဆန်အိတ်များနှင့်အတူ ရွှေဘို–မြစ်ကြီးနား ခေါက်တုန့်ခေါက်ပြန် သွားလာနေသူတစ်ယောက်ဖြစ်လေသည်။ ထိုအခါ ကိုစိန်ဝင်း၏ အမျိုးသမီးမှာ ကိုစိန်ဝင်းထက် အသက်(၁၆)နှစ်ခန့်ငယ်၍ အသက်(၂၀)ခန့်သာရှိသော မိန်းမချောလေးတစ်ယောက်ဖြစ်သည်။ မိန်းမငယ်ငယ်လေးယူထားတတ်သော လူတို့၏ထုံးစံအတိုင်း ကိုစိန်ဝင်းမှာ သူ့မိန်းမကို အမြဲတမ်းစိတ်မချ။ သည်ကြားထဲ အမြဲလိုလိုပင် ခရီးသွားနေရသဖြင့် ပိုဆိုးတော့သည်။ ကိုစိန်ဝင်း ခရီးမှပြန်ရောက်တိုင်း သူတို့အိမ်ဖက်မှ ဆူဆူညံညံအသံများ အမြဲတမ်းလိုလို ကြားနေရစမြဲပင်။ ထိုကဲ့သို့သော အခါမျိုး၌ ရင်းနှီးနေသော သူနှင့်လက်ဖက်ရည်ဆိုင် ထိုင်မိတိုင်း ကိုစိန်ဝင်းက ရင်ဖွင့်တတ်သည်။

"တကယ်ကွာ ငါ့အတွေးအခေါ် တော်တော်မှားသွားတယ်။ မောင်မောင်ဦးရ အမှန်ဆို ကိုယ်နဲ့သက်တူရွယ်တူ မိန်းမတစ်ယောက်ကို ယူမိလိုက်ရင် ဒီလိုစိတ်ညစ်စရာတွေနဲ့ ကြုံရမှာမဟုတ်ဘူး။ အလကားကွာ ယောကျ်ားရာသမျှ သုံးဖြုန်း၊ ဝယ်လိုက်တဲ့ အဝတ်အစားဆိုတာလည်း မပြောပါတော့နဲ့။ အိမ်အလုပ်ကျတော့ ဘာတစ်ခုမှ ဟုတ်တိပတ်တိ

မလုပ်တတ်ဘူး။ ခရီးထွက်လို့ ပြန်လာရင် အဝတ်အညစ်တွေက အပုံလိုက် တော်တော်စိတ်ညစ်ရပါကွာ။ ကိုယ်ကလည်း မပြတ်နိုင်တော့ ဒုက္ခတော်တော်ကြီးပါတယ်ကွာ''

ထိုစဉ်က မောင်မောင်ဦး ဘာမှဝင်မပြောခဲ့။ ကိုစိန်ဝင်းပြောသမျှ ငြိမ်ပြီးနားထောင်နေခဲ့သည်။ သို့သော် စိတ်ထဲမှာမူ ငယ်ငယ်ချောချော မိန်းမလေးအား ကိုစိန်ဝင်း မည်သည့်နည်းနှင့်မျှ စွန့်မပစ်နိုင်ဟု တွေးခဲ့မိလေသည်။

ဤသို့ဖြင့် များမကြာ မောင်မောင်ဦး ကိုစိန်ဝင်း၏ အိမ်ထောင်ရေးအကြောင်းကို အခြေခံ၍ ဇာတ်လမ်းတစ်ပုဒ် ရေးလိုက်တော့သည်။ ဇာတ်ကောင်မှာ မိမိထက် ငယ်ရွယ်သော အမျိုးသမီး တစ်ယောက်နှင့် အိမ်ထောင်ပြုခဲ့မိသည်။ ငယ်ရွယ်၍ အိမ်ထောင်မှုနားမလည်သော ဇနီးအတွက် စိတ်မချမ်းမသာ ဖြစ်နေခဲ့ရလေသည်။ ထိုအချိန် မိမိနှင့်ကျောင်းနေဖက် သူငယ်ချင်း အမျိုးသမီးတစ်ယောက်နှင့် မမျှော်လင့်ဘဲ ပြန်ဆုံတွေ့ခဲ့ကြကာ မပြေလည်သော အိမ်ထောင်ရေးအကြောင်းကို ပြောပြပြီး သူတို့နှစ်ယောက် သံယောဇဉ်ဖြစ်သွားခဲ့ကြသည်။ ထိုအခါ သူငယ်ချင်းဖြစ်သူ အမျိုးသမီးမှာ ငယ်ငယ်ကတည်းကပင် အိမ်ထောင်ရှင် အမျိုးသားအပေါ်၌ ကြိတ်ကာမြတ်နိုးနေခဲ့သူ တစ်ယောက်ဖြစ်ကာ ယခုထက်ထိ အိမ်ထောင်မပြုဘဲ ကျောင်းဆရာမအလုပ်ကို လုပ်ကိုင်နေသူလည်းဖြစ်သည်။ နောက်ဆုံး၌ မောင်မောင်ဦးသည် သူ့ဇာတ်လမ်းထဲမှ

အိမ်ထောင်ရှင်အမျိုးသားကို အရွယ်ချင်းတူ စာနာနားလည်တတ်သည့် ဆရာမနှင့် ပေးစားပစ်လိုက်ပြီး စွန့်ခွာခြင်းခံခဲ့ရကာ အိမ်ထောင်မှုကို ကောင်းစွာ မထိန်းသိမ်းတတ်သော ဇနီးအမျိုးသမီးငယ်၏ နောင်တ မျက်ရည်စကားများဖြင့် သူ့ဝတ္ထုကို လှပသေသပ်စွာ အဆုံးသတ်ထား လေသည်။

မောင်မောင်ဦး သူ့ဝတ္ထုတိုလေးကို စာတိုက်မှတဆင့် သူပို့နေကျ မဂ္ဂဇင်းတိုက်သို့ လှမ်းပို့လိုက်သည်။ တစ်ပတ်မျှရှိ၍ စာမူလက်ခံရရှိသော အခါ သူ ကိုစိန်ဝင်းတို့အိမ်ဘက်သို့ သွားရောက်ခဲ့တော့သည်။ ကိုစိန်ဝင်း ရှိနေလျှင် သူ့ဝတ္ထုတိုလေးအကြောင်းကို ပြောပြပြီး လက်ဖက်ရည်တိုက် ရန်အတွက်ပင်ဖြစ်သည်။ သို့သော် ကိုစိန်ဝင်းကို သူမတွေ့ရ ဝိုထားသဖြင့် မျက်ခွံများ နီရဲမို့အစ်လျက်ရှိသော ကိုစိန်ဝင်းမိန်းမဖြစ်သူ ထွက်၍တွေ့လာ သည်။ ထို့နောက် မောင်မောင်ဦးအားငို၍ သူ့ယောကျ်ား ကိုစိန်ဝင်းတစ် ယောက် ရွှေဘိုမှ ဆရာမတစ်ယောက်နှင့် လက်ထပ်သွားကြောင်း အိမ် အပါအဝင် ပစ္စည်းများကို မိမိအားပေးခဲ့ကြောင်းများကို ရှိုက်သံနှင့်အတူ ပြောပြပါလေတော့သည်။

"တကယ်တော့ ဒီလိုဖြစ်ရတာ သူ့အပြစ်မဟုတ်ပါဘူးရှင်။ ကျွန်မအပြစ်ပါ။ ကျွန်မအိမ်ထောင်သည် မိန်းကလေးဖြစ်ပါရက်နဲ့ အိမ် ထောင်သည်အလုပ်တွေကို စနစ်တကျ ထိမ်းထိမ်းသိမ်းသိမ်း မလုပ်ခဲ့လို့ အကိုကျွန်မကို စိတ်ပျက်သွားခဲ့တာပါပဲရှင်"

မောင်မောင်ဦးမှာ ကိုစိန်ဝင်းမိန်းမ ပြောပြနေသော အကြောင်းအရာများကို နားထောင်အပြီး အတော်ပင် အံ့အားသင့်သွားခဲ့ရလေသည်။ ဖြစ်နိုင်ခြေမရှိဘူးဟု ယူဆလျက် သူစိတ်ကူးယဉ်စွာ ရေးဖွဲ့ခဲ့သော ဇာတ်လမ်းတစ်ပုဒ်သည် အပြင်တွင် အမှန်တကယ် ဖြစ်ပွားသွားခဲ့ရလေပြီ။ မော်ငမောင်ဦး ကိုစိန်ဝင်းမိန်းမကို လိပ်ပြာမလုံစွာဖြင့် နှုတ်ဆက်ပြီး ပြန်ခဲ့ရလေတော့သည်။

သို့သော် တိုက်ပဲတိုက်ဆိုင်လွန်းလှပေသည်ဟု အံ့ဩလျက် မကြာမီ ထိုကိစ္စမေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့ရပြီးနောက် အလားတူဖြစ်ရပ်တစ်ခုက ထပ်ဖြစ်လာပြန်သည်။

ဒီတစ်ခါ မောင်မောင်ဦးကို ရင်ဖွင့်ခဲ့သူက ဝန်ထမ်းလူငယ်လေးတစ်ယောက်ပါပေ။ ထိုအခါ သူသည် သူငယ်ချင်းဖြစ်သူ မိန်းကလေးတစ်ယောက်အပေါ်တွင် အသည်းနှင့်အောင် တိတ်တခိုး မြတ်နိုးမိနေကြောင်းနှင့် မိမိနှင့်အတူ အခြားသူငယ်ချင်းတစ်ယောက်မှလည်း ထိုမိန်းကလေးအပေါ်တွင် မိမိနည်းတူ ချစ်နေသည့်အကြောင်း သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းလေးတစ်ခုကို မောင်မောင်ဦးအား ပြောပြခဲ့လေသည်။

"ကျွန်တော် သူ့အပေါ်မှာ ရင်နဲ့အမျှ ချစ်ရတာပါ အကိုရယ်။ ဒါပေမယ့် တစ်ဘက်က သူငယ်ချင်းဟာလည်း ကျွန်တော်အပေါ်မှာ သိပ်ကောင်းတဲ့ လူတစ်ယောက်ဖြစ်နေတယ်။ ကျွန်တော်ဘာလုပ်ရတော့မလဲ အကို။ အချစ်စစ်ဆိုတာ စွန့်လွှတ်အနစ်နာခံခြင်းဆိုရင်တော့

ကျွန်တော်ဟာ ရင်အကွဲခံပြီး သူတို့နှစ်ယောက်အပေါ်မှာ ကြည်ဖြူစွာနဲ့ ခွင့်လွှတ်ပြီး နောက်ဆုတ်ပေးရတော့မှာပေါ့နော်''

မျက်ရည်လေး တစ်ဝဲဝဲနှင့် ပြောပြနေရှာသော ဝန်ထမ်းကောင်လေး၏မျက်နှာကိုကြည့်ကာ မောင်မောင်ဦးပင် သနားသွားမိသည်။ သူ့မျက်နှာပေါ်၌ ကြေကွဲမှုတို့နှင့်အတူ ချစ်သူနှင့် သူငယ်ချင်းတို့အတွက် ရင်နာနာဖြင့် စွန့်လွှတ်အနစ်နာခံတော့မည့် သဏ္ဌာန်အရိပ်များကိုပင် မြင်တွေ့နေရသယောင်။

သူ ဝန်ထမ်းကောင်လေးကို ကြားဖူးနားဝ အချစ်စစ် အချစ်မှန်တို့၏ စွန့်လွှတ်အနစ်နာခံ အကျိုးလိုလား စေတနာအဖြူသက်သက် အရင်းခံမေတ္တာများအကြောင်းကို တတ်သမျှ မှတ်သမျှ ပြောပြခဲ့လိုက်သေးသည်။

ထို့နောက်တွင်တော့ သူ ဝန်ထမ်းကောင်လေး၏ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းလေးကို ကုန်ကြမ်းအဖြစ် အသုံးချ၍ ဂန္ထဝင်မြောက် အချစ်ဇာတ်လမ်းလေးတစ်ခုကို ဖန်တီးခဲ့ပြန်သည်။ သူ့ ဝတ္ထုထဲ၌ ဇာတ်ကောင် ကောင်လေးသည် ချစ်သူမိန်းကလေးနှင့် သူငယ်ချင်းအပေါ်တွင် စွန့်လွှတ်အနစ်နာခံကာ ရင်နာနာဖြင့် နောက်ဆုတ်ပေးခဲ့လေသည်။ သို့သော် များမကြာမီ သူငယ်ချင်းကောင်လေးမှာ ပိုက်ဆံရှိ သားသမီးပီပီ မူးယစ်ဆေးဝါးသုံးစွဲနေရင်း တာဝန်ရှိသူများမိ၍ ဆေးမှုဖြင့် ထောင်ကျသွားလျှက် ကျန်ရှိနေခဲ့သော ချစ်သူမိန်းကလေးနှင့် သူ့ဇာတ်ကောင်

ကောင်လေးကို ပေါင်းဖက်ပေးလိုက်လေသည်။ အချစ်စစ် အချစ်မှန် သူတို့၏ အနစ်နာခံ စေတနာ မေတ္တာရင်းမှန်၍ ပျော်ရွှင်စွာ ပေါင်းဖက်သွားခဲ့ကြရပုံအား ပီပီပြင်ပြင် ရေးဖွဲ့ထားသော ဝတ္ထုတိုအချစ်ဇာတ်လမ်းကောင်းလေးတစ်ပုဒ်ပါပေ။ သို့သော် မောင်မောင်ဦးတစ်ယောက် သူ့ဝတ္ထုတိုလေးအပေါ် ကြာရှည်စွာ ပီတိဖြစ်ခွင့်မရပါချေ။ အဘယ်ကြောင့်ဆိုမူ တစ်ပါတ်မပြည့်ခင်၌ပင် ထိုဝန်ထမ်းကောင်လေး ပြန်လည်ရောက်လာလျက် သူနှင့်သူ့ချစ်သူ ကောင်မလေးတို့ အဆင်ပြေသွားခဲ့ကြပုံကို ဝမ်းသာအားရဖြင့် ပြောပြလာပါတော့သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် သူ့စိတ်ကူးဖြင့် ဖန်တီးအဆုံးသတ်ပေးခဲ့သည့် ဇာတ်သိမ်းပိုင်းအတိုင်းပင် ဖြစ်နေပြန်ပါတော့သည်။

သည်တစ်ခါတော့ မောင်မောင်ဦးတစ်ယောက် အိမ်၌မပျော်နိုင်အောင် ဆန်းကြယ်လွန်းလှသော အပြစ်နှစ်ခုက နှိပ်စက်လျက် စာရေးရမှာကိုပင် ကြောက်နေမိလေတော့သည်။

သူ့စိတ်ကူး သူ့ဖန်တီးမှုများသည် သူတို့၏ ဖြစ်ပေါ်လာမည့် အနာဂါတ်များကို ကြိုတင်နိမိတ်ဖတ်ပေးနေသကဲ့ပင် ရှိနေလေပြီ။ သို့ဖြစ်ရာ ကုန်ကြမ်းပေးလာမည့် အပေါင်းအသင်း မိတ်ဆွေများကိုပင် သူတွေ့ရမည်ကို ရွံ့နေမိသည်။ သို့သော် သူစာရေးခြင်းအလုပ်နှင့် သူ့အကျင့်ကိုလည်း ပျောက်ပယ်စွန့်လွှတ်ပစ်ရန် မဖြစ်နိုင်ကြောင်း သူသိနေသည်။ ထို့အပြင် အဆိုးဆုံးမှာ လွန်ဆန်၍မရနိုင်သော ထူးဆန်းသည့် စွမ်းအင်

ဟစ်ခုက သူ့အပေါ်ဖိအားပေးစေခိုင်းနေသကဲ့သို့ ခံစားနေရခြင်းပင်။

ထို့နောက်မှ ကိုစိန်ဝင်းနှင့် ဝန်ထမ်းကောင်လေးတို့နှစ်ဦး၏ ဖြစ်စဉ်နှစ်ခုမှာ ကံအားလျော်စွာ နှစ်ထပ်ကွမ်း တိုက်ဆိုင်သွားခြင်းမျိုး လည်း ဖြစ်နိုင်ပေ၏ဆိုသော သံသယစိတ် အနည်းမျှဖြင့် သူပုံမှန်ဖြစ်နေ သည့် အခြေအနေမှန်ကို တိတိကျကျ သိရှိနိုင်စေမည့် စမ်းသပ်ချက် တစ်ခုကို လုပ်ကြည့်ရန် မောင်မောင်ဦး အကြံတစ်ခုရခဲ့တော့သည်။ ထိုအကြံမှာ နောက်ထပ်မိတ်ဆွေတစ်ယောက်ဆီမှ ကုန်ကြမ်းတစ်ခုကို ယူကာ သူဝတ္ထုရေးဖွဲ့ကြည့်မည်။ ထိုအခါ သူရေးဖွဲ့ရမည့် ဇာတ်လမ်းမှာ အပြင်လောကတွင် ဖြစ်နိုင်ရန် ခဲယဉ်းလှသော ဇာတ်လမ်းမျိုးဖြစ်ရမည်။ အရှင်းဆုံးဆိုရပါမူ လက်တွေ့အပြင်လောကတွင် ဖြစ်နေသော ဇာတ် ကောင်၏ဘဝနှင့် ဘယ်လိုနည်းနဲ့မျှ မဖြစ်နိုင်သော ဇာတ်လမ်းဆန်း တစ်ခုမျိုးကို ရေးဖွဲ့စမ်းသပ်ကြည့်ရှုရန်ပင် ဖြစ်ပါလေတော့သည်။

ထိုအခါ မောင်မောင်ဦး၏ အကြံအစည်ကို ဖြည့်ဆည်းပေး မည့် လူတစ်ဦးကလည်း အသင့်ပင် ပေါ်ပေါက်လာခဲ့သည်။ ထိုအချိန် ပေါ်ပေါက်လာခဲ့သူကတော့ မိဘနှစ်ဦးတို့၏ မပြေလည်သော အိမ်ထောင် ရေးကြားထဲတွင် စိတ်ညစ်နေရလျက် ဘဝကိုကိုယ်တိုင် ရုန်းကန်လှုပ်ရှား နေရရှာသော မောင်ဇော်ဝင်းဆိုသည့် လူငယ်တစ်ဖြစ်လေသည်။ ဘူတာရုံ ကုန်တင်ကုန်ချ အလုပ်သမားတစ်ယောက်အဖြစ် လုပ်ကိုင်နေရင်း မောင် မောင်ဦးနှင့် ရင်းနှီးလာခဲ့ခြင်းဖြစ်သည်။ စိတ်သဘောထား နူးညံ့၍

အမြဲပြုံးချိုနေသည့် မျက်နှာထားဖြင့် ခင်မင်ဖွယ် လူငယ်လေးတစ်ယောက် ပါပေ။ သို့ရာ၌ မောင်ဇော်ဝင်း၏ ဘဝကံအကျိုးပေးက မကောင်းလှ။ အဖေဖြစ်သူမှာ အရက်အားမိုးမလင်းသောက်လျက် မည်သည့်အလုပ် အကိုင်မှ လုပ်ကိုင်ခြင်းမရှိ၍ မိသားစုတာဝန်ကို အရွယ်မတိုင်ခင်ကပင် ရုန်းကန်ရှာဖွေခဲ့ရရှာကြောင်း သနားစဖွယ် ရင်ဖွင့်ပြောပြခဲ့ရှာသည်။

"(၇) တန်းနဲ့ ကျောင်းထွက်ခဲ့ရတဲ့ (၁၄)နှစ်အရွယ်ကစပြီး ဒီကုန်ထမ်းတဲ့အလုပ်ကို လုပ်ခဲ့ရတာ အကိုရ။ အခုဆို (၆)နှစ် (၇)နှစ် လောက်ရှိနေပြီ။ အဲဒီကတည်းက အဖေက ဘာအလုပ်မှ မလုပ်တော့ ဘာ။ ဒီကြားထဲ ကျွန်တော်ရတဲ့ လုပ်ခထဲက နေ့တိုင်း သူ့အရက်ဖိုးကို လည်း ပေးရသေးတယ်လေ။ အမေကလည်း ခက်ပါတယ် အကိုရာ ပေးသမျှ သောက်တယ်လို့ကို မရှိပါဘူး။ ဘယ်လောက်မလဲ။ သူက ဟို ဟာထိုး ဒီဟာထိုး သိပ်ဝါသနာပါတာကိုး။ ဒီကိစ္စနဲ့ပဲ သူတို့နှစ်ယောက် ခဏခဏ ရန်ဖြစ်နောင်ကျိန်ချနေကြရတာ။ အမေကလည်း အဖေ့ကို အလုပ်မလုပ်လို့ အရက်သောက်လို့။ တစ်ခါ အဖေကလည်း အမေ့ကို လောင်းကစားလုပ်လို့၊ အိမ်ရောက်ရင် တစ်ခါမှ စိတ်ချမ်းသာရတယ် မရှိပါဘူးဗျာ။ ကြားက ကျွန်တော်တို့မောင်နှမတွေ ကံဆိုးတာပေါ့။ နောက် တစ်နှစ်ဆို အလတ်မက (၁၀)တန်း တက်ရတော့မယ်လေ။ မိဘတွေ ဆိုတော့လည်း ပြောရတာ အခက်သားကလား။ တစ်ခါတစ်ခါ အိမ်က နေ ထွက်ပြေးသွားချင်စိတ်တောင် ပေါက်မိတယ်။ တကယ်ပါ အကိုရာ"

သူ... မောင်ဇော်ဝင်းကို နှစ်သိမ့်ပေးခဲ့ရပြန်ပါသည်။ မည်မျှ ပင် ဆိုးဝါးနေစေကာမူ မိဘတို့၏ မွေးကျေးဇူးတစ်ခုနှင့်ပင် ကျေးဇူး ဆပ်၍မကုန်နိုင်သော အနန္တဂိုဏ်းဝင်များဖြစ်ကြောင်း မိဘအပေါ်၌ အနစ်နာခံလုပ်ကျွေးနေသော သားလိမ္မာတစ်ယောက်အဖို့ တစ်ချိန်တွင် အကျိုးထူးများ ခံစားရမည်ဖြစ်ကြောင်း စသည်ဖြင့်ပေါ့လေ။

သို့ရာ၌ သူ အိမ်ပြန်ရောက်၍ မောင်ဇော်ဝင်း အကြောင်းကို အခြေခံ၍ ဝတ္ထုဇာတ်လမ်းလေးတစ်ခုကို ဖန်တီးရေးသားခဲ့သောအခါ၌မူ ဆိုးဝါးလှသော မိဘနှစ်ယောက်ကြားတွင် အိမ်ထောင်တာဝန်ကို ထမ်း ဆောင်နေရှာသည့် သူ့ဇာတ်ကောင် လူငယ်လေးကို မကျေနပ်စိတ်များ ဖိစီး၍ အဖေဖြစ်သူ အရက်သမား ဖခင်ကို မိုက်မိုက်မဲမဲ ဓားဖြင့် ထိုး သတ်ခဲ့လိုက်သော ပုံစံမျိုးဖန်တီးပစ်လိုက်သည်။ မတတ်နိုင် ယခု သူ ဖန်တီးသောဇာတ်လမ်းမှာ လုံးဝမဖြစ်နိုင်သော အခြေခံကျသော သဘာဝ နှင့်မကိုက်ညီသော ဇာတ်လမ်းတစ်ခု ဖြစ်နေရမည် မဟုတ်ပါလော။

မောင်ဇော်ဝင်းကဲ့သို့ စိတ်သဘောထား နူးညံ့ချိုသာလွန်းသော လူငယ်လေးတစ်ယောက် အနေနှင့်လည်း ထိုကဲ့သို့သော ခေတ်သစ် အဇာတသတ် တစ်ယောက်ဖြစ်လာနိုင်စရာ အကြောင်းမျိုး လုံးဝမရှိ နိုင်ပေ။

သို့သော် သူ့ဝတ္ထုအား မဂ္ဂဇင်းတိုက်မှ လက်ခံနိုင်ဖို့အတွက်မူ မဖြစ်နိုင်သော်လည်း ယုတ္တိ ယုတ္တာရှိနေစေရန်အတွက် ဒေါသအမိုက်

ဖုံးလွှမ်းနေသဖြင့် အဖေဟုပင် မမြင်နိုင်တော့ဘဲ ရုတ်တရက် ဓားဖြင့် ထိုးလိုက်မိသော ဖာတ်ကောင်လူငယ်လေး၏ သံတိုင်များကြားမှ နောင်တ သံဝေဂစကားလေးများကို ထည့်သွင်းကာ သူ့ဇာတ်လမ်းနိဂုံးကို ပညာ ပေးဇာတ်လမ်းကလေးတစ်ခုအသွင်ဖြင့် အဆုံးသပ်ပေးထားလိုက်သည်။

ထို့နောက် မောင်မောင်ဦးတစ်ယောက် သူ့ဝတ္ထုတိုလေးကို ကျေနပ်စွာဖြင့် အခေါက်ခေါက်အခါခါပြန်ဖတ်ပြီး ကိုင်းဒီတစ်ခါတော့ ဘာတတ်နိုင်သေးတုံးဟူသည့် အတွေးမျိုးဖြင့် မဂ္ဂဇင်းတိုက်လိပ်မူပြီး စာတိုက်မှတဆင့် ထည့်ပေးလိုက်တော့သည်။

သူ စာတိုက်မှ ပေါ့ပါးသော ခြေလှမ်းများနှင့် ပြန်လာခဲ့စဉ် မှာတော့ ရုတ်တရက် အတွေးတစ်ခုပေါက်၍ ဘူတာအဆင်းမှ ခင်မောင် စိန်လက်ဖက်ရည်ဆိုင်သို့ မထင်မှတ်ဘဲ ရောက်သွားခဲ့ရလေသည်။ ထိုစဉ် ပင်. . .

"တောက်. . . မိုက်လိုက်တဲ့ကောင်ကွာ။ ငါဖြင့် ထင်တောင် မထင်မိဘူး"

"ရုတ်တရက်ဆိုတော့ သူလည်း သူ့အမေအတွက် အရမ်း ဝိုးရိမ်သွားပြီး ဖြစ်သွားခဲ့ရတာပေါ့ကွာ။ ကိုတင်ဖေကလည်း အတော် ဆိုးတာကိုးကွ။ အခုတော့ သူ့စားရိတ်နဲ့သူ သွားရှာပြီပေါ့ကွာ"

"ငါကတော့ ဘာပဲပြောပြော ကြားထဲက ဇော်ဝင်းကိုပဲ သနား တယ်ကွာ။ ဒီကောင်လေး ဆိုးပေမိုက်ရိုင်းနေတဲ့ ကောင်လေးမျိုးမှ မဟုတ်

ပဲကွ။ အခုတော့ ဒီလိုအဖြစ်မျိုး ဖြစ်သွားခဲ့ရတာ တကယ် စိတ်မကောင်းဘူးကွာ''

ဘုရားရေ. . .ဇော်ဝင်းဆိုပါလား။ ဒီကောင်လေး ဘာတွေဖြစ်ကုန်ပြီလဲ။ မောင်မောင်ဦး မိမိဝိုင်းနံဘေးတွင် စကားပြောဆိုနေကြသော အပြာရောင် အလုပ်သမား အင်္ကျီများနှင့် ကုန်တင်ကုန်ချ အလုပ်သမားများကို ရင်တစ်ထိတ်ထိတ်ဖြင့် လှမ်းမေးလိုက်မိတော့သည်။

''မောင်ဇော်ဝင်းတစ်ယောက် ဘာများဖြစ်လို့လဲဗျ''

တစ်ဘက်ဝိုင်းမှ ကုန်တင်ကုန်ချ အလုပ်သမားများ၏ အကြည့်က သူ့အပေါ်ဝိုင်းစုပြုကျရောက် လာလေသည်။ ပြီးမှ တစ်ယောက်က

''ဒီလောက် တစ်မြို့လုံး အုတ်အုတ်ကျွတ်ကျွတ် ဖြစ်နေတဲ့ ဇော်ဝင်းသတင်းကို ခင်ဗျားမသိသေးဘူးလား''

သူ မောင်ဇော်ဝင်း ကုန်ကြမ်းဝတ္ထုတိုလေးကို အိမ်ထဲကုတ်ကာ ရေးသားနေသဖြင့် ဘာမှမသိလိုက်။ သူ့ရင်ခုန်နှုန်းများ ပိုမြန်သွားရလေသည်။ သို့အတွက် မှသားသုံးပြီး အဆင်ပြေအောင် ပြောလိုက်မိသည်။

''ကျွန်တော် ခရီးသွားနေလို့ဗျ။ ပြောပါဦး''

''ဩော် . . .မောင်ဇော်ဝင်းအဖြစ်က ရင်နာစရာဗျ။ တော်တော်လည်း ထိတ်လန့်စရာတော့ ကောင်းတာပေါ့ဗျာ။ မနေ့ကညနေပိုင်း အိမ်အပြန်မှာ ဖြစ်သွားတာဗျ။ သူရောက်တော့ သူ့အဖေနဲ့ သူ့အမေ

ရန်ဖြစ်နေတယ်တဲ့လေဗျာ။ အဲဒီမှာ သူ့အဖေကိုတင်ဖေက အရက်မူးမူး နဲ့ သူ့အမေ မမြရင်လည်ပင်းကို ညှစ်နေသတဲ့။ ဒါနဲ့သူက ဝင်ဆွဲတော့ ကိုတင်ဖေက လက်သီးနဲ့ထိုးပြီး မမြရင်ကို ညှစ်မြဲညှစ်နေသတဲ့။ ဖြစ်ချင်တော့ သူ့အဖေထိုးလိုက်တဲ့အရှိန်နဲ့ ဇော်ဝင်းဟာ ထမင်းစားပွဲဝိုင်းပေါ် လဲကျသွားပြီး အဲဒီပေါ်မှာတင်ထားတဲ့ ကြက်သွန်လှီးတဲ့ဓားကို လက်နဲ့ သွားစမ်းမိတယ်တဲ့လေဗျာ။ အဲဒီအချိန်မှာ ကိုတင်ဖေ လည်ပင်းညှစ်ထားလို့ မမြရင်ဟာလည်း ဆန့်ငင်ဆန့်ငင်နဲ့ မျက်လုံးပြူး လျှာထွက်နေပြီတဲ့ဗျ။ အဲဒီမှာ ဇော်ဝင်းလည်း အသားကနာ အမေ့အတွက်လည်း စိတ်ပူဒေါသဖြစ်ပြီး ကိုတင်ဖေကျောကို လက်ထဲဆုပ်မိထားတဲ့ ကြက်သွန်လှီးတဲ့ဓားနဲ့ ထိုးလိုက်တာ ပွဲချင်းပြီးပါရောလား။ အခု ကောင်လေး အချုပ်ထဲမှာလေဗျာ။ မသိတဲ့သူတွေကတော့ ဖအေအရင်းကို သတ်တဲ့သားဆိုပြီး အမျိုးမျိုး ပြောနေကြလေရဲ့။ ကျုပ်တို့ကတော့ သူ့အဖေ ကိုတင်ဖေအကြောင်းရော ဇော်ဝင်းအကြောင်းရော သိနေတော့ ဇော်ဝင်းကိုပဲ သနားမိကြတာပေါ့ဗျာ။ ပြောနေကြတာတော့ ဇော်ဝင်းကို ခေတ်သစ်အဇာတသတ်၊ ပဥ္စနန္တရိယကံဆိုလား ဘာလား ထိုက်လို့ မြေမြိုမယ်။ မိုကြိုးပစ်မယ်။ အို . . . အစုံပါပဲဗျာ''

ကြားလိုက်ရသော သတင်းထက် ပိုမိုပြီး တုန်လှုပ်သွားခဲ့ရသူကတော့ မောင်မောင်ဦးပင်။ မောင်ဇော်ဝင်း၏ ထိတ်လန့်ဖွယ်သတင်း

ထက် အဆရာထောင်ချီသော တုန်လှုပ်ခြင်းမျိုးဖြင့် ထိတ်လန့်ကာ လက်ထဲတွင်ကိုင်ထားသော ရေနွေးပန်းကန်လုံးပင် အောက်သို့ ခွမ်းကနဲ ပြုတ်ကျသွားခဲ့ရလေတော့၏။

✦ ✦ ✦

"ငါ့အဖြစ်ကတော့ အဲဒါပဲ သူငယ်ချင်း။ အခု ငါ့မှာ ဒီအပြစ်တွေအတွက် စိတ်ထဲမှာ တော်တော်လေး တုန်လှုပ်နေရတယ်"

ကျွန်တော်ပင် သူ့စကားများကို နားထောင်အပြီး ဘယ်လိုဆုံးဖြတ်အားပေးရမှန်းမသိအောင် ဖြစ်သွားခဲ့ရလေသည်။ သူ့မျက်နှာကိုလည်း သေချာစွာ အကဲခတ်ကြည့်ရှု၍ ကျန်းမာရေး ကောင်းမကောင်း လေ့လာလိုက်မိပြန်ပါသည်။

"ဘာလဲကွ ဖိုးကျော် မင်းကငါ့ကို ဂေါက်တောက်တောက် ဖြစ်နေပြီလို့ ထင်လို့လားကွ"

"ဒီလိုတော့ မဟုတ်ပါဘူးကွာ။ မင်းကိစ္စကို ငါတောင် ဘယ်လို ပြောရမှန်း မသိတော့လို့ပါကွာ"

ကျွန်တော် မှသားသုံးကာ ဖြေလိုက်ရတော့သည်။ တကယ် အမှန်အတိုင်း ဝန်ခံရပါမူ ထိုစဉ်က မောင်မောင်ဦး ပြောသမျှကို ပြန်လည် စဉ်းစားဝေဖန်လျှက် သူ့စကားများနှင့် သူ့ကျန်းမာရေးအပေါ် သံသယ

ဖြစ်ခဲ့ရပါသည်။ သို့သော် မောင်မောင်ဦးက မကြာသေးမီကမှ ထွက်လာခဲ့သော မဂ္ဂဇင်းစာအုပ်တစ်အုပ်နှင့် ယခင်လများတွင် ထွက်ပြီးခဲ့သော မဂ္ဂဇင်းစာအုပ် (၂)အုပ်ကို စာရေးစားပွဲပေါ်မှယူလာပြီး ကျွန်တော့်ကို ပြလာလေသည်။

"ကဲ... မင်းမယုံရင် ဒီမဂ္ဂဇင်းတွေထဲမှာ ပါလာတဲ့ ငါ့ဝတ္ထုတိုလေးတွေ ဖတ်ကြည့်"

ထိုအခါ ကျွန်တော်သည် သူပြောပြခဲ့သော ဝတ္ထုတိုလေး သုံးပုဒ်ကိုဖတ်ပြီး တော်တော်လေး အံ့ဩသွားခဲ့ရတော့သည်။ သည်ကောင်ပြောခဲ့တာ အမှန်တွေပါပဲလားဟုလည်း ယုံကြည်သွားရလေသည်။

"ဒီထက် ပိုသေချာချင်တော့ အခုထိ မောင်ဇော်ဝင်းတစ်ယောက် ကောလင်း အချုပ်ထဲမှာ ရှိသေးတယ်။ သူ့အမှုကို စစ်နေတုန်း အမိန့်မချရသေးဘူး သူငယ်ချင်း"

"ယုံပါပြီကွာ ဒီအတိုင်းဆို မင်းဟာက အတော်ကို အံ့ဩစရာကောင်းနေပြီကွာ။ တိုက်ဆိုင်တယ်ဆိုဦး သုံးကြိမ်သုံးခါစလုံး တိတိကျကျကြီးဆိုတော့"

အမှန်ပင် ကျွန်တော်ကိုယ်တိုင် မောင်မောင်ဦးအဖြစ်ကို တဖြည်းဖြည်းချင်းတွေး၍ အကြီးအကျယ် အံ့ဩနေရပါလေပြီ။

"ဒီတော့ ...မင်းဘယ်လို ဆက်လုပ်မယ် စိတ်ကူးထားလဲ သူငယ်ချင်း"

ကျွန်တော့်အမေးကို အဖြေမှီ မောင်မောင်ဦးက အသိရခက်လှသော အပြုံးမျိုးတစ်ခုကို ဦးစွာပြုံးလိုက်ပြီးမှ...

"မင်းသိထဲ့အတိုင်း အခုဒီဟာတွေကို တိုက်ဆိုင်မှု၊ မတော်တဆမှုလို့ တွေ့လို့မရတော့ဘူး။ ဒီတော့ ငါဆုံးဖြတ်ချက်တစ်ခု ချလိုက်ပြီ သူငယ်ချင်း။ တကယ်လို့ ဒါတွေဟာ အမှန်တကယ်သာ ဖြစ်နေတယ်ဆိုရင်တော့ ငါ့အတွက် အန္တရာယ်တော့ ရှိနိုင်တယ်။ ဒါပေမယ့် မတတ်နိုင်တော့ဘူး။ ထူးထူးဆန်းဆန်း ဖြစ်နေတဲ့အဖြေတစ်ခုကို သိရဖို့အတွက်နဲ့ဒီအခြေအနေကြီးထဲက ရုန်းထွက်ဖို့အတွက် တစ်နည်းပဲရှိတော့တယ်"

"ဘယ်လိုနည်းလဲ သူငယ်ချင်း"

"ငါ့ကိုယ်ငါ အဓိကဇာတ်ကောင်အဖြစ် ထားပြီးစမ်းသပ်မယ့်နည်းလေကွာ"

ကျွန်တော် မောင်မောင်ဦးအဖြေကြောင့် ရင်ခုန်ပင်မြန်သွားရလေသည်။

"မင်းက ဘယ်လိုဇာတ်လမ်းမျိုး ဖန်တီးဦးမလို့လဲ"

"ငါ အခုဖြစ်နေတဲ့ ဇာတ်လမ်းပဲပေါ့ကွ။ ငါကိုယ်တိုင်ဖြစ်တဲ့ ငါ့ဇာတ်ကောင်ဟာ အနာဂါတ်ကာလတွေကို ကြိုတင်နိမိတ်ဖတ်တဲ့ ဝတ္ထုတိုတွေရေးနေတဲ့ စာရေးဆရာတစ်ယောက်အဖြစ်နဲ့ နောက်ဆုံး မတော်တဆမှုတစ်ခုနဲ့ သေဆုံးသွားခဲ့ရတဲ့ ပုံစံမျိုးပေါ့ကွာ"

ကျွန်တော်က သူ့စကားကို ကြားယုံမျှနှင့်ပင် အသဲအူနှလုံး

များတုန့်လှုပ်သွားရသကဲ့သို့ ခံစားလိုက်ရတော့သည်။

"အခြား ဇာတ်လမ်းတစ်ခုနဲ့ရော မဖြစ်နိုင်ဘူးလားကွာ။ ဥပမာ အထိနိုက် အဆုံးအရှုံးမပါတဲ့ ဇာတ်လမ်းမျိုးပေါ့"

"အခုဟာ ငါကိုယ်တိုင် စစ်ဆေးစမ်းသပ်ရမယ့် ဇာတ်လမ်းလေကွာ။ သာမန်ဇာတ်လမ်းတစ်ခုမျိုးနဲ့ဆိုရင် ဘယ်မှာလာပြီး ထူးခြားတဲ့ အဖြေကို သိရတော့မလဲ။ အရင်လူတွေတုန်းက သူတို့ခမျာ မသိလို့ ဇာတ်လမ်းအတိုင်း ဖြစ်သွားခဲ့ကြရတယ်။ အခု ငါကသိနေတဲ့ လူတစ်ယောက်ဖြစ်တဲ့အတွက် အများကြီး အခွင့်အရေးရှိပါတယ်ကွာ။ ဒီလိုမှလည်း သူတို့နဲ့ငါ့အတွက် တရားမျှတသင့်တော်တဲ့ စိန်ခေါ်ပွဲတစ်ခု ဖြစ်တော့မှာပေါ့။ ကိုယ့်အလှည့်ကျမှ သူရဲဘောကြောင်ပြီး သာမန်ဇာတ်လမ်းတစ်ခုနဲ့ စမ်းသပ်ဖို့ ဆိုတာမျိုးလည်း ငါလိပ်ပြာမလုံလှဘူး"

နောက်ဆုံး သူ့အစီအစဉ်ကို ကျွန်တော်လက်ခံလိုက်ရတော့သည်။ ထို့နောက်များမကြာမီတွင်ပင် မောင်မောင်ဦးသည် သူပြောသလိုပင် သူကိုယ်တိုင် အဓိကဇာတ်ကောင်နေရာတွင်ထားပြီး ဇာတ်လမ်းတစ်ခု ရေးဖွဲ့ခဲ့လေသည်။ ဝတ္ထုပြီးလျှင်ပြီးခြင်း၊ ကျွန်တော့်ထံသို့ ရောက်လာခဲ့သည်။ ကံအားလျော်စွာပင် ထိုအချိန်တွင် ဘူတာဆိုဒ်တင် လမ်းများပြင်နေသဖြင့် ကျွန်တော်အိမ်တွင် ရှိနေသည်။

"ဝတ္ထုကတော့ ပြီးသွားပြီသူငယ်ချင်းရေ။ နောက်ဆုံး ငါကိုယ်တိုင်ဖြစ်တဲ့ ငါ့ဇာတ်ကောင်ကို ကားအက်ဆီးဒင့်တစ်ခုနဲ့ သေပေးထား

လိုက်တယ်။ ဟဲ...ဟဲ...တို့ကောလင်းက ကားတော့တော်တော်ရှား သားကွ''

ကျွန်တော် သူယူလာခဲ့သော ဝတ္ထုတိုလေးကို ဖတ်ပြီးရင်ထဲတွင် တစ်မျိုးကြီး ခံစားလိုက်ရသည်။ မောင်မောင်ဦးကတော့ သူ့လုပ်ရပ်အတွက် ကျေနပ်နေဟန်ရှိသည်။ ဟုတ်တော့လည်း ဟုတ်ပေသည်။ သူပြောသလို ကောလင်းမြို့မှာ မီးရထားမြို့ဖြစ်သည်နှင့်အညီ ကားရှားလှသည်။ များမကြာမီတွင်ပင် ကျွန်တော်တူတာဘက်ရှိ ဆိုဒ်တင်လမ်းများပြင်နေသည့် လုပ်ငန်းခွင်သို့ သွားရမည်မို့ မောင်မောင်ဦး နှုတ်ဆက်ကာပြန်ရန်ပြင်သည်။ ကျွန်တော်က သူ့အား ဆိုဒ်တင်လမ်းများနှင့်ကပ်လျက်တောင်ဘက်ပွိုင့်စုံရှိ မီးရထားဝန်ထမ်းအများစု ထိုင်တတ်သော ကိုတူးချိုလက်ဖက်ရည်ဆိုင်သို့လိုက်ပြီး လက်ဖက်ရည်သောက်ပြီးမှပြောရန် ပြောသေးသည်။

''တော်ပါပြီကွာ။ မင်းလည်း အလုပ်လုပ်ရဦးမယ်။ နောက်နေ့မှ အေးအေးဆေးဆေး တွေ့ကြတာပေါ့။ သွားပြီ သူငယ်ချင်း''

လက်ပြပြီး ထွက်ခွာသွားသော မောင်မောင်ဦးကိုကြည့်ရင်း ကျွန်တော် ကျန်နေရစ်ခဲ့တော့သည်။

✦ ✦ ✦

မကြာလိုက် နောက်တစ်နေ့မနက် ကျွန်တော်အိမ်က မထွက်ရသေးမီပင် ပစ္စည်းများ လာထုတ်သော လုပ်သားခေါင်း ဦးမောင်ကိုထံမှ

အနိဋ္ဌာရုံ သတင်းတစ်ခုကို ကြားခဲ့ရသည်။

"ညက လူတစ်ယောက် အောင်မင်္ဂလာရုပ်ရှင်ရုံရှေ့မှာ ကား ကြိတ်ခံလိုက်ရတာ ပွဲချင်းပြီးပဲ ဗိုလ်လေး။ ဝန်းသိုက ကျွန်းလုံးတွေ တင်လာတဲ့ သစ်ကားကြီးဆိုတော့ ခေါင်းကိုပြားကပ်နေတာပဲ။ ရေကျော် ရပ်ကွက်ထဲကလို့တော့ ပြောသံကြားတယ်ခင်ဗျ"

ကျွန်တော် မောင်မောင်ဦး၏ မျက်နှာကို ပြေးမြင်မိလိုက်ကာ ထိတ်ကနဲဖြစ်သွားခဲ့ရလေတော့သည်။ ရင်ထဲမှလည်း ချက်ချင်းပင် ဆုတောင်းမိလိုက်သည်။

"ဘုရား... ဘုရား မဖြစ်ပါစေနဲ့ တပည့်တော် သူငယ်ချင်း မောင်မောင်ဦး တစ်ယောက်မဖြစ်ပါစေနဲ့ဘုရား"

သို့သော် ကျွန်တော်ရင်ထဲမှ ကြိတ်ကာ ဆုတောင်းခဲ့မိသော ဆုတောင်းကား မပြည့်ပါလေတော့။ အဘယ်ကြောင့်ဆိုမူ ကားကြိတ် ခံလိုက်ရသောလူမှာ ကျွန်တော့်သူငယ်ချင်း မောင်မောင်ဦးပင်ဖြစ်ကြောင်း နေမကုန်မီပင် သိရှိခဲ့ရခြင်းကြောင့်ပင် ဖြစ်ပေတော့၏။

ကျွန်တော် သီသီချင်း ဆေးရုံသို့ လိုက်သွားခဲ့သည်။ အလောင်း ကိုမူ မမြင်ခဲ့ရတော့။ သေသူ၏ သူငယ်ချင်းမှန်းသိ၍ မှုခင်းဘက်ဆိုင်ရာ ဒုရဲအုပ်အရာရှိတစ်ယောက်၏ နည်းနည်းပါးပါး အမေးမြန်းခံခဲ့ရပြီး ပြန်ခဲ့ရသည်။ လမ်းရှင်းပြီး ကားအသွားအလာ နည်းလှသော လမ်းမ

ကြီးအပေါ်တွင် ဖြစ်ပွားခဲ့ရခြင်းအတွက် ရိုးရိုးမတော်တဆမှုလား ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်သွားခဲ့ခြင်းလားဆိုတာကို သူတို့အနေနဲ့ ဆက်လက်စစ်ဆေးရဦးမည်ဟု ဆိုပါသည်။ ကျွန်တော် သိနေခဲ့သော မောင်မောင်ဦး၏ အဖြစ်အပျက်ကိုမူ ကျွန်တော်ယောင်၍မျှပင် မဟာခဲ့။ ဟခဲ့သည့်တိုင် သူတို့အနေဖြင့် လက်ခံနိုင်ရန် ခက်ခဲလှသော အဖြစ်အပျက်များပင် ဖြစ်နေမည် မဟုတ်ပါလော။ ထိုအချိန် ကျွန်တော်ကိုယ်တိုင်မှာလည်း သူငယ်ချင်းဖြစ်သူ မောင်မောင်ဦးအတွက် စိတ်မကောင်းခြင်း၊ အကြီးအကျယ် အံ့ဩတုန်လှုပ်နေခြင်းများနှင့်အတူ ရှိနေခဲ့ရလေတော့၏။

ယခုမူ အထက်ပါအဖြစ်အပျက်မှာ (၃)နှစ်ခန့် ကြာမြင့်သွားခဲ့ပြီဖြစ်သည်။ ကျွန်တော်သည်လည်း ရာထူးတိုးကာ အငယ်တန်း အင်ဂျင်နီယာ(၂) အအအန (၂)(သံလမ်း)လမ်းဗိုလ်ကြီးဘဝဖြင့် တိုင်း(၉)ဟသ်တသို့ ရောက်ရှိနေခဲ့လေပြီ။ သို့တိုင် ကောလင်း၌ လမ်းဗိုလ်လေးဘဝဖြင့် ကြုံတွေ့ခဲ့သော အထက်ပါ သူငယ်ချင်းဖြစ်သူ စာရေးဆရာ မောင်မောင်ဦး၏ ထူးဆန်းသော အဖြစ်အပျက်ကို မေ့ပျောက်၍မရနိုင်အောင် ရှိနေဆဲဖြစ်ပါသည်။ ထို့အတူပင် သူငယ်ချင်းဖြစ်သူ...

"စာရေးဆရာ မောင်မောင်ဦး သေဆုံးရသောဖြစ်စဉ်မှာ ကျွန်တော့်အတွက် ယနေ့ထိတိုင် ဝေခွဲ၍မရသော ဒွိဟဖြစ်စဉ်တစ်ခုအဖြစ်

ရှိနေပါသည်။ ထိုအခါ မောင်မောင်ဦး သေဆုံးခဲ့ရခြင်းသည် မိမိကိုယ်တိုင် အဆုံးစီရင်သွားခဲ့သည်ဟု ခန့်မှန်းရန် မသေချာသကဲ့သို့ မတော်တဆ ဖြစ်ပွားထိခိုက်ခဲ့ရသည်ဟု ပြောရန်လည်း မခိုင်လုံလှပါပေ။ သို့တစေ မောင်မောင်ဦး သေဆုံးခဲ့ရသော ဖြစ်စဉ်၌ တစ်စုံတစ်ရာ ဖော်ပြရန် ခဲယဉ်းလှသော ထူးဆန်းသည့် အကြောင်းအရာ တစ်စုံတစ်ရာကား အမှန်ပင်ရှိနေတော့သည်ဟု ကျွန်တော် ခြွင်းချက်မရှိ ယုံကြည်လျက်ပင် ရှိနေပါပေတော့သည်။

✦ ✦ ✦

# မြဒေါင်းနွယ်

သိဒ္ဓိလျှာ ဖိုးထောင်

တကယ်တော့ ကျုပ်အဖြစ်ကို ပြန်ပြောရမှာ ရှက်တော့ အရှက်မိသားဗျ။ ဟုတ်တယ်လေ ကိုယ်'နံ့'တဲ့အဖြစ် 'အ'တဲ့အကြောင်း ဖြစ်နေမှုပဲ။ မဟုတ်ရင် အခုလောက်ရှိ ကျုပ်ဆိုတဲ့'ဖိုးထောင်'တစ်ယောက် မဟိဒ္ဓိပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်နေပြီပေါ့ဗျာ။ တကယ်ပြောတာဗျ။

'တောက်'ပြောရရင် ကျုပ်ထက်ကို ကျုပ်မိဘတွေက ပိုအ'ပိုနံ့'သေးသဗျ။ သူတို့ကြောင့် ကျုပ်ပါ နဝေတိမ်တောင်နဲ့ မဟိဒ္ဓိပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်ရမယ့်ဘဝနဲ့ လဲခဲ့ရတာပေါ့ဗျာ။ ရင်နာစရာလည်းကောင်း။ ရှက်စရာလည်း ကောင်းဆိုသလို တော်တော့ကို ကျုပ်အဖြစ်ကဆိုးလှပါတယ်ဗျာ။ အင်း... လောကမှာ 'နံ့'လွန်း'အ'လွန်းရင်လည်း မကောင်းပြန်ဘူး။ အဓိက ဗဟုသုတ မပြည့်စုံတာပေါ့ဗျာ။ ဒါကြောင့်လည်း သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတွေထဲမှာ 'ဗာဟုသစ္စဉ္စ'တဲ့ အကြားအမြင် ဗဟုသုတများခြင်းကို မင်္ဂလာတစ်ပါးအဖြစ် ဆိုထားတာပေါ့။

ဒါပေမယ့်လို့လည်း ပြောသာပြောရတာပါလေ။ မြန်မာပြည် အညာအရပ်က အိမ်ခြေလေး နှစ်ရာလောက်ရှိတဲ့ တောရွာကလေးမှာ လူဖြစ်လာရတဲ့ ကျုပ်တို့အတွက် ဘယ်လိုလုပ်ပြီး အကြားအမြင်များခြင်း တွေ ဗဟုသုတတွေ ရှိနိုင်ပါ့မလဲ။ ရွာအရှေ့ဘက်ကြည့်လိုက် ရိုးမတောင် တန်းကြီး၊ အနောက်ဘက်နဲ့ တောင်ဘက် မြောက်ဘက်ကြည့်လိုက် တောနဲ့လယ်ကွင်းတွေ ဒါတွေပဲ ကျုပ်တို့မြင်ရတော့မပေါ့။ ကြားတာ ဆိုတော့လည်း ဘာတွေရှိမတုံး။ ရွာတဲ၊ နွားသံ၊ လှည်းသံ၊ ကလေးသံ၊ ခွေးသံတွေပဲရှိတဲ့ဟာ။ ဗဟုသုတဆိုတာ ကျပြန်တော့လည်း တောတက် တောင်တက် လယ်ထဲဆင်း ဒီအတွေ့အကြုံမျိုးတွေပဲ ရှိတော့တာပေါ့။ ကျုပ်တို့အတွက် တစ်နှစ်နေလို့ တစ်ခေါက် မြို့တက်ဖို့အကြောင်း ကိစ္စ မျိုးမှမရှိတာ။ ကဲ... အကြားအမြင် ဗဟုသုတမရှိတဲ့အတွက် ကျုပ်တို့ကို အပြစ်ဆိုလို ဖြစ်တော့မလား။

ဆိုခြင်းဆို ကျုပ်တို့အပေါ်က အမြတ်ထုတ် ကလိန်ချုံကျသွား တဲ့၊ ဆေးဆရာဆိုတဲ့အကောင်ကို ဆိုရမှာဗျ။ ဘယ်နှယ့်ဗျာ။ ဆေးဆရာ လုပ်ပြီး သမာသမတ်မကျတဲ့ မတော်မရာ အမြတ်ထုတ်သွားတဲ့လူကြီး။ တွေ့များတွေ့လို့ကတော့ဗျာ။ ဖိုးထောင်အကြောင်း သိသွားစေရမယ်။ ကောင်းကောင်းကို အမှုန်ကြိတ်နေပူလှမ်း မီးကိုရှို့ပစ်လိုက်မယ်။ ကန်တော့ပါရဲ့ဗျာ ဒီလောက်ကို ကျုပ်မှာဒေါသဖြစ်နေရတယ်။

မဖြစ်ဘဲလည်း ခံနိုင်ရိုးလားဗျာ။ ကျုပ်မှာ မဟိဒ္ဓိပုဂ္ဂိုလ်ကြီး

ဖြစ်ရမယ့်ဟာ ဒင်းလူလည်ကျသွားလို့ အခုတော့ ဖိုးထောင်ဟာ ဖိုးထောင် ဘဝပဲရှိနေရမှုကိုး။

အင်း...ကျုပ်လည်း ဒေါသဖြစ်ဖြစ်နဲ့ ဒါပဲထပ်ကာထပ်ကာ ပြောနေမိသလိုဖြစ်နေရပြီ။ ဒါပေမယ့်လို့လည်း ပြောလက်စနဲ့ နည်းနည်း တော့ ပြောရဦးမယ်ဗျ။ အဟဲ...ဒါတော့ ကျုပ်သိလို့မဟုတ်ပါဘူး။ ကိစ္စအားလုံးဖြစ်ပြီးမှ ရောက်လာတဲ့ ကျုပ်တို့ဘဘုန်းကြီး ပြောလို့သိရ တာပါ။ မတတ်တဲ့လူက ဆရာလုပ်တယ်လို့လည်း မထင်ဖို့ တောင်းပန် ပါရဲ့။ ဒီလိုဗျ မဟိဒ္ဓိပုဂ္ဂိုလ်ဆိုတာ သိဒ္ဓိ(၁၀)ပါး တစ်ပါးပါးပြီးမြောက်တဲ့ ပုဂ္ဂိုလ်မျိုးဆိုသကိုးဗျ။ အခု ကျုပ်နဲ့ကျုပ်မိဘတွေ 'နံ့'လို့'အ'လို့ အကြား အမြင်ဗဟုသုတမရှိလို့ လွဲသွားခဲ့ရတာဟာ အာဟာရသိဒ္ဓိပြီးတဲ့ မဟိဒ္ဓိ ပုဂ္ဂိုလ်မျိုးပေါ့ဗျာ။ ကိုင်း...ကြားရတာနဲ့တောင် ဘယ်လောက်များ ရင်နာစရာ ကောင်းလိုက်သလဲလို့။

အခု ကျုပ်တို့မှာ ကျွဲလိုနွားလို ကုန်းရုန်းရှာဖွေပြီး ပင်ပန်း တကြီးနဲ့ အလုပ်လုပ်နေရတာဟာ ဒီပါးစပ်ပေါက်တစ်ပေါက်စားရဖို့ အတွက်ပဲမဟုတ်လားဗျာ။ စကားကပ်ပြောရင်တော့ နေဖို့ဝတ်ဖို့တွေ လည်း မပါတော့ဘူးလားလို့ မေးလိမ့်မယ်။ ပါတယ်ဆိုပေမယ့် သူတို့က နောက်ကကိုးဗျ။ အဓိကအရေးကြီးဆုံးကတော့ လူတစ်ယောက်မှာ အစား အသောက်ဟာ အရေးကြီးဆုံးပဲ။ ဒါကြောင့်လည်း 'သမုဒ္ဒရာ ဝမ်းတစ် ထွာ'လို့ ဆိုထားကြတာပေါ့ဗျာ။ သမုဒ္ဒရာကြီးဆိုတာ ဘယ်လောက်

ကျယ်ပြန့်တုံး။ ဘယ်လောက်နက်နဲလှတုံး ဒီလိုပဲ လူ့ဝမ်းတစ်ထွာဟာ လည်း အတော့်ကို ကျယ်ပြန့်နက်ရှိုင်းလှပါတယ်ဗျာ။ ဆိုလိုတာကတော့ လူ့ဝမ်းတစ်ထွာဟာလည်းပဲ သမုဒ္ဒရာကြီးလိုပဲ ကျယ်ပြန့်နက်ရှိုင်းလှတယ် ပေါ့ဗျာ။ ဘယ်လောက်ဖြည့်ဖြည့် ပြည့်တယ်လို့မှ မရှိတာကိုးဗျ။ ဟုတ်တယ် မဟုတ်လား မသေမချင်းဖြည့်လို့ မဆုံးအောင်ရှိနေမှုပဲ။ ဒီလိုဆိုတော့ ဒီဝမ်းတစ်ထွာအတွက်နဲ့ လူတွေဘယ်လောက် ဒုက္ခရောက်နေကြရသတုံး။ သိတဲ့အတိုင်းပဲ တစ်ထွာသာရှိလို့ တစ်တောင်လောက်များရှိရင် မလွယ် ဘူးလို့ ငြီးတဲ့လူတွေတောင် ငြီးကြလေရဲ့။ ဟုတ်လည်း ဟုတ်တာပဲလေ။ နောက် အတော်လည်း အရေးကြီးတဲ့ ဟာကြီးဗျ 'အူမတောင့်မှ သီလ စောင့်မယ်' ဆိုတဲ့စကားကြည့်ပါလား။ သူ့ကိုမဖြည့်နိုင်ရင် သီလတောင် မစောင့်နိုင်ဘူးဆိုတဲ့သဘော။ သီလမစောင့်မှတော့ ဘာတွေဖြစ်လာမတုံး။ လုကြယက်ကြ၊ ခိုးကြဝှက်ကြ၊ ခုတ်ကြထစ်ကြ၊ သတ်ကြဖြတ်ကြ ဖြစ် ကုန်တော့မပေါ့။ ကိုင်း... ဘယ်လောက်များ ကြောက်စရာကောင်းလှ သတုံးဗျာ။ ဒီတော့ ဒီကောင်ဒုက္ခပေးလှတဲ့ ဝမ်းတစ်ထွာကိစ္စကြီး ငြိမ်း သွားမယ်ဆိုရင် ဆိုလိုတာကဗျာ လူတစ်ယောက်ဟာ တစ်သက်လုံး ဘာမှမစားမသောက်ဘဲ နေသွားနိုင်တဲ့ အစွမ်းသတ္တိကြီးတစ်ခုများ ရမယ် ဆိုရင် ဘယ်လောက်များ တန်ဘိုးရှိလိုက်မတုံး။ ကိုယ်ရှာသမျှ အပိုချည့် ပေါ့။ ဝတ်ယမ်း၊ သုံးစမ်း၊ လှူစမ်း ရသမျှတင်လိုက်မယ့်အမျိုးဗျာ။ အဲဒီလို အဖြစ်မျိုး လောကမှာ ဘယ်သူမလိုချင်တဲ့သူရှိမတုံး။ ဒါပေမယ့်လို့ ဒါမျိုး

ဖြစ်ဖို့ကလည်း လူတစ်ယောက် တစ်သောင်း တစ်သိန်း တစ်သန်းမှာ တောင် တစ်ယောက်ဖြစ်ဖို့ မလွယ်မှုကိုးဗျနော်။

ဒါနဲ့တောင် ကျုပ်ဆိုတဲ့ ဖိုးထောင်မှာ ဒီလောက်တန်ဘိုးကြီး မားလှတဲ့ အဖြစ်ကြီးကို ကံအားလျော်စွာနဲ့ ရရှိခဲ့ရတယ်ဗျ။ အဲ... ပြီးမှဆိုခဲ့သလို ကျုပ်အပါအဝင် ကျုပ်မိဘတွေရဲ့ အကြားအမြင် ဗဟု သုတမရှိမှု နုံအမှုတွေကြောင့် ကျုပ်...ကျုပ်ဟာ ဒီအဖြစ်ကြီးကို လက်ဝယ်ပိုင်ပိုင် ရရှိပြီးပါကမှ လက်လွှတ်ဆုံးရှုံးခဲ့ရတယ်လေဗျာ။ ပြော ရင်းတောင် ဝမ်းနည်းလာပြီဗျာ။ တ...တကယ်ပါ။ ကျုပ်လေ...ကျုပ် ဒါကြီးကို ဘယ်လိုလုပ်မေ့ပျောက်လို့ ရတော့မဝုံးဗျာ။ ကျုပ်...အဖြစ် က ဒီ...ဒီလိုဗျ...

✦ ✦ ✦

"ဟဲ့ ...ကြားပြီးကြပလား ဖိုးထောင်တစ်ယောက် တောင် ပေါ်ကပြန်လာပြီး အပမှီလာလို့တဲ့တော့"

"ဟဲ့ ...ဟုတ်ကော ဟုတ်ရဲ့လားအေရယ်"

"ယော်...မဟုတ်ဘဲနဲ့ ဘကြီးသာမောင်တို့ ပျာယာခတ်နေ ပါ့မလားဟဲ့။ အရီးလှဆို သူ့သားဖိုးထောင်အတွက် မျက်ရည်နဲ့ မျက်ခွက် ဖြစ်နေမှပဲ"

"နို့ ... နေစမ်းပါဦး။ ဖိုးထောင်က ဘယ်တုန်းက တောင်ပေါ် တက်လို့တုံးအေ့။ ငါတို့ဖြင့် မကြားမိပေါင် ငြိမ်းလှရယ်"

"ညည်း ဘယ်ကြားမိမတုံး။ အခုတက်တာမှ မဟုတ်ဘဲ။ အရင် တစ်လကျော်ကျော်လောက်တုန်းက ဦးလေးတင်အောင်တို့နဲ့ သစ်နုတ် လိုက်သွားခဲ့တုန်းက ဖြစ်ခဲ့တာတဲ့။ အပမှီနေတာ အခုမှသိတာဟဲ့"

ကြည့် ... ကျုပ်သတင်းက ငြိမ်းလှကောင်းမှုနဲ့ ရွာထဲမှာ ချက်ချင်းကို ပြန့်သွားခဲ့ရတော့တာပဲ။ ကျုပ်သတင်းကို လာမေးလိုက်ကြ တဲ့ လူတွေဆိုတာလဲ အိမ်မှာပြတ်တယ်လို့ကို မရှိတော့ဘူး။ အချို့ကလည်း

"အပမှီတာ မဟုတ်ပါဘူးဗျာ။ ဒီကောင်လေး တောင်ပေါ်မှာ အမှားအယွင်း တစ်ခုခုရှိခဲ့လို့ တောပိုင် တောင်ပိုင်တွေက ပြုစားလိုက် တာနေမှာပါ။ တော်မှီတာပေါ့ဗျာ"လို့ ပြောကားပြောရဲ့။

အချို့ကကျပြန်တော့ အပြုစားခံရလို့ အောက်လမ်းနည်းနဲ့ လုပ်ထားလို့။ အိုး ... ပြောလိုက်ကြတာဆိုတာ အစုံပါပဲဗျာ။ ဒီတော့ သားလေးတစ်ယောက်ထဲ အသက်ကြီးမှရထားတဲ့ ကျုပ်အဖေနဲ့အမေ ာမျာ မျက်ကလဲဆန်ပြာ ဖြစ်ပြီပေါ့ဗျာ။ သူတို့ပြောသလို ကျုပ်အမေ ဆိုတာလည်း မျက်ရည်နဲ့မျက်ခွက် အဖေခမျာလည်း ဟိုလူ့စကား နားယောင် ဒီလူ့စကားဟုတ်နိုးနိုးနဲ့ ဟိုပြေးဒီလွှား ဖတ်ဖတ်ကိုမောနေ တော့တာပါပဲ။

ာက်တာက ကာယကံရှင် ဖြစ်တဲ့ကျုပ် ကိုယ့်ကိုယ်ကို ဘာမှ

မဖြစ်ဘူးဆိုတာ သိနေတယ်ဗျ။ သူတို့ကို ဘယ်လိုပြောရမှန်းလည်း မသိဘူး။ ဒါပေမယ့် ထူးဆန်းတာတစ်ခုပဲရှိတယ်။ အရင်တုန်းက မနက်လင်းတာနဲ့ ထမင်းကြမ်း တစ်ဇလုံလောက်မှ မစားလိုက်ရရင် မနေနိုင်တဲ့ကောင်။ နို့ဆီဗူးနှစ်ဗူးချက်လောက်ကို တစ်ယောက်တည်း ပြုက်ခနဲကုန်အောင်စားခဲ့တဲ့ ကျုပ်ဟာအခု ဘာမှစားချင်သောက်ချင်တဲ့စိတ်မဖြစ်ဘဲ။ အလိုလိုနေရင်း ဗိုက်ပြည့်နေတာပဲဗျ။ မှတ်မှတ်ရရ ဦးလေးဦးတင်အောင်တို့နဲ့ တောင်ပေါ်သစ်ခုတ်လိုက်သွားပြီး အပြန်ကတည်းက ဆိုပါတော့ဗျာ။ ရိုးရိုးဗိုက်ပြည့်ပုံကို မဟုတ်တာဗျ။ ဘာမှကိုမဆာ၊ ဘာမှကိုမစားချင်တော့အောင် ဗိုက်ပြည့်ပုံမျိုးဗျ။ မသကာ ရင်ပြည့်တယ်ဆိုရအောင်လည်း အလွန်ဆုံးရှိလ (၂)ရက်ပေါ့ဗျ။ အခုကျုပ်မှာ ဖြစ်နေပုံက (၁)လတောင် ကျော်လာပြီဆိုမှ။ ပူပြီပေါ့ဗျ ကျုပ်မိဘတွေ ပြောကြပြီပေါ့ဗျ။ ရွာထဲကလူတွေ နောက်ဆုံးဗျာ ကျုပ်ဗိုက်ပြည့်နေပုံ မဆာပုံများကတော့ ထမင်းဆိုတာဝေးရော ရေတစ်ပေါက်တောင် မသောက်ချင်လောက်အောင် ဗိုက်ပြည့်နေတာဗျ ကဲရှင်းရော။

သာမန်လူတစ်ယောက်ဟာ ဘာမှမစားသောက်တဲ့နဲ့ အလွန်ဆုံးနေနိုင်လှ တစ်ပါတ်ပေါ့ဗျာ။ ဒါတောင်များဦးမယ်ထင်တယ်။ 'ထမင်းအသက် တစ်ရက် ရေအသက် တစ်မနက်'လို့တောင် ဆိုခဲ့ကြမှဟာပဲ ရောဂါအသည်းအသန်ဖြစ်လို့ အစားအသောက် တစ်ပတ်လောက်များ မဝင်ရင် လူတွေ ချွတ်ချုံကျပိန်သွားတတ်ကြတာပဲ မဟုတ်လား။ ဒါ

ခမ္မတာပဲလေ။ သို့သော်လည်း အခု ကျုပ်ဖြစ်နေပုံကျတော့ ထမင်းကအစ ရေအဆုံးဘာမှ မစားမသောက်ဘဲနဲ့ တစ်လကျော်လာတာတောင်မှ ချွတ်ချုံကျပိန်သွားဖို့ နေနေသာသာ အားအင်တွေတိုးပြီး နေလို့ထိုင်လို့တောင် အရင်ကထက် ပိုကောင်းနေသဗျ ကဲမဆန်းလား။ ဒါပေမယ့်ပေါ့ဗျာ သဘာဝထက်၊ ခမ္မတာထက် လွန်ကဲနေတဲ့ ကျုပ်အဖြစ်ကြောင့် မိဘတွေ ပူနေသလို ရွာထဲကလူတွေ တစ်ယောက်တစ်မျိုး ပြောနေကြသလို ကိုယ့်ကိုယ်ကို အံ့ဩနေတာကနေ ကြောက်တောက်တောက် ဖြစ်လာခဲ့ရပါလေရော။ အများနဲ့တစ်ယောက်ကိုးဗျ။ ဘယ်သူမလန့်ဘဲ ရှိတော့မှာတဲ့။

အဖေကလည်း ရွတ်လိုက်ရတဲ့ ပရိတ်တွေ၊ တိုက်လိုက်ရတဲ့ ဘုရားရေ ပရိတ်ရေ မန်းရေ အစုံပေါ့ဗျာ။ အမေကလူတော့တစ်မျိုး ကျုပ်တို့အိမ်မှာ တစ်ခါမှမစားခဲ့ဖူးတဲ့ ကောင်းပေ့ညွှန့်ပေ့ဆိုတဲ့ ထမင်းဟင်းတွေချက်...

''သားလူလေး နည်းနည်းပါးပါးလောက် စားကြည့်စမ်းပါဦးကွယ်။ ငါ့သား ဘာစားချင်တုံး။ အမေချက်ကျွေးမယ်''

ဆိုတာမျိုး မျက်ရည်လေးတစ်စမ်းစမ်းနဲ့ ကျုပ်ကိုစားချင်သောက်ချင်တဲ့စိတ်တွေ ဝင်လာအောင် စားချင်သောက်ချင်လာအောင် ကြိုးစားနေတာများ သနားစရာတောင် ကောင်းရဲ့ဗျာ။

ဒါပေမယ့် ကျုပ်ဆိုတဲ့ ဖိုးထောင်ကတော့ အဖေဘယ်လောက်ဘဲပရိတ်တွေရွတ်ရွတ် ဘုရားရေတွေတိုက်တိုက် အမေဘယ်လိုပဲ ကြိုးစား

ကြိုးစား မဆာရေးချမဆာပဲ။ ဒီတော့နောက်ဆုံး အဖေက ရွာထဲက လူတွေ ပြောစကားတွေ သွားယုံစားပြီး တစ်ခြားရွာက အဘိဓမ္မာဆိုလား ဘာလားမသိပါဘူး။ ပယောဂဆရာတစ်ယောက်ကို အိမ်ခေါ်ပြီးပင့်လာ ပါလေရော။ မကြာပါဘူး။ ကျုပ်တို့အိမ်ထဲ အဲဒီဆရာဆိုတဲ့လူက ပွဲတွေ ထိုး ဖယောင်းတိုင်မီးတွေထွန်း၊ အမွှေးတိုင်တွေလှူ လုပ်ပါရောလား ဗျာ။ အဲဒီအထိ ကျုပ်ကလည်း ကိုယ်ကိုယ်ကိုတောင် ဘာဖြစ်နေမှန်း မသိတဲ့ အကောင်ဆိုတော့ ငြိမ်နေမိတာပေါ့။ လာကြည့်ကြတဲ့လူတွေ ဆိုတာတော့ အိမ်ကိုအပြည့်ပဲ။ အိမ်ကျိုးကျမှာတောင် ကြောက်ရဲ့။ နောက်မှ ဆရာလုပ်တဲ့လူက ကျုပ်ကိုအိမ်ရှေ့ခန်းဘုရားစင်ရှေ့ခေါ်ခဲ့ဖို့ အမိန့်ပေးလိုက်သဗျ။ ကျုပ်လည်း ဘာမသိ ညာမသိ ဘုမသိ ဘမသိနဲ့ ဘုရားစင်ရှေ့ရောက် သွားခဲ့ရတော့တာပေါ့။ ပြီးလည်းပြီးရော ကျုပ်ကို ဘုရားမှာဦးသုံးကြိမ်ချခိုင်းတယ်။ ချတာပေါ့ဗျ ကာသိုလ်ရတဲ့အလုပ်ပဲ။ အဲ... ဘုရားလည်း ဦးချပြီးရော ဆရာဆိုတဲ့ နှုတ်ခမ်းမွေးကားကားနဲ့ လူကြီးက ကျုပ်ကို မျက်လုံးပြူးကြီးနဲ့ကြည့်ပြီး အသံမာမာကြီးနဲ့ ...

"ဟိတ်ကောင်... မင်းဘာယ်သူတုံး"လို့ မေးပါရော။ ကျုပ်က လည်း ဒီဆရာ ကျုပ်နာမည်မသိလို့ မေးတာပဲဆိုပြီး...

"ကျုပ် ဖိုးထောင်ပါဆရာ"လို့ ဖြေလိုက်တော့တာပေါ့။ အဲဒီမှာ ဆရာလုပ်တဲ့လူက...

"မဟုတ်ဘူး ဟိတ်ကောင် မှန်မှန်ပြောစမ်း။ မင်းဘာယ်သူတုံး"

လို့ထပ်မေးပြန်တယ်ဗျ။ ရော် … ခက်ပြီ။ ကျုပ်နာမည်ဖိုးထောင်ဆိုတာ တစ်ရွာလုံးအသိ။ ကျုပ်က အမှန်အတိုင်းဖြေလိုက်တဲ့ဟာ ဒီဆရာက မယုံဘူးဆိုတော့ ကျုပ်လည်း စိတ်ပေါက်ပေါက်နဲ့ …

"ဆရာမယုံလည်း မတတ်နိုင်ဘူးဗျာ။ ကျုပ်နာမည် ဖိုးထောင်ပါဆိုနေမှ တစ်ရွာလုံးသိတယ်။ မယုံရင် နောက်က ကျုပ်အဖေနဲ့ အမေသာမေးကြည့်ပေတော့"

လို့ပြောပြီး နောက်ကကျုပ်အဖေနဲ့အမေကို စစ်ကူတောင်းသလိုမျိုး လှည့်ကြည့်မိလိုက်သေးတယ်။ ဒါတောင် ဒီဆရာဆိုတဲ့လူက အတော်လက်ပေါက်ကပ်တဲ့လူဗျ။ ကျုပ်ပုံကိုကြည့်ပြီး အသံနက်ကြီးနဲ့ ရယ်မောပြီး

"ဟားဟားဟားဟား … ငါဆရာကို ဒီလိုနည်းနဲ့ ဉာဏ်များလို့ရရိုးလားကွ။ ဟိတ်ကောင် အပကောင် ငါကောင်းကောင်းမေးနေတာကို အမှန်အတိုင်း ကောင်းကောင်းဖြေစမ်း။ မဟုတ်ရင် ငါ့အကြောင်းကောင်းကောင်း သိသွားစေမယ်"လို့ ကြိမ်းမောင်းပြီး ကျုပ်ရှေ့ကို နှစ်လှမ်းလောက် တိုးလာပါလေရော။ သူကမတ်တပ်ရပ်လျှက်ဗျ။ ကျုပ်က သူ့ရှေ့မှာ ဒူးတုပ်ထိုင်နေရတာဆိုတော့ လန့်သွားရတာပေါ့။ ဒါနဲ့မော့ကြည့်ပြီး…

"ဟဲဟဲ … မနောက်ပါနဲ့ ဆရာရယ်။ ကျုပ်တကယ် ဖိုးထောင်ပါ။ မိုးကြိုးပစ်ရပါစေ့ ဖိုးထောင်ပါဗျာ"လို့လည်း ပြောလိုက်ကရော

"အောင်မာ ဒီလောက်ပြောနေတဲ့ကြားက ငါဆရာကို လိမ်ချင်

တဲ့အကောင် ကောင်းကောင်းဆုံးမရသေးတာပေါ့။ ဟိတ်ကောင်တွေ ဒီကောင်ကို ချုပ်စမ်းကွာ''

ဆိုတဲ့ ဆရာလုပ်သူ အမိန့်သံနဲ့အတူ ဗြုန်းဆို ဘယ်ကနေ ဘယ်းပို ရောက်လာမှန်းမသိတဲ့ လူနှစ်ယောက်က ကျုပ်ကို တစ်ဘက် တစ်ချက်ဝင်ပြီး ချုပ်ပါလေရော။ အဲဒီအထိ ကျုပ်မရုန်းသေးဘူး။ ဆရာ ဆိုတဲ့လူကို ကျုပ်ဟာဖိုးထောင်ဖြစ်တဲ့အကြောင်း တောင်းပန်ပြောဆို နေမိသေးတယ်။ မရတော့ဘူး။ နောက်မကြာပါဘူး။ နောက်ထပ်လူနှစ် ယောက်ပါ ထပ်ဝင်လာပြီး လေးယောက်သား ကျုပ်ခြေထောက်နဲ့ လက် တွေကို ကြိုးတွေနဲ့ဝိုင်းချုပ် တုပ်နှောင်ပြီး အောင်မလေး ဆရာဆိုတဲ့ လူကြီးက ကျုပ်ကိုကြိမ်နဲ့ တရွှမ်းရွှမ်းဆော်ပါရောလားဗျာ။ နာလိုက်တာ မပြောပါတော့နဲ့။ ကျုပ်အော်ဟစ်ငိုယိုပြီး တောင်းပန်နေတဲ့ကြားကကို

''မှတ်ပြီလားကွဟေ''

''ပြောမလားကွ... မင်းဘယ်သူဆိုတာ''

''သိပြီလားကွ ငါ့အကြောင်း''ဆိုပြီး ရက်ရက်စက်စက် မညှာ မတာကို ရိုက်နေတော့တာ ကျုပ်မှာလည်း လိမ့်လို့ပေါ့ဗျာ။ မလိမ့်ခံနိုင် ရိုးလားဗျ။ သူ့ကြိမ်က ရေစိမ်ထားတဲ့ စပါယ်ရှယ်ကြိမ်လုံးကြီးကိုးဗျ။ ရှမ်းကနဲ တစ်ချက်ချလိုက်တိုင်း အသားထဲကို မြုပ်မြုပ်ဝင်သွားတာ။ ကျုပ် ကျောတွေတင်ပါးတွေဆိုတာ ဘာပြောကောင်းလိမ့်မတုံး။ တစ်ချက် ချလိုက်တိုင်း တွန့်တွန့်ကိုလူးသွားရတာ။ အဲနောက်တော့ မကြာပါဘူး။

ကျုပ်ရှန်းရင်းကန်ရင်းနဲ့ ခြေထောက်မှချည်ထားတဲ့ ကြိုးဟာ ပြေသွားပါလေရော။ ဒီတော့မှ ကျုပ်လည်းရှိတဲ့အားကို စုစည်းပြီး မတ်တပ်ထရပ်ဘေးကလူလေးယောက်ကို ဒူးပျံတွေကျွေး၊ ခြေဖျားနဲ့သမ၊ ဖနောင့်နဲ့ပေါက် ဘာပြောကောင်းမတုံး ကျုပ်တို့နယ်က ဘုရားပွဲလက်ဝှေ့ပွဲတွေတောင် ဝင်တိုးလာခဲ့တဲ့ ဖိုးထောင်ပဲဗျာ။ အကုန်လုံး ဂျွန်းသတာကိုလန်ကုန်ရော။ ပြီးမှ ကျုပ်ကိုကောင်းကောင်း သမထားတဲ့ ဆရာဆိုတဲ့နှုတ်ခမ်းမွှေးကားကားနဲ့ အကောင်ကြီးကို ကြိုးနဲ့ပူးချည်ထားတဲ့ လက်နှစ်ဘက်နဲ့ မျက်ခွက်ကြီးတည့်တည့် ထိုးချလိုက်တော့တာ။ သွားအကုံးလိုက်ကျွတ်ကရော။ အခြားကြည့်နေကြတဲ့ အိမ်ပေါ်ကလူတွေဆိုတာလည်းပြေးကြလွှားကြ အော်ကြဟစ်ကြ ပွက်ကာလောရိုက်ပေါ့ဗျာ။ နောက်ဆုံးကျုပ် နတ်စင်မှာထိုးထားတဲ့ ဓာကိုဆွဲပြီးကိုင်လိုက်တာ ဆရာဆိုတဲ့လူနဲ့သူ့တပည့်တွေများ ပြေးလိုက်ကြတာ အမြီးကိုတန်းနေကြတာပါပဲ။ ဘယ်နှယ့်ဗျာ ကိုယ်ဟာကိုယ် ဘာဖြစ်မှန်းမသိလို့ ဒုက္ခရောက်နေရတဲ့အထဲအလကားအမိပွါယ်မရှိ ပရောဂဝင်သလိုလို အမှောင့်အဖျက်ဝင်သလိုလူတွေထင်အောင်လုပ်ပြီး ကြိမ်စွမ်းပြချင်တဲ့ ပယောဂဆရာစုတ်၊ နောက်မှ ကျုပ်မိဘတွေကိုလည်း ဒေါသဖြစ်ဖြစ်နဲ့ ...

"ကျုပ်ဘာမှ မဖြစ်ဘူး။ နောက်တစ်ခါ မဟုတ်ကဟုတ်ကဟာတွေနဲ့ ကျုပ်ကိုကုရင်တော့ အကုန်လုံးမသာပေါ်အောင် လုပ်ပစ်လိုက်မယ်။ နောက်မှ ကျုပ်ကိုအဆိုးမဆိုကြနဲ့" လို့ပြောပစ်မိတယ်။ ဒီတော့

မှ အဖေနဲ့အမေကလည်း...

"မ...မလုပ်တော့ပါဘူး လူလေးရယ်။ အဖေတို့လည်း မင်းအတွက် စိုးရိမ်လို့ လုပ်မိလုပ်ရာ လုပ်မိတာပါကွာ"

"ဟုတ်ပါတယ် လူလေးရယ် ငါ့သားလေးကို ဒီလိုလုပ်မှန်းသိရင် အမေတို့မခေါ်ပါဘူးကွယ်။ တော့ကိုသာအောင် ကျုပ်သားလေးဒဏ်ရာတွေကို ကြည့်စမ်းပါဦးတော်။ မှန်းမှန်း အမေ့ကိုပြစမ်း လူလေး"

ဆိုပြီး အဲဒီတော့မှ တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို ပရောဂဆရာကြီးမ်လုံး ဒဏ်ချက်ပါ ခံလိုက်ရတဲ့ ကျုပ်အတွက် တစ်ခါထပ်ပြီး စိတ်မကောင်း ဖြစ်ကြရပြန်တယ်ပေါ့ဗျာ။

ဒီလိုနဲ့ ကျုပ်သတင်းက ကျုပ်တို့ရွာတင်မကတော့ဘူး။ အခြားရွာနီးစပ်ချုပ်တွေအထိတောင် ပျံ့နှံ့ကုန်ပြီ။ နောက်ထပ် (၂)လလောက်ကြာတဲ့အထိ ကျုပ်အခြေအနေက မထူးခြားဘူးဆိုပါတော့ဗျာ။ ဒီကြားထဲ ကျုပ်သတင်းကြားပြီး ရွာနီးစပ်ချုပ်က လာကြည့်ကြတဲ့ လူတွေလည်း မပြတ်နဲ့ပေါ့ဗျာ။ ကြာတော့ ကျုပ်အဖေနဲ့အမေ မပြောနဲ့ ရွာကလူတွေတောင် သုံးလလောက်ထိ ဘာတစ်ခုမှ မစားမသောက်ဘဲ ကျန်းကျန်းမာမာရှိနေတဲ့ ကျုပ်အဖြစ်ကို ဘာတစ်ခုမှ ရေရေရာရာ မပြောနိုင်တော့ဘဲ အံ့သြနေကြရုံသာ တတ်နိုင်ကြတော့တယ်။

အဲ...ဒီလိုနဲ့ တစ်ရက်တော့ ကျုပ်တို့အိမ်ကို အသက်(၄၅)နှစ်အရွယ်လောက်ရှိတဲ့ ဥပတိရုပ်ကောင်းကောင်း ဆေးဆရာရှိတဲ့ လူ

တစ်ယောက်ရောက်လာခဲ့တယ်ဗျ။ ကျုပ်သတင်းကြားလို့ လာကြည့်တာ ဆိုပြီး ကျုပ်ကို သေသေချာချာ စစ်ဆေးကြည့်ရှုတယ်။ ပြီးတော့ ဒီရောဂါကို သူချက်ချင်းကုနိုင်တဲ့ အကြောင်းပြောတော့တာကိုး။ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်ဆိုသလို ကျုပ်လည်း နေရာကခုန်ထပြီး...

"မကုဘူး။ ကျုပ်ဘာမှမဖြစ်ဘူး။ ဒီတစ်ခါ ကျုပ်အသားထိလို့ကတော့ မလွယ်ဘူး"ပေါ့ဗျာ။ ကျုပ်လည်း ခံထားရတဲ့ကောင်ဆိုတော့ ဘယ်မေ့မတုံး။ ထအော်ပစ်လိုက်တော့တာပေါ့။ ဒီတော့ ... ဆေးဆရာဆိုတဲ့ လူကြီးက အသံအေးအေးနဲ့ ...

"ထိုင်ပါဦး တူမောင်ရယ်။ ကျုပ်ကုမယ်ဆိုတာ မောင်ရင့်ကို အသားနာအောင်လည်းမလုပ်ဘူး။ နောက်တစ်ချက် ရောဂါဖစ်ဖြစ် အကြောင်းရင်းအမှန်ကို သိရမှကုမှာပါ။ ကျုပ်ထင်တဲ့အတိုင်း အမှန်ဖြစ်ခဲ့ရင်တော့ ဘာမှမပူနဲ့။ ကျုပ်ဆေးတစ်လုံး တိုက်လိုက်တာနဲ့ မောင်ရင့်ရောဂါ အရှင်းပျောက်သွားစေရမယ်"

လို့လည်းပြောရော ဝိုင်းကုန်ကြပြီ၊ ကျုပ်မိဘတွေ မျက်လုံးတွေပြူးပါတယ်။ ကျုပ်လည်း အတူတူပဲပေါ့ဗျာ။ ကိုယ့်ဥစ္စာ ဘာဖြစ်နေမှန်းမှ မသိတာ။ သူပြောသလို ရောဂါလား ဘာလားနဝေတိမ်တောင်ပေါ့။ ဒါပေမယ့်လို့ ဒီလိုဆေးဆရာဆိုတဲ့လူပြောတဲ့ စကားလည်းကြားရရော

"ဆရာ တတ်နိုင်မယ်ဆိုရင်တော့ အားကိုးပါတယ်ဆရာရယ်။ ကျုပ်တို့သားလေးဟာ ဘာဖြစ်မှန်းကို ကျုပ်တို့မသိတော့ စိုးရိမ်နေရတာ

ပေါ့ဆရာရယ်။ ဆေးတစ်လုံးတိုက်တာနဲ့ ပျောက်မယ်ဆိုရင်တော့ ကျုပ်သားလေးကို ဆရာ့လက်ထဲ အပ်ပါ့မယ်...ကုပေးပါဆရာ''

ပြောပါလေရော ကျုပ်အဖေက အမေကလည်း အတူတူပဲ ဆေးတစ်လုံးတိုက်တာနဲ့ ပျောက်မယ်ဆိုတော့ ကုပေးပါ ကျေးဇူးဆပ်ပါ့မယ်ပေါ့။ ဝမ်းသာအားရနဲ့ ဆေးဆရာကို အိမ်ဦးခန်းပင် ကျကျနန ညှိခံပေါ့ဗျာ။

နောက်တော့ ဆေးဆရာက ကျုပ်ကို ဒီရောဂါမဖြစ်ခင် တောင်ပေါ်မှာ ဘယ်လိုထူးထူးဆန်းဆန်း အဖြစ်အပျက်မျိုးနဲ့ ကြုံခဲ့ရသလဲဆိုတာ မေးတယ်ဗျ။ အခုဆို (၃)လကျော်ကျော်သာရှိခဲ့တယ်။ ဒီလိုမေးခွန်းမျိုး ကျုပ်ကိုဘယ်သူမှ မမေးခဲ့ဘူးလေဗျာ။ ကျုပ်လည်း ဒါကိုတစ်ခါမှ မစဉ်းစားခဲ့မိဘူး။ ရှိပြီလားဗျာ။ ကျုပ် ဦးလေးဦးတင်အောင်တို့နဲ့ တောင်ပေါ်ထင်းခုတ်လိုက်ခဲ့တုန်းက ထူးထူးဆန်းဆန်းပဲ ပြောစရာလည်း ဒါပဲရှိတယ်။ ဒီလိုဗျ''

✦ ✦ ✦

''ကိုင်း...မောင်ဖိုးထောင် ငါတို့သစ်ခုတ်သွားတော့မယ်။ စခန်းအပြင်ဖက် ဝေးဝေးလံလံ လျှောက်မသွားနဲ့ဦး။ ဒီနေရာတွေက နတ်ကြီးတယ်ဟ။ မင်းကအခုမှ လိုက်လာတဲ့လူသစ်ဆိုတော့ ဒီတောင်

ပေါ်အရပ်ဒေသတွေအကြောင်း ဘာမှမသိသေးဘူးကြားလား။ ထမင်း။ ဟင်းတွေကိုလည်း သေသေချာချာ ချက်ပြုတ်ထားဦးနော်။ အချိန်မှီ ကျက်ဖို့အရေးကြီးတယ် ဂရုစိုက်ကွာ''

''စိတ်ချပါ ဦးလေးတင်အောင်ရာ။ ဦးလေးလူတွေ ပြန်လာတာနဲ့ စားဖို့အသင့် ဖြစ်နေစေရပါမယ်''

''ကိုင်း... ဒီလိုဆိုလည်း စိတ်ချပါရစေကွာ သွားပြီဟေ့''

အတန်တန်မှာပြီး ထွက်သွားတဲ့ ဦးလေးတင်အောင်တို့အဖွဲ့ ကိုကြည့်ပြီး ကျုပ်ပြုံးလိုက်မိတယ်။ အင်း... သူတို့စိတ်မချဖြစ်မယ်ဆို လည်း ဖြစ်စရာပေါ့ဗျာ။ ကျုပ်က မလိုက်စဖူး အခုအခေါက်မှ လိုက်လာ မိတဲ့လူကိုးဗျ။ ပြောရမယ်ဆို ပျင်းပျင်းရှိလှတာနဲ့ အတွေ့အကြုံလေး ဘာလေးရအောင် လိုက်လာခဲ့တဲ့ အပိုလူပေါ့ဗျာ။ ဒီတော့ အန္တရာယ် များလှတဲ့ သစ်ခုတ်တဲ့အလုပ်ကို ကျုပ်ဘယ်လုပ်တတ်မတုံး။ စခန်းစောင့် ထမင်းချက်အလုပ်လောက်ပဲ လုပ်ရတာပေါ့ဗျာ။ ဒါကြောင့်မို့လည်း ဦးလေးတင်အောင်က အခုလိုမှာနေတာပေါ့။

မကြာပါဘူး ကျုပ်လုခြောက်ယောက်စာအတွက် ထမင်းအိုး တစ်လုံးတည်။ ပါလာတဲ့ အမဲခြောက်တွေထဲက ဟင်းတစ်နပ်စာ ခရမ်း ချဉ်သီးနဲ့ တစ်ခွက်ချက်။ ငရုတ်သီးထောင်း တစ်ခွက်စီမံပြီးပြီပေါ့ ကျုပ် အလုပ်။ ဒါပေမယ့် အဲဒီမှာ ကျုပ်နည်းနည်း အလုပ်ရှုပ်ရတဲ့ကိစ္စပဲ။ ကျုပ်လိုက်လာတဲ့အခေါက်ကျမှ တစ်ပြည်ဝင်ဒန်အိုးကြီးက မေ့ကျန်ခဲ့

သတဲ့ဗျာ။ တောင်ပေါ်တက်ဖို့ ပစ္စည်းတွေဘာတွေ ပြင်ဆင်လုပ်ကြတုန်းက ဦးလေးတင်အောင်လူတွေ သစ်ခုတ်ပစ္စည်းတွေပဲ အာရုံထားကြတော့၊ အဓိကဖြစ်တဲ့ ထမင်းအိုးကြီး မေ့ကျန်ခဲ့ရတာပေါ့။ သူတို့ကိုလည်း အပြစ်ပြောလို့တော့ မရဘူး။ သစ်ခုတ်ပစ္စည်းတွေကလည်း နည်းတာမှတ်လို့။ တူတွေ၊ ဆောက်တွေ၊ ကြိုးတွေ၊ ဓားတွေ၊ ပေမန်းလွှတွေ၊ သစ်တွေအပြင် အဓိကရိက္ခာတွေဖြစ်တဲ့ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အမဲခြောက်၊ ခြောက်ငါးခြမ်း ငပိပါမကျန် အတော့်ကိုများမှကို။ ဒီကြားထဲ အိုးခွက်ပန်းကန်ခွက်ယောက်နဲ့ ကိုယ့်အသုံးအဆောင် လိုအပ်မယ့် ပစ္စည်းတွေပါ သယ်လာရတာဆိုတော့ တစ်ခုတစ်လေတော့ မေ့ကျန်တတ်တာပေါ့ဗျာ။ ကဲထားပါတော့ အဓိကဖြစ်တဲ့ ဒီထမင်းအိုးကြီး မေ့ကျန်ခဲ့တော့၊ ကျုပ်မှာ ရေနွေးကြမ်းကြို ဟင်းချိုချက်တဲ့ ပါလာတဲ့လေးဗူးစင် ဒန်အိုးနဲ့ပဲ လူခြောက်ယောက်စာကို ဖြစ်အောင်ချက်ရတော့တာပေါ့။ ဒီတော့ လူခြောက်ယောက်စာအတွက် နှစ်ပြန်ချက်ရတာပေါ့။ တစ်ခါချက် တစ်ပြည်ကိုးဗျ။ လုပ်တဲ့အလုပ်က အလုပ်ကြမ်းဆိုတော့လည်း လူခြောက်ယောက်စာ တစ်ပြည်ချက်မှ လောက်သမျှ အဲဒီမှာလေးဗူးဝင်အိုးနဲ့ နှစ်ပြန် ပြန်ချက်ရတာထားဦး ထမင်းတစ်အိုး တည်ပြီးလို့ကျက်ရင် အဲဒီထမင်း ကို လှယ်ထည့်ထားဖို့ရာ မရှိတာခက်တာ။

လူခြောက်ယောက်စာအတွက်သာ ဆိုတယ်ပါတယ်တဲ့ သံပန်းကန်ပြားက သုံးချပ်တည်းရယ်လေဗျာ။ တကယ်ခက်တဲ့ လူတွေဗျာ။

သူတို့က တောထဲကနေပြီး ပြန်စားရင် နှစ်ဆိုင်းခွဲပြီး ပြန်စားတာမို့လို့ သယ်ရတာဝန်ပေါ့အောင် ထမင်းအိုးကြီးတစ်လုံး၊ ရေနွေးကြိုဖို့ အိုးလတ်တစ်လုံး ဟင်းချက်ဖို့ ဒယ်အိုးတစ်လုံး သံပန်းကန်ပြား သုံးချပ်။ ဒါပဲ ယူလာတတ်သတဲ့။ တကယ်ဗျာ နောက်ထပ် ပန်းကန်ပြား သုံးချပ်လောက် ပိုယူလာလို့ ဘယ်လောက်ပိုလေးသွားမှာမှတ်လို့ ပြောမပြောချင်တော့ဘူး။ ရေနွေးကြမ်းသောက်ဖို့ အခြားငရုတ်သီးထောင်းလိုမျိုး ဘာညာထည့်ဖို့ကျတော့ တောထဲက ဝါးဆစ်ပူးအပိုင်းလေးတွေပဲလုပ်ပြီး အသုံးပြုကြသဗျ။ အဲဒါထား အခုကျုပ်မှာ အလုပ်ရှုပ်ရပြီလေဗျာ။ ထမင်းအိုးတစ်လုံးကျက်ပြီးတိုင်း လှယ်ထည့်ဖို့ အင်ဖက်လို တောထဲက အရွက်ကြီးကြီးတွေ ကြိုခူးထားတဲ့အလုပ်ပေါ့။ ဟုတ်တယ်လေ ဒါမှအဆင်ပြေတော့မပေါ့ဗျ။ ထမင်းတစ်လုံး ကျက်တာနဲ့ အသင့်ခင်းထားတဲ့ အရွက်တွေပေါ် သွန်မှောက်လှယ်ထည့်ပြီးမှ နောက်တစ်လုံးချက် ဒီလိုပဲ လုပ်ရတော့တာပေါ့။ ဒီလိုနဲ့ တစ်ရက်လည်းကျရော ထမင်းလှယ်ထည့်ဖို့ အရွက်ရှာခူးရင်း ပိန်းပင်လို အရွက်ကြီးကြီးနဲ့ အပင်တစ်ပင်တွေ့တာနဲ့ ခူးခဲ့ရောလား။

ပြီးတော့ ထမင်းတစ်လုံးကျက်တာနဲ့ ခူးလာခဲ့တဲ့ အရွက်နှစ်ရွက်ပေါ် သွန်မှောက်လှယ်ထည့်။ နောက်ထပ် ထမင်းအိုးတစ်လုံး ထပ်တည်နေတုံး။ လား... လား... အရွက်နှစ်ရွက်ပေါ် သွန်မှောက်ထားတဲ့ ကျုပ်ထမင်းတွေဟာ ကောင်းညှင်းငချိပ်တွေကို မည်းကုန်ပါရောလား။

ကျုပ်လည်း တအံ့တသြနဲ့ ကျုပ်ရူးလာခဲ့တဲ့ အရွက်တွေဟာ အဆိပ်ရွက်တွေများ ဖြစ်နေသလားပေါ့။ အဲဒါနဲ့ပဲ ကျုပ်မှာ နောက်ထပ် ထမင်းတစ်လုံးထပ်ချက်လိုက်ရတာပေါ့ဗျာ။ နောက် ဦးလေးဦးတင်အောင် ငေါက်မှာစိုးတာနဲ့ သူတို့မသိခင် အဲဒီထမင်းမည်းတွေကို ခင်းထားတဲ့ အရွက်နှစ်ရွက်နဲ့ပဲ ထုပ်ပြီးသွားလွှင့်ပစ်ရတော့တယ်။ အဲဒီမှာ ဘယ်လိုဖြစ်တုန်းဆိုတော့ အရွက်နှစ်ရွက်နဲ့ပထုပ်ပြီး လွှင့်ပစ်ဖို့ယူလာခဲ့တဲ့ ထမင်းမည်းတွေရယ်လေ။ မွှေးလိုက်တာ လွန်ပါရောဗျာ။ ကောက်ညှင်းနံ့လိုလို ငှက်ပျောသီး သီးမွှေးနံ့လိုလို အနံ့သင်းသင်းလေးမျိုးဗျ ဒါနဲ့ကျုပ်လည်း ထမင်းထုပ်ကို မြေကြီးပေါ်ချ ပြန်ဖွင့်ကြည့်လိုက်တော့ မွှေးလိုက်တဲ့အနံ့ဆိုတာ အဲဒီမှာ ချက်ချင်းစားကြည့်ချင်တဲ့ စိတ်တွေကိုပေါက်လာရောဒါနဲ့ပဲ ကျုပ်နည်းနည်းလောက်ယူပြီး ပါးစပ်ထဲ ထည့်ကြည့်လိုက်တော့တယ်။ အောင်မလေး ဘယ်လိုအရသာရှိမှန်းကို မသိဘူးဗျာ။ ချိုမွှေးပြီးတစ်မျိုးလေးပဲဗျ။ ဒီတော့ ကျုပ်လည်း ဖြစ်ချင်တာဖြစ်ဆိုပြီး ပထမတစ်လုပ်ယူပြီး ပလုပ်ပလောင်း စားပစ်လိုက်တော့တယ်။ ကောင်းလိုက်တဲ့အမျိုးဗျာ၊ ကျုပ်တစ်သက် စားဖူးခဲ့တဲ့ အစားအစာမျိုးတွေထဲမှာ ဒီလောက်အရသာရှိတဲ့ ဟာမျိုးတစ်ခါမှကိုမရှိဘူး။ ဒါနဲ့ ဒုတိယတစ်လုပ်ထပ်စားတော့ မကြာပါဘူး ဗိုက်ထဲမှာ တဖြည်းဖြည်း ပူလာသလိုမျိုးခံစားလိုက်ရပါရောလား။ အဲဒီတော့မှ ကျုပ်လည်း ဘုရား...ဘုရား အဆိပ်ဖြစ်နေတဲ့ ထမင်းတွေ ငါစားမိပါပေါ့လားဆိုတဲ့အတွေး မျိုးပေါက်

လာပြီး နေရာကထပြီး စခန်းတဲကိုပြန်ပြေးလာခဲ့မိတော့တယ်။ ဒါပေမယ့် စခန်းတဲလည်းရောက်ရော ဗိုက်ထဲမှာပူနေတဲ့ ဝေဒနာတွေဟာ တဖြည်းဖြည်း ပြန်ပျောက်သွားတယ်ဗျ။ နောက်လူ တစ်ကိုယ်လုံးလည်း ချက်ချင်းပေါ့ပါးလန်းဆန်းသွားသလိုမျိုး ခံစားလိုက်ရတော့ တော်သေးရဲ့ အဆိပ်မဖြစ်ဘူးဟာဆိုပြီး အတော်လေး ဝမ်းသာသွားရတော့တယ်။ နောက်တော့ မကြာပါဘူး ဦးလေးဦးတင်အောင်နဲ့ သူ့လူနှစ်ယောက် ထမင်းစားဖို့ ရောက်လာကြတော့ အသာကလေး ဣန္ဒြေဆည်ပြီး သူတို့စားဖို့ ပြင်ဆင်ခူးခပ်ပေးပြီး ဒီအကြောင်းကို ဘယ်သူ့မှ မပြောဘဲနေခဲ့လိုက်တော့သည်။ အဲ... နေဦး... အဲဒီနေ့က ကျုပ်တို့စခန်းသိမ်းပြီး ရွာပြန်ဖို့ နောက်ဆုံးရက်ပဲဗျ။ ဟုတ်တယ် တိတိကျကျပဲ''

✦ ✦ ✦

အဲဒီလို ကျုပ်တောင်ပေါ်မှာ ကြုံခဲ့ရတဲ့ ထူးထူးဆန်းဆန်း အဖြစ်အပျက်ကိုလည်း ပြောလိုက်ရော ဆေးဆရာလူကြီးမျက်နှာအား တစ်ခါတည်း ဝင်းပသွားတော့တာပဲ။ ပြီးတော့ ကျုပ်ခူးခဲ့တဲ့ အရွက်နှစ်ရွက်ပုံသဏ္ဍာန်ကိုမေးတယ်။ ကျုပ်လည်း ဖြေလိုက်တာပေါ့။ ကျုပ်ခူးခဲ့တဲ့ အရွက်နှစ်ရွက် ပုံသဏ္ဍာန် အရောင်အဆင်းပါမကျန် ကျုပ်လည်းဖြေပြီးရော ဆေးဆရာက ဝမ်းသာအားရလေသံနဲ့ ...

"ဟုတ်ပြီ . . . သေချာပြီ။ ဘာမှမပူနဲ့ ကျုပ်ဆေးတစ်လုံး တိုက်လိုက်မယ်။ မောင်ရင့်ရောဂါ ချက်ချင်းကို ပျောက်သွားစေရမယ်"

ဆိုပြီး ပြောပြောဆိုဆို သူ့လွယ်အိတ်ထဲကနေပြီး လက်သည်း ခွံလောက်ရှိတဲ့ ခပ်မည်းမည်း ဆေးတစ်လုံးကိုထုတ်ပြီး ကျုပ်ကိုတိုက် တော့တယ်။ ကျုပ်လည်း ကိုယ့်ရောဂါ ဘာရောဂါတုံးဆိုတာတောင် မမေး လိုက်ရဘူး။ အဖေရော အမေကပါ တစ်ခါတည်း တိုက်တွန်းနေတာ ကြောင့် ဆေးဆရာတိုက်တဲ့ ဆေးလုံးကို သောက်လိုက်ရတော့တယ်။ မကြာပါဘူး ခဏလောက်ငဲ့နေတော့ ဗိုက်ထဲမှာ အန်ချင်သလိုမျိုးကြီး ဖြစ်လာရောဗျ။ အဲဒီမှာ ဆေးဆရာက...

"ဘာမှမကြောက်နဲ့ ဘာမှမဖြစ်ဘူး။ အန်ချလိုက် အန်ချ လိုက်"

ဆိုတာနဲ့ တစ်ခဲတည်း ဝေါကနဲ ထိုးအန်ချလိုက်မိတော့တယ် ဆိုရင်ပဲ ကျုပ်ပါးစပ်ထဲကနေပြီး တစ်ထွာလောက်ရှိတဲ့ ခပ်ညိုညို အကောင့်တစ်ခု ထူးထူးဆန်းဆန်း ထွက်ကျလာပါရောလားဗျာ။

အဲဒီမှာ ဒီထက်ထူးဆန်းတာကတော့ ဆေးဆရာဗျ။ မရှုံ့မရှာ ဗျာ ဘာလုပ်လိုက်တယ်မှတ်တုံး။ ကျုပ်အန်ချလိုက်တဲ့ အန်ဖတ်တွေထဲက ခုနက ညိုညိုအကောင့်ကြီးကို ကုန်းကောက်ပြီး တစ်ခါတည်း မြိုချလိုက် တော့တာပဲ။ ပြီးလည်းပြီးရော ကျုပ်တို့သားအမိ သားအဖသုံးယောက် စလုံးကိုတောင် တစ်ချက်ကလေး နှုတ်ဆက်မသွားဘဲ အိမ်ထဲကနေ

ပြေးထွက်သွားပါရောလားဗျာ။ ကျုပ်တို့လည်း အံ့အားသင့်ပြီး ကျန်နေခဲ့ကြတာပေါ့။ အဲဒီလိုရှိနေတုန်း ကျုပ်မှာ ဗိုက်ထဲက ဝေဒနာတစ်ခု ချက်ချင်းခံစားလိုက်ရတယ်။ သုံးလကျော်ကျော်လောက် ပျောက်နေခဲ့ရတဲ့ ဗိုက်ဆာတဲ့ဝေဒနာလေဗျာ။ ဆာလိုက်တာ မပြောပါတော့နဲ့။ ဒါနဲ့ ကျုပ်လည်း "ဗိုက်ဆာလိုက်တာ အမေရာ" လို့ငြီးလိုက်ရော။ ကျုပ်အဖေနဲ့ အမေဟာ ထူးထူးဆန်းဆန်း ပြေးထွက်သွားတဲ့ ဆေးဆရာကိုတောင် သတိမရနိုင်ရှာတော့ဘဲ ဝမ်းသာအားရနဲ့ ချက်ချင်းပဲ ကျုပ်အတွက် ထမင်းတွေဟင်းတွေ ပြင်ပေးကြတော့တာပေါ့။ ဘာပြော ကောင်းမတုံးကျုပ်လည်း ဆာဆာနဲ့ ကျွေးပစ်လိုက်တာ ဟင်းထမင်းတွေဆိုတာ တက်တက်ကိုပြောင်ကရော။ ကျုပ်ကိုကြည့်ပြီး အဖေနဲ့အမေတို့ဆိုတာလည်း ဝမ်းသာလို့ပေါ့ဗျာ။ အမေဆို...

"မောင်မင်းကြီးသား ဆေးဆရာ ကျန်းမာပါစေ။ ချမ်းသာပါစေတော်။ ဘုန်းကြီးလို့ အသက်ရှည် ဒီထက်မက စည်းစိမ်ဥစ္စာတွေတိုးပွားပါစေတော့်"

ဆိုပြီးနာမည်တောင် မသိလိုက်ရတဲ့ ကျုပ်ကျေးဇူးရှင် ဆေးဆရာကို ဆုတွေတစ်လှေကြီး ပေးလိုက်သေးသဗျ။ အဖေလည်း အတူတူပေါ့ဗျာ။ ဘာထူးတုံး...

"သူ့ဥပတိရုပ် ကြည့်လိုက်တာနဲ့ကို အစွမ်းထက်တဲ့ ဆရာတစ်ယောက်ပဲဆိုတာ သိလိုက်သားဟ"

ဆိုပြီး ဆေးဆရာကို အမျိုးမျိုးချီးကျူးနေတော့တာပေါ့။ ဒီတော့ ကျုပ်လည်း သူတို့နှစ်ယောက်ကိုကြည့်ပြီး ထမင်းပြန်စားလာနိုင်အောင် လုပ်ပေးခဲ့တဲ့ ဆေးဆရာကို ကျေးဇူးတင်မိသလိုလိုပေါ့ဗျာ။

ဒီလိုနဲ့ ကျုပ်ပုံမှန်ပြန်ဖြစ်။ အရင်လိုပဲ ထမင်းတွေဘာတွေ ပြန်စားပြီးလို့ တစ်ပတ်လောက်လည်းရှိရော ကျုပ်တို့အိမ်ကို မြို့က ဘဘုန်းကြီးတစ်ယောက်...အဲ...တစ်ပါးပေါ့ဗျာ။ ကျုပ်သတင်းကြားလို့ ရောက်လာပါလေရော့။

ဒီတော့ ကျုပ်အဖေနဲ့ အမေကလည်း ဝမ်းသာအားရနဲ့ ကျုပ် ပုံမှန်အတိုင်း ပြန်ဖြစ်နေပြီဖြစ်တဲ့အကြောင်း အလုံးစုံလည်း လျှောက် တင်လိုက်ရော ဘဘုန်းကြီးက ဘယ်လိုမိန့်လိုက်တယ်မှတ်တုံး။ ကျုပ် အဖေကို...

"မိုက်လိုက်ပါဘိ သားမောင်ရာ နင်တို့လောက်မိုက်တာ ရှိ မရှိတော့ဘူး။ ငါကြွလာတာလည်း နောက်ကျသွားမှကိုး။ အေးလေ ဘယ်တတ်နိုင်ပါ့မတုံး။ နင့်သားနဲ့မထိုက်လို့ သူများနောက် ပါသွားတယ် လို့ပဲ မှတ်ရတော့မှပေါ့။ အဲဒါ နင်တို့သားဘဝဖြစ်တာ မှတ်တုံး။ အာဟာရ သိဒ္ဓိပေါက်သွားခဲ့ရတာဟဲ့။ နင်တို့ပြောတဲ့အတိုင်းဆို သူတောင်ဖေါ်မှာ တွေ့ခဲ့ရတဲ့ အရွက်နှစ်ရွက်ဆိုတာ သိဒ္ဓိနွယ်ဝင်ဂမုန်းတွေထဲက ဂမုန်း နက်ဟဲ့ ...ထိုက်တဲ့လူမှ တွေ့ရတတ်တာ သူ့အစွမ်းက သူ့အရွက် အရိုးကိုစားမိရင် အဟာရသိဒ္ဓိပြီးမြောက်တယ်။ ဆောင်ထားနိုင်ရင်

ကာယသိဒ္ဓိပြောက်တယ်။ အခုနင်တို့သားက ဂမုန်းနက်ရွက်နဲ့ ထုပ်ပိ
တဲ့ထမင်းကိုစားမိပြီး အဟာရသိဒ္ဓိ ပြောက်သွားခဲ့ရလို့ ထူးထူးဆန်းဆန်း
သာမန်လူတွေထက် ထူးကဲပြီး (၃)လကျော်ကျော်လောက် ဘာမှမစား
မသောက်ဘဲနေနိုင်တာပေါ့။ ဒါကိုသိလို့ ဟိုနားလည်တဲ့ ဆေးဆရာက
ဂမုန်းနက်အရွက်နဲ့ အထုပ်ခံရပြီး အစွမ်းထက်နေတဲ့ ဖိုးထောင်ဗိုက်
ထဲက ထမင်းတောင့်ကို အန်ဆေးတိုက်ပြီး ယူသွားခဲ့တာပဲ။ နင်တို့တွေ
ဗဟုသုတနည်းတော့ ကိုယ့်သားဘာဖြစ်လို့ ဖြစ်မှန်းမသိ အခုတော့
မဟိဒ္ဓိပုဂ္ဂိုလ်ဖြစ်ရမယ့် ဘဝကနေ လွဲသွားရပါပေါ့။ မဟိဒ္ဓိပုဂ္ဂိုလ်ဆိုတာ
ရော သိကြရဲ့လား သိဒ္ဓိ(၁၀)ပါးမှာ တစ်ပါးပါးပြီးပြောက်တဲ့ ပုဂ္ဂိုလ်
ပြောတာဟဲ့။ ဒါနဲ့များတောင် ဟိုလူလည်ဆေးဆရာကို နင်တို့က ကျေးဇူး
တင်နေကြသေး မိုက်လိုက်ပါဘိ သာမောင်ရာ''.

တဲ့ခင်ဗျ။ ကဲ... ကောင်းကြသေးရဲ့လား။ ကျုပ်ဆိုတဲ့ ဖိုးထောင်
ရော ကျုပ်အဖေ ဦးသာမောင်ရော ကျုပ်အမေ ဒေါ်လှရော ဘဘုန်း
ကြီးစကားအဆုံး ပါးစပ်အဟောင်းသားနဲ့ မျက်လုံးလေးတွေ ကလယ်
ကလယ် အပြင်ဘာပြန်ပြောနိုင်ကြတော့မှာတုံး။ ဒါကြောင့် ကျုပ်ပြော
တာပေါ့။ ကျုပ်ထက်ကို ကျုပ်အဖေနဲ့ အမေဟာ ပို'အ'ပို'နုံ'သေးတယ်
လို့။

✦ ✦ ✦

# ဒဿန

သံသယသားကောင်များ

အင်္ဂလန်နိုင်ငံ တောင်ပိုင်းမြို့ငယ်လေး တစ်မြို့ရှိ ပန်ဒိုရာဟိုတယ်တွင် မြန်မာနိုင်ငံမှ လက္ခဏာပညာရှင် ဒေါက်တာထက်မြက် ဒုတိယအကြိမ် သွားရောက်တည်းခိုစဉ်က ဖြစ်သည်။

"ဒင်...ဒင်...ဒင်....."

နံရံပေါ်မှ နာရီအိုကြီး၏ ညဆယ့်တစ်နာရီ ထိုးသံအဆုံးတွင် လက္ခဏာကျမ်းတစ်ခုကို သဲသဲမဲမဲ ဖတ်နေသော ဒေါက်တာထက်မြက်က မီးလင်းဖိုကြီးထဲသို့ ထင်းများကို ထပ်ထည့်လိုက်ရင်း စာအုပ်ကို ဆက်ဖတ်နေလေသည်။ နာမည်ကျော် အင်္ဂလန်ဆောင်းရာသီ၏ သင်္ကေတအဖြစ် ဒေါက်တာထက်မြက်၏ မှန်ပြူတင်းပေါက်ကျယ်ကြီးတွင် ဆွတ်ဆွတ်ဖြူနေသော ငြိမ်သက်နေလေသည်။ သို့သော် တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်သော တံခါးခေါက်သံတစ်ခုက ထွက်ပေါ်လာသည်။

"ဒေါက်...ဒေါက်...ဒေါက်...ဒေါက်"

"ဘယ်သူများပါလိမ့် ညကြီးအချိန်မတော်"

ကို လျှော့ချလိုက်၏။ ထိုသူသည် မိတ်ဆွေတစ်ဦးဦး၏ လမ်းညွှန်မှုဖြင့် လက္ခာမေးရန် သူ့ထံရောက်လာခြင်းပင်လော။

"လက္ခဏာမေးမလို့လားမိတ်ဆွေ။ ကျုပ်က ညဖက်လက္ခဏာ မဟောဘူးဗျ"

ဒေါက်တာထက်မြက်၏ စကားကြောင့် ထိုသူ၏ မျက်နှာတစ်ချက် ပျက်သွားသည်။ ထိုသူက အသံတုန်တုန်ရီရီဖြင့် ...

"ဒီလို... ဒီလိုပါဆရာ... ကျွန်တော့် အမျိုးသမီးက ကျန်းမာရေး တော်တော်လေး ချို့တဲ့နေပြီး အခုသိပ်ကို အရေးကြီးတဲ့ အချိန်ရောက် နေပါပြီ။ သူက ဆရာ့ကို တွေ့ချင်တဲ့ဆန္ဒ သိပ်ကြီးနေပါတယ်။ ဆရာ့ကို လူမမာက သိပ်အားကိုးနေပါတယ် ဆရာ"

ထိုသူ၏ အပြုအမူနှင့် ပြောဆိုပုံမှာ ရင်ထဲမှ လှိုက်၍သွားရ လောက်အောင်ပင် ဝမ်းနည်းစရာ ကောင်းလှပေသည်။

"ပြီးတော့ ကျွန်တော့်ဇနီးသည်ကို ဆရာသိမှာပါ ခင်ဗျာ"

"မိတ်ဆွေ ဇနီးနာမည်က ဘယ်သူလဲ"

"မစွ အစ်စဗဲ အင်ဒါဆင်ပါ"

ဒေါက်တာထက်မြက် သိလိုက်ပါပြီ။ မနှစ်တုန်းက အင်္ဂလန် ကို သူရောက်ရှိနေစဉ် သူ့ထံ၌ လက္ခဏာလာရောက် မေးမြန်းခဲ့သူ ရွှေဝါရောင်ဆံပင်ရှည်များနှင့် မစွအစ်စဗဲ အင်ဒါဆင်ကို အာရုံ၌ပြန် လည် မြင်ယောင်လာ၏။

ဒေါက်တာထက်မြက်က စာအုပ်ကိုပိတ်ရင်း တီးတိုးရေရွတ်လိုက်သည်။

သူကသတိကြီးစွာဖြင့် အခန်းတံခါးကို ဆွဲဖွင့်လိုက်ရာ ရုတ်တရက် ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားလေသည်။ အခန်းတံခါးဝ၌ လူသေကောင်၏ မျက်နှာကို ဖြူဖွေးဖျော့တော့နေပြီး မျက်တွင်းများချိုင့်ဝင်နေသော မျက်နှာကြီးတစ်ခုက အုပ်မိုးကြည့်ရှုနေလေရာ ဒေါက်တာထက်မြက်က အံ့ဩမှင်သက်နေစဉ်မှာပင်...

"မင်္ဂလာညချမ်းပါ. မစ္စတာထက်မြက် ကျွန်တော့်ကို ဝင်ခွင့်ပြုပါ"

ပြောပြောဆိုဆိုပင် ထိုသူက တွန်းထိုး၍ အခန်းအတွင်းသို့ ဝင်လေသည်။ ဒေါက်တာထက်မြက်က ထိုသူ၏အပြုအမူကို မနှစ်မြို့သောကြောင့် ...

"ဒီမှာ မိတ်ဆွေ ဒါအင်္ဂလိပ်လူကြီး လူကောင်းတွေရဲ့ အပြုအမူမဟုတ်ဘူး"

"ဝမ်းနည်းပါတယ် လူကြီးမင်း။ ကျွန်တော့်မှာ သိပ်ကို အရေးကြီးတဲ့ ကိစ္စတစ်ခုရှိနေလို့ပါ။ လူကြီးမင်း ကူညီမှဖြစ်မှာပါ ကျွန်တော့်ကို ကူညီပါခင်ဗျာ"

လူသေမျက်နှာလို ဖြူဖွေးဖျော့တော့နေသော ဧည့်သည်၏ ညင်ညင်သာသာ တောင်းပန်ပြောဆိုမှုကြောင့် ဒေါက်တာထက်မြက်စိတ်

၏ အော်စတင် ကားနက်ကလေးဖြင့် လိုက်ပါခဲ့လေသည်။

ဟိုတယ်အပြင်ဘက်၌ လေတဟူးဟူး တိုက်ခတ်နေပြီး နှင်းတွေက မိုးရွာနေသလို သဲသဲမဲမဲ ကျနေလေသည်။

✦ ✦ ✦

သဲသဲမဲမဲကျနေသော နှင်းမိုးများအောက်တွင် အော်· ကားလေး၏ ရှေ့မီးများက ရှေ့ကိုက်အနည်းငယ်ကိုသာ မြင်ရ လမ်းကျဉ်းကျင်သော မစ္စတာအင်ဒါဆင်က အရှိန်ကိုမြှင့်ပြီး မေ စဉ် ဒေါက်တာထက်မြက်က မှေးခနဲ အိပ်ပျော်သလို ဖြစ်သွားရာ · တရာ ရှေးကျလှသော အိမ်ကြီးတစ်လုံး၏ ဆင်ဝင်အောက်တွင် ကား လိုက်သောအခါမှ ဆတ်ခနဲ လန့်နိုးသွား၏။ ကားရပ်လိုက်သည်နှင့် အသင့်စောင့်ဆိုင်းနေဟန်တူသော လူပုလေးတစ်ယောက်သည် မီးအိမ် တစ်လုံးကို မြှောက်ကိုင်ရင်း မပီမသ အသံတစ်ချက်ပြုလေသည်။

"မင်း သခင်မအတွက် ဆရာပါလာပြီ ဂျက်ရေ...သွားသွား အတွင်းက မီးတွေအမြန်ထွန်းပါကွယ်"

ထူးဆန်းသော လူပုလေးသည် တံခါးကြီးမှ အိမ်အတွင်းသို့ ခပ်သွက်သွက် ဝင်ရောက်သွား၏။

"သူက စကားမပြောတတ်ရှာဘူး ဆရာရဲ့"

"မစ္စ အစ်စဗဲကို ကျွန်တော်သိပါတယ်"

"ဒါဆို ဆရာ ကျွန်တော်နဲ့ လိုက်မယ်ပေါ့"

"အင်း . . . ဒါပေမယ့် အချိန်က ညဉ့်ဆယ့်တစ်နာရီကျော်

နေပြီ"

ဒေါက်တာ ထက်မြက်က ချင့်ချင့်ချိန်ချိန် တွက်တွက်ဆဆဖြင့်

လေးတွဲစွာပြောလေသည်။ မစ္စတာ အင်ဒါဆင်က ထိတ်ထိတ်ပျာပျာနှင့်

"သူက ဆရာကို သိပ်လေးစားပြီး သိပ်ကိုမျှော်လင့်နေပါတယ်

ဆရာ။ လိုက်ခဲ့ပါဆရာ ပြီးတော့ ဆရာ့ဟောခကိုလဲ ပုံမှန်နှုန်းထက်

ဆယ်ဆပိုပေးပါ့မယ် ဆရာ"

မစ္စတာ အင်ဒါဆင်က ပြောပြောဆိုဆို ပေါင်တစ်ထောင်တန်

ငွေစက္ကူကို ဆွဲထုတ်လိုက်ပြီး လှမ်းပေးနေသဖြင့် ဒေါက်တာထက်မြက်

အလွန်အံ့အားသင့်သွားလေသည်။

ဒေါက်တာထက်မြက်သည် အင်္ဂလန်ရောက်လျှင် လက္ခဏာ

ဟောခနှုန်း အင်္ဂလိပ်ငွေ ပေါင်တစ်ရာနှင့် မိတ်ဆွေများကို ဟောပြော

တွက်ချက် ပေးဘူးလေသည်။ ယခု မစ္စတာ အင်ဒါဆင်ပေးသော ဟော

နှုန်းထားမှာ အလွန်မြင့်မားလှပေသည်။

ဒေါက်တာထက်မြက်လည်း ငွေကြေးထက် မိတ်ဆွေလူမမာ

တစ်ယောက်၏ မျက်နှာကိုထောက်ထားပြီး မစ္စတာ အင်ဒါဆင် ခေါ်ရာသို့

ဦးထုပ်နှင့် လောင်းကုတ် အင်္ကျီရှည်ကြီး ဝတ်လိုက်ပြီး မစ္စတာ အင်ဒါဆင်

များကိုကြည့်၍ ဒေါက်တာထက်မြက်၏ ကျောထဲတွင်စိမ့်ခနဲ ဖြစ်သွားလေသည်။

"ဂျို...ဟီ...ဟီ"

လူပုလေးက တံခါးကို တွန်းဖွင့်လိုက်ပြီး မှောင်မဲနေသော အခန်းထဲတွင် အသင့်ရှိနေသော ဖယောင်းတိုင်ကြီးများကို တစ်တိုင်ပြီး တစ်တိုင် လိုက်လံထွန်းညှိလေသည်။

"ဒီညမှ မီးကပြတ်သွားရတယ်ဗျာ"

ဟု မစ္စတာအင်ဒါဆင်က ငြီးတွားလေရာ ဒေါက်တာထက်မြက်က ရှေ့ကမြင်ကွင်းကိုကြည့်ရင်း ဟုတ်မှဟုတ်ပါ့မလားဟု သံသယဝင်မိလေသည်။

ဖယောင်းတိုင်တစ်တိုင်ကို လူပုလေးက ထပ်မံထွန်းညှိလိုက်တိုင်း အလင်းရောင်က ပို၍ပို၍ မြင့်တက်လာခဲ့လေရာ အခန်းတွင်းရှိ မြင်ကွင်းက ပို၍ပို၍ ပီပြင်လာခဲ့လေပြီ။ အခန်းတွင်းရှိ လူမမာလဲလျောင်းနေသော တစ်ယောက်အိပ် ကျွန်းကုတင်ကြီးကို လူသေအလောင်းစင် တစ်ခုကဲ့သို့ ပြင်ဆင်ထားသည့် မြင်ကွင်းကြောင့် ဒေါက်တာထက်မြက်မှာ များစွာအံ့ဩမှင်သက်သွား၏။ တစ်ကိုယ်လုံး ခွတ်ခွတ်ဖြူနေသော ပတ်စုံလေးဖြင့် လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်တင်ရင်း မစ္စအစ်စပဲ လဲလျောင်းနေသည်။ ရွှေဝါရောင်ဆံနွယ်များ ကြားထဲမှ နှင်းပွင့်လို ဖြူဖွေး နေသော မျက်နှာလေးသည် အသက်ကင်းမဲ့နေပြီဖြစ်ကြောင်း ပြဆိုနေ

"ဩော်...ဟုတ်ကဲ့ ဒါနဲ့လူမမာက ဘယ်မှာလဲ"

"အိပ်ခန်းထဲမှာပါ ဆရာ"

အေးစက်တိတ်ဆိတ်နေပြီး အင်မတန် ခြောက်ခြားဘွယ် ကောင်းလှသော အမှောင်ထုအတွင်းသို့ ထူးဆန်းသော ပုံပန်းသဏ္ဍာန် ရှိသည့် လူပုလေးက မီးအိမ်ကိုကိုင်မြှောက်ရင်း ရှေ့ကသွားနေသဖြင့် မစ္စတာ အင်ဒါဆင်နှင့် ဒေါက်တာထက်မြက်တို့က ခပ်သွက်သွက် နောက် ကလိုက်ကြလေသည်။ ပိုးတဝါး အလင်းရောင်အောက်တွင် မှုန်ဝါးဝါး မြင်နေရသော အရာဝတ္ထုများကိုကြည့်၍ ဧည့်ခန်းကျယ်ကြီး တစ်ခုအတွင်း ပိမိတ်ဖြတ်သန်း သွားနေသည်ဟု ဒေါက်တာထက်မြက်က ထင်မိလေ သည်။

ဧည့်ခန်းအစွန်တွင်ရှိနေသော ကျွန်းလှေခါးကျယ်ကြီးအတိုင်း လူပုလေးက ဆက်လက်တက်သွားလေရာ မစ္စတာ အင်ဒါဆင်နှင့် ဒေါက် တာထက်မြက်တို့လည်း နောက်မှလိုက်ပါခဲ့ရာ တိတ်ဆိတ်နေသော အိမ် ကြီးအတွင်း သူတို့၏ခြေသံများသာ ခြောက်ခြားဖွယ်ရာ ထွက်ပေါ် နေလေသည်။

အပေါ်ထပ်ရှိ အခန်းတစ်ခန်း၏ တံခါးဝတွင် ဖယောင်းတိုင် ကြီးတစ်တိုင်ကို ထွန်းညှိထားလေရာ ဖယောင်းတိုင်မီးရောင်ကြောင့် နံရံ ပေါ်တွင် အုပ်မိုးပြီး ယိမ်းထိုးနေသော သူတို့သုံးဦး၏ အရိပ်မည်းကြီး

ည်။ ဒေါက်တာထက်မြက်ကား ဘေးကြပ်နံကျပ် ဖြစ်သွားဓါ။ ရှေ့မှာက သေအလောင်းတစ်ခု၊ နောက်မှာက သေနတ်နှင့် ချိန်ထားသော သွပ်နေပုံရသည့် လူတစ်ယောက်။ ဒေါက်တာထက်မြက်သည် ချွေးသီး ချွေးပေါက်များပင် ကျလာပြီး တဒိတ်ဒိတ် ခုန်နေသော ကိုယ့်နှလုံးခုန် ကို ခြောက်ခြားဘွယ် ပြန်ကြားနေလေသည်။

"ဒီမှာဆရာ ဟောသည်သေနတ်ထဲမှာ ကျည်ဆန်တစ်တောင့် ် ထည့်ထားပါတယ်။ အဲဒါ ဆရာ့အတွက် မဖြစ်ပါရစေနဲ့"

ရူးသွပ်နေပုံရသော ထိုသူ၏မျက်နှာမှာ သွေးအေးရက်စက်မည့်ပုံ ပါနေသဖြင့် ဒေါက်တာထက်မြက်က သေဆုံးနေသူ မစ္စအစ်စဗဲ၏ ယာလက်ဖဝါးနှစ်ဖက်ကို မှန်ဘီလူးဖြင့် သေချာစွာကြည့်၍ မစ္စတာ င်ဒါဆင်အား...

"သူဟာ အသက်နှစ်ဆယ် မတိုင်မှီမှာ ချို့ချို့တဲ့တဲ့ နေခဲ့ရပြီး ဒီနေ က်မှာတော့"

"ဟိုး...ဟိုး ဆရာ ကျွန်တော်အဓိက သိချင်တာက သူဟာ ကျွန်တော့်အပြင် တစိမ်းတရံ ယောကျာ်းသားတစ်ဦးနဲ့ ဖေါက်ပြန်တတ်ပါ လား"

"သူဟာ ဘယ်တော့မှ ဖေါက်ပြန်တဲ့ မိန်းမ မဟုတ်ဘူး။ ဟာမိမိခင်ပွန်းနဲ့ မိသားစုကိုတွယ်တာပြီး သစ္စာရှိတဲ့ မိန်းမကောင်း စ်ယောက်ပဲ။ သူ့ကိုကျွန်တော်ပြောခဲ့ သတိပေးခဲ့ပါသေးတယ်။ လာ

သည်။ ကုတင်သေး ဘီဒိုပုလေးပေါ်မှာတော့ မစ္စအစ်စဗဲ အင်မတ
နှစ်သက်ဟန်ရှိသော နှင်းဆီပွင့်နီနီရဲရဲကြီးများကို လှပသော ပန်းအိုး
ဖြူဖြူလေးထဲမှာ ထိုးစိုက်ထားသည်။ ကြည့်ရင်းကြည့်ရင်း ဒေါက်တာ
ထက်မြက် ရင်တွေတဒိတ်ဒိတ် ခုန်လာသည်။ အသက်ရှူမဝသလို ဖြစ်
လာသည်။ ဒါဘာသဘောလဲ။ ငါ့ကိုဘာကြောင့် ဒီကိုခေါ်လာတာလဲ။
ဒေါက်တာထက်မြက်က နောက်လှည့်ဖို့ ပြင်လိုက်ချိန်တွင် အသံတစ်သံ
ကထွက်ပေါ်လာသည်။

"ဂျလောက်"

ခြောက်လုံးပြူး သေနတ်တစ်လက်၏ မောင်းတင်သံနှင့်အတူ
မစ္စတာအင်ဒါဆင်၏ အက်ကွဲကွဲ အသံကြီးက ထွက်ပေါ်လာသည်။

"သူ့ကို လက္ခဏာဖတ်ပေးပါဆရာ"

"ဗျာ...သူ...သူကသေနေပြီပဲ"

ဒေါက်တာထက်မြက်၏ ငြင်းဆန်မှုကို မစ္စတာ အင်ဒါဆင်က
ဖြေးညှင်းစွာ ခေါင်းရမ်းလိုက်လေသည်။ လူသေလို ဖြူဖွေးဖျော့တော့
နေသော မျက်နှာနှင့် ခြောက်ကပ်ကပ် ရယ်မောလိုက်ပြီး...

"ခင်ဗျား ငြင်းမယ်ဆိုတာ ကြိုသိထားပါတယ်။ ဒါပေမယ့်
ဆရာရယ် လူဆိုတာ ကိုယ့်အသက်ကိုတော့ နှမြောတတ်ကြပါတယ်။
ကျေးဇူးပြုပြီး ကြည့်ပေးပါဆရာ"

ဟုဆိုပြီး သူ၏ပြောင်းတို့ ခြောက်လုံးပြူးကို ထောင်ပြလ

ထိုအနိဋ္ဌာရုံအိမ်ကြီးမှ စတင်ထွက်ခွာချိန်တွင် နှင်းများက တသဲသဲကျ လျက်ရှိပြီး လေကလည်း တဟူးဟူး တိုက်ခတ်လျက်ရှိသည်။

လူပုလေးဂျက် မောင်းနှင်လာသော အော်စတင်ကားလေး မစ္စတာအင်ဒါဆင်၏ ခြံဝင်းထဲမှ ထွက်လိုက်ချိန်မှာတော့ အချစ်ကြီးလွန်း သဖြင့် အရူးကြီးပမာ ဖြစ်နေရှာသော မစ္စတာအင်ဒါဆင်တစ်ယောက် သူ့ရူးမတတ် ချစ်ရှာလွန်းသော ဇနီးသည် မစ္စအစ်စပဲနောက်သို့ ကောက် ကောက်ပါအောင် လိုက်သွားပုံရသည့် သေနတ်သံတစ်ချက်ကို လေ တဟူးဟူး တိုက်ခတ်နေသည့်ကြားမှ သဲ့သဲ့ကလေး ကြားလိုက်ရပေ သတည်း။

✦ ✦ ✦

မည့်နှစ်မှ ဆေးမှား အစားမှားဖြစ်ပြီး အံ့ဆိပ်သင့်တတ်ကြောင်း သတိနဲ့နေဖို့လိုကြောင်း ပြောခဲ့ပါသေးတယ်။ ခုတော့သေရှာပြီကိုး''

ဟု ဒေါက်တာထက်မြက်က ပြောလိုက်ရာ မစ္စတာ အင်ဒါဆင်၏ လက်ထဲမှသေနတ်သည် ဒေါက်ခနဲ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားပြီး ၎င်းမှာမျက်နှာကို လက်နှစ်ဘက်နှင့်အုပ်၍ သည်းသည်းလှုပ် စတင်ငိုကြွေးလေတော့သည်။

''မှားပြီ။ ကျွန်တော် အရမ်းမှားခဲ့ပြီဆရာ။ သူနဲ့ လူစိမ်းတစ်ယောက် ချိန်းတွေ့နေတာကို ကျွန်တော်မိတယ်။ အဲသည်လူကို လက်သီးနဲ့ တအားဆွဲထိုးခဲ့ပြီး ကျွန်တော့်ဇနီးကိုလည်း ဝန်ခံခိုင်းခဲ့တယ်။ သူဝန်မခံဘူး။ သူ့ရဲ့မောင်လို့ပြောတယ်။ ကျွန်တော်မယုံဘူး။ သူနဲ့ကျွန်တော်လက်ထပ်ခဲ့စဉ်က သူ့ကိုဥတစ်လုံး တစ်ကောင်ကြွက်လို့ သိထားခဲ့တာကိုး ဒါနဲ့ ကျွန်တော်...''

မစ္စတာ အင်ဒါဆင်မှာ စကားဆက်မပြောနိုင်လောက်အောင် အသံတိမ်ဝင်သွားပြီး ရှိုက်၍ရှိုက်၍ ငိုကြွေးနေပြန်သည်။ အတန်ကြာမှ သတိပြန်ဝင်လာသည့်အလား သူ့ကိုယ်သူ ပြန်ထိန်းလိုက်ပြီး...

''ကဲ...ဆရာရေ အားနာစရာပါပဲ။ ကျွန်တော့်မှာ လုပ်စရာကိစ္စလေးတွေရှိနေသေးလို့ ဆရာကို ဂျက်ဘဲလိုက်ပို့ပေးပါလိမ့်မယ်''

ဟုပြောလေသည်။ ဒေါက်တာထက်မြက်လည်း ဆင်ဝင်အောက်တွင် အသင့်စောင့်နေသည့် အော်တိုကားလေးထဲ ဝင်ထိုင်လိုက်ပြီး

# ဝင်းဇော်(သုံးဆယ်)

ဆီးတောကွင်းကာသီချင်းသံ

လွန်ခဲ့သော နှစ်ပေါင်း (၅၀)ကျော်ခန့်က ဖြစ်ပါလေ၏။

တစ်ခုသောညတွင် သုံးဆယ်မြို့ အနောက်ဘက် ရွာမလေသာ ိုက်တုန်းကြီးကျောင်းတွင် ကာပွဲယလုပ်နေသော ကျွန်ုပ်သည် အိပ်မပျော် င်သေးသဖြင့် မှန်အိမ်မီးနှင့် မဂ္ဂဇင်းစာအုပ်ဟောင်းတစ်အုပ်ကို ဖတ်ရှု နမိလေ၏။ အချိန်မှာ အတော်ညဉ့်နက်နေပြီဟု ဆိုရမည်ဖြစ်၏။ ဆန်းရက်ဖြစ်သောကြောင့် အပြင်ဘက်တွင် လရောင်သည် မှုန်ပျပျ ာနေတော့၏။ ထိုအချိန်တွင် လေသာတိုက်ကျောင်း အရှေ့ဘက်ဆီမှ န်းကလေးတစ်ဦး၏ သီချင်းဆိုသံကို ကြားလိုက်မိလေ၏။

ဆီးတောကွင်းသည် သုံးဆယ်ချောင်းကမ်းပါးတွင် ရှိလေ၏။ ်းသီးအချိုပင်၊ ဆီးသီးအချဉ်ပင်များစွာ ပေါက်ရောက်နေသဖြင့် ဆီး တာကွင်းဟု ခေါ်ဆိုနေကြလေ၏။ ဆီးတောကွင်း၏ တောင်ဘက်အရပ် ွင် အလယ်တိုက် တုန်းကြီးကျောင်းရှိလေသည်ဖြစ်ရာ ဆီးတောကွင်း ည် သာသနာ့ဝတ္ထုကနယ်မြေ ဖြစ်လေ၏။ ဆီးတောကွင်းထဲတွင်

သရက်ပင်များစွာလည်း ရှိလေ၏။ တကယ့် တောကြီးမျက်မည်းသဏ္ဍာန် ဆောင်နေသော ကွင်းကျယ်ကြီးဟု ဆိုချင်ပေသည်။

ဆီးသီးမှည့်သောအချိန်တွင် ရွာခံကလေးများနှင့် အခြားရွာမှ ကလေးများသည် ဆီးတောကွင်းသို့ လာရောက်ပြီး ဆီးသီးကောက်ကြလေ၏။ ထိုကာလတွင် ကျောင်းသားများသည် ကျောင်းပြေးပြီး ဆီးတောကွင်းသို့ လာနေကြသည်ကို ကျွန်ုပ်မြင်တွေ့ဘူးလေ၏။ ညနေကျမှ ဟန်မပျက် အိမ်သို့ပြန်သွားကြလေတော့၏။

သည်လို ညအချိန်မျိုးတွင် ဆီးတောကွင်းသည် မဲမှောင်၍နေ၏။ မည်သူမှ ဖြတ်သွားဖြတ်လာ မပြုရဲကြတော့။ ဆီးတောကွင်းထဲတွင် စေတီပုထိုးပျက်များစွာ ရှိလေ၏။ သုံးဆယ်ချောင်းရေက နှစ်စဉ်တိုက်စားလျက်ရှိရာ စေတီပုထိုးပျက်များသည် ကမ်းပါးပြိုသည့်အခါတိုင်းရေအောက်သို့ ငုပ်လျှိုးသွားရလေတော့၏။

ဆီးတောကွင်းထဲမှ သည်လိုသီချင်းဆိုသံမျိုး တစ်ခါမှမကြားဘူးသောကြောင့် ကျွန်ုပ်အံ့သြနေမိလေ၏။ ဘယ်လိုမိန်းကလေးက သည်ဆီးတောကွင်းထဲသို့လာပြီး သီချင်းသီဆိုနေပါလိမ့်ဟု တွေးလိုက်မိ၏။ သီချင်းဆိုသံက ပေါ်လာလိုက် ပျောက်သွားလိုက်နှင့်ဆိုတော့ ကျွန်ုပ်အတွက် စဉ်းစားစရာ ဖြစ်လာရလေ၏။ ကျွန်ုပ်မှာ စာမဖတ်နိုင်အောင် ဖြစ်သွားရလေသည်။ သည်သီချင်းဆိုသံကို ရွာထဲကလူတွေလည်း ကြားနိုင်လောက်မည်ဟု ကျွန်ုပ်ထင်မိလေ၏။

ချစ်တဲ့သူ ပြန်လာလိမ့်နိုး မျှော်ကိုးစောင့်စားသူ တစ်ဦး၏ ရင်တွင်းခံစားချက်ကို ဖွဲ့ဆိုထားသော သီချင်းမျိုးဖြစ်သည်ကို ကျွန်ုပ် သိလိုက်၏။ ကျွန်ုပ်ကိုယ်တိုင် မယ်ဒလင်ကို ကောင်းမွန်စွာ တီးခတ် တတ်သူဖြစ်ရာ မည်သည့်အသံပေါက်ဖြင့် သီဆိုနေသည်ကို အတတ်သိ နေလေ၏။ သီချင်းစာသားများကား အလွမ်းဘက်သို့ အားပြုလွန်းလှ ချေ၏။ ကျွန်ုပ်အနေဖြင့် ဆီးတောကွင်းသို့ သွားကြည့်ရန်လည်း မဖြစ် နိုင်ပါချေ။ ကျောင်းထိုင်ဆရာတော်ကြီး သိသွားလျှင် အပြစ်တင်မည်မှာ မုချမလွဲ။

"ဟဲ့ ... ကပ္ပိယကြီး ဆီးတောကွင်းထဲ ဘာသွားလုပ်တာလဲ"

ဟုမေးလျှင် ကျွန်ုပ်မည်သို့ ပြန်ဖြေရမည်ကို မစဉ်းစားတတ်ပါ။ တကယ်တော့ ကျွန်ုပ်က ဘုန်းကြီးကျောင်း ဝေယျာဝစ္စအားလုံးကို ဆောင်ရွက်ပေးနေရသူ မဟုတ်လား။ ယခင်က ကျွန်ုပ်သည် အညာဒေသ မှဘုန်းကြီးကျောင်း တစ်ကျောင်းတွင်နေခဲ့၏။ ဆရာဘုန်းကြီးက ပျံလွန် ခါနီးအချိန်တွင် . . .

"ဟဲ့ ... ကပ္ပိယတိမ်ရောင်၊ တကယ်လို့များ ဘုန်းကြီးပျံလွန် တော်မူသွားရင် အောက်ပြည်အောက်ရွာက ငါ့တပည့်ဘုန်းကြီးကျောင်း မှာသွားနေချေကွဲ့"

ဟု မိန့်မှာခဲ့လေ၏။ တစ်နှစ်ခန့်ကြာသောအခါ ဆရာဘုန်း ကြီးက နလုံးရောဂါဖြင့် ဘဝနတ်နန်းသို့ စံမြန်းသွားလေသည်။ ထိုအခါ

ကျွန်ုပ်သည် လေသာကျောင်းတိုက်သို့ စုံစမ်းပြီး လာခဲ့လေ၏။ လေသာတိုက်ဆရာတော် ကသဘောမနောကောင်းလေ၏။ သူ့ဆရာ၏ တပည့်မို့ ခွင့်ပြုလက်ခံသည်။ ဆွမ်း၊ ကွမ်းကိစ္စအား ကျွန်ုပ်စိတ်တိုင်းကျ ဆောင်ရွက်စေလေ၏။ ကျွန်ုပ်က ရွာထဲသို့ပင် သွားလေ့သွားထမရှိ၊ ထို့ကြောင့် ကျောင်းသို့လာတတ်သည့် ရွာသူရွာသားလောက်ကိုသာ ကျွန်ုပ်သိလေ၏။

ကျွန်ုပ်သည် နံနက်အစောကြီးထကာ ဆွမ်းဟင်းချက်ရမည်ဖြစ်သောကြောင့် ဘုရားရှိခိုးပြီးသည်နှင့် အိပ်ယာသို့ဝင်လိုက်၏။ အရုဏ်မရောက်မီတွင် အိပ်ယာမှနိုးလာရာ ဘုန်းကြီးကျောင်းသားအား နိုးရလေ၏။

"ဟဲ့ ... မောင်ကျောင်းသား အိပ်ယာကထတော့"

ကျောင်းသားလေးက...

"အစောကြီးရှိသေးတယ် မဟုတ်လား ကပ္ပိယကြီးရဲ့"

ဟု အိပ်ချင်မူးတူးနှင့်ပြောရာ ကျွန်ုပ်က...

"မင်းအိပ်ချင်သေးရင်လည်း သဘောပဲလေ၊ ဘုန်းကြီးကြိမ်လုံးကို မကြောက်ရင်ပေါ့"

ဟုပြောလိုက်မိ၏။

"ထပါပြီ ကပ္ပိယကြီးရယ်။ ဘုန်းကြီးကြိမ်လုံးတော့ ကြောက်မိပါရဲ့"

ဆိုကာ အုတ်ကန်တွင် မျက်နှာသွားသစ်လေ၏။ ကျွန်ုပ်သည်

ဆွမ်းချက်ရုံထဲတွင် ဆွမ်းချက်ရင်းမှ ညကသီချင်း သီဆိုသံကြားသည့် ဆီးတောကွင်းဘက်သို့ လှမ်းကြည့်လိုက်မိ၏။ ဆီးတောကွင်းသည် အမှောင်ထဲတွင် တိတ်ဆိတ်ငြိမ်သက်နေလေ၏။ ကျွန်ုပ်သည် ဆွမ်း၊ ဟင်းကျက်သည်နှင့် ဆွမ်းပွဲပြင်ထားလိုက်၏။ တုံးမောင်းခေါက်၏။ သံဃာတော်များ ဆွမ်းဘုဉ်းပေးနေစဉ် လိုအပ်သည်များကို ဆောင်ရွက်ပေးရလေ၏။

"ကပ္ပိယကြီး၊ ညကတော်တော်နဲ့ မအိပ်ဘူးထင်တယ်"

"မှန်ပါ့ဘုရား၊ ညကစာဖတ်ကောင်းနေလို့ ညဉ့်နက်သွားပါတယ်"

"အိပ်ရေးပျက်မခံနဲ့လေ။ မနက်အစောကြီး ဆွမ်းထချက်ရတာ"

"မှန်ပါဘုရား"

"ကဲ...ကဲ မနက်စာစားလိုက်ဦး ကပ္ပိယကြီး"

ကျွန်ုပ်သည် မနက်စာ စားပြီးသည်နှင့် နေ့လည်ဆွမ်းအတွက် ပြင်ဆင်ချက်ပြုတ် ရလေတော့၏။

✦ ✦ ✦

ကျွန်ုပ်သည် ညစာစားပြီးသည်နှင့် ဆေးတံတွင် ဗာဂျီးနီးယားဆေးမှုန့်ကိုထည့်ကာ သောက်နေမိ၏။ ဆေးတံခိုးကို ပါးစောင်တွင်ကိုက်

ကာ စာဖတ်နေရသည့် အရသာကို ကျွန်ုပ်သည် အထူးခံ့မင်လေ
ခါတိုင်းညများတွင် ရွာထဲမှ ဦးအေးဆောင်းက ကျွန်ုပ်နှင့်စကားစမြ
လာပြောလေ့ရှိရာ ကျွန်ုပ်သည် စာဖတ်နေရင်းမှ ကျောင်းပေါက်ဝ
လှမ်းကြည့်နေမိ၏။

ကျွန်ုပ်သည် စာဖတ်နေရင်းမှ ညဉ့်နက်လာသည်ကိုပင် သ
မထားမိ။ ထိုအချိန်တွင် ဆီးတောကွင်းထဲမှ သီချင်းဆိုသံ သဲ့သဲ့
ကျွန်ုပ်ကြားလာမိ၏။ ကျွန်ုပ်သည် ဖတ်လက်စစာအုပ်ကို ဘေးသို့ချထာ
ကာ ကျောင်းရှေ့သို့ ထွက်လာခဲ့၏။ သီချင်းသံကို ပီပီသသ ကြားလ
ရလေ၏။ သီချင်းစာသားမှာ လွမ်းစရာ၊ ဆွေးစရာများ ဖြစ်လေ၏
သီချင်းဆိုသံကို ကြားရုံဖြင့် ငယ်ရွယ်သော မိန်းကလေးတစ်ဦးဖြစ်ကြောင်
ကျွန်ုပ်ခန့်မှန်း၍ရ၏။ ဘယ်သို့သော အကြောင်းကိစ္စကြောင့်သည်
ဆီးတောကွင်းသို့လာကာ သီချင်းသီဆိုနေပါလိမ့်ဟု ကျွန်ုပ်မှာ မဆီမဆို
တွေ တွေးလိုက်မိ၏။ ကျွန်ုပ်မှာ အသက်အရွယ်ကို မေ့လျော့ကာ
ဆီးတောကွင်းထဲသို့ သွားရောက် ကြည့်ရှုချင်စိတ်များပင် ဖြစ်ပေါ်လာမိ၏
သို့သော် မဖြစ်။ ဆရာတော်သိသွားလျှင် တစ်မျိုးတစ်မည် ထင်သွားမည်ကို
စိုးရိမ်မိသောကြောင့် ဖြစ်လေ၏။

"ဆရာတော်ဘုရား၊ ဆီးတောကွင်းထဲက စေတီပုထိုးပျက်တွေ
ကို မည်သူတွေ တည်ထားကိုးကွယ်ခဲ့တာလဲ ဘုရား"

ကျွန်ုပ်၏ လျှောက်တင်ချက်ကို ကြားရသော ဆရာတော်သည်

'ဒီကပ္ပိယကြီး ဒီအကြောင်းဘာလို့ မေးပါလိမ့်'အတွေးမျိုးဖြင့် ကျွန်ုပ်၏ မျက်နှာကို စူးစိုက်စွာကြည့်နေလေ၏။

"ဘာဖြစ်လို့လဲ ကပ္ပိယကြီး"

"သိချင်လို့ပါဘုရား"

"အင်း... သိချင်တော့လဲ ပြောပြရတာပေါ့"

✦ ✦ ✦

လွန်ခဲ့သော နှစ်ပေါင်းများစွာက သည်ဆီးတောကွင်း နေရာသည် တောအုပ်နေရာကြီး ဖြစ်လေ၏။ လူသွားလူလာ အရောက်အပေါက် နည်းလှ၏။ သစ်ဝါးပေါသောနေရာဖြစ်သဖြင့် သစ်ဝါး အလိုရှိသောအခါမှ သစ်ဝါးခုတ်ရန် လူတို့ရောက်လာသည့် နေရာဟုဆိုရ ချေမည်။ ထိုစဉ်က အရှေ့မှအနောက်သို့ ဖြတ်သန်းစီးဆင်းလာသော သုံးဆယ်ချောင်းသည် ဆီးတောကွင်းဟု ဖြစ်ပေါ်လာမည့်နေရာနှင့် အလွန်အလှမ်းဝေးလေ၏။

သုံးဆယ်ချောင်းသည် အနောက်ဘက်သို့ ဆက်လက်စီးဆင်း သွားရာ တောင်မြောက် စီးဆင်းနေသော မြစ်မခမြစ်ထဲသို့ စီးဝင်လေ၏။ မြစ်မခမြစ်၏ တစ်ဖက်ကမ်းတွင် စွယ်ရွှေးမြို့ရှိလေ၏။ ရှေးမြန်မာဘုရင် မင်းများလက်ထက်က မြစ်ကမ်းနားမြို့တော် ဖြစ်လေ၏။ လှေကြီးများ ဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်ရာတွင် ဆိပ်ကမ်းမြို့အဖြစ် သတ်မှတ်

ထားလေ၏။ လူနေအိမ်ခြေများစွာရှိ၍ အထူးစည်ကားလှပေ၏။

ရှေးမြန်မာမင်းတစ်ပါးသည် မြစ်မခမြစ်မှ သုံးဆယ်ချောင်းရိုး အတိုင်း ရဲမက်ဗိုလ်ပါများ၊ မင်းသားမင်းသမီးငယ်များနှင့်အတူ ဆန်တက် လာခဲ့လေ၏။ ဆီးတောကွင်းဟု ဖြစ်ပေါ်လာမည့် အရပ်သို့ရောက်သည့် အခါ သစ်ပင်ဝါးပင်များကို ခုတ်ထွင်ရှင်းလင်းစေပြီး ယာယီထီးနန်း အဖြစ် စံမြန်း[illegible]မူလေ၏။ အဲသည်တုန်းက သုံးဆယ်မြို့ဆိုတာ တည်ရှိ နေပြီးလား မရှိသေးဘူးလားဆိုတာ အတတ်မပြောနိုင်ဘူး။

မြန်မာမင်းတစ်ပါးသည် ဆီးတောကွင်းနေရာမှ စံမြန်းရတာ ပျော်ပိုက်တာကြောင့် သည်နေရာမှာ စေတီပုထိုးများကို တည်ထား ကိုးကွယ်ခဲ့လေ၏။ မြန်မာ်ဘုရင်နဲ့ အပေါင်းပါတို့သည် ဆီးတောကွင်း နေရာတွင် လပေါင်းများစွာ နေထိုင်ပြီးမှ မြစ်မခမြစ်သို့ လောင်းလှေ များဖြင့် စုန်ဆင်းသွားကြလေ၏။

✦ ✦ ✦

"အင်း... နှစ်ပေါင်းများစွာ ကြာပြီဆိုတော့ စေတီပုထိုးတွေ လည်း ဟောင်းနွမ်းပျက်ဆီးကုန်ကြပြီ။ သုံးဆယ်ချောင်းကလည်း နှစ်စဉ် ရေတိုက်စားပြီး ကမ်းပါးပြိုတာကြောင့် ဆီးတောကွင်းအထိ ရောက်လာ တယ်။ အချို့စေတီတော်တွေက ချောင်းရေတိုက်စားလို့ ကမ်းပါးပြိုတဲ့

အထဲ ပါသွားကြတယ်၊ ချောင်းရေအလျင်က ပြင်းထန်တော့ ချောင်းကမ်းနားက စေတီပုထိုးတွေ မပြိုကျ၊ မပျက်ဆီးအောင် ကာကွယ်ဖို့ဆိုတာလဲ မလွယ်လှပေဘူး။ အခု ကပ္ပိယကြီးဖူးတွေ့နေရတဲ့ စေတီပုထိုးတွေဟာ ရှေးဟောင်းသမိုင်းဝင်တွေပဲ။ သုံးဆယ်မြို့ရဲ့ သက်တမ်းအရှည်အကြာဆုံးသော စေတီပုထိုးတွေပါပဲ။

စေတီပုထိုးဟောင်းတွေ ရေတိုက်စားလို့ ပြိုကျပျက်စီး သွားတဲ့အခါ စေတီပုထိုးအတွင်းမှာ ဌာပနာထားတဲ့ ဗုဒ္ဓရုပ်ပွားတော်တွေ ရှေးခေတ်ငွေဒင်္ဂါးတွေကို ရွာသားတွေကတွေ့လို့ ဆရာတော့်ဆီမှာ လာရောက်အပ်နှံထားလို့ ဘုရားခန်းထဲမှာ အပူဇော်ခံထားတာ ကပ္ပိယကြီးအမြင်ပဲမဟုတ်လား။ အချို့ရွာသားတွေက လောဘစိတ်နဲ့ ဌာပနာပစ္စည်းတွေကို ရောင်းစားခဲ့လို့ ဒုက္ခတွေ့ခဲ့ရတဲ့ သာဓကတွေလည်းရှိတယ်။ ဘေးသင့်တတ်တယ်၊ ကပ္ပိယကြီး ဘုန်းကြီးတို့ကျောင်းကို ရောက်နေတာကြာပြီ အခုမှဘာယ်လိုစိတ်ကူးပေါက်ပြီး မေးမြန်းရတာလဲ''

ဆရာတော်ကြီးသည် ကျွန်ုပ်အား ရှင်းလင်းပြောပြပြီး မောပန်းသွားဟန်ရှိလေ၏။ ကျွန်ုပ်က...

''ဒီရှေးဟောင်း စေတီပုထိုးတွေကို ပြုပြင်မယ့်ဒါယကာတွေပေါ်ပေါက်လာရင် ဒီနယ်မြေမှာ ဗုဒ္ဓသာသနာ ပိုမိုပွင့်လင်းလာမှာပဲတွေးမိလို့ပါဘုရား''

''အင်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ပေါ်လာမှာပေါ့ ကပ္ပိယ

ကြီးရယ်။ ကဲ...ကဲ ဘုန်းကြီးလည်း ရွာထဲဘက် ဆွမ်းခံကြွဦးမယ်''

''တင်ပါ့ဘုရား''

ကျွန်ုပ်လည်း ကျောင်းအတွင်းမှ အမှိုက်သရိုက်များကို လှဲကျင်းရန် တံမြက်စည်းကိုကိုင်၍ ထွက်လာမိတော့၏။

✦ ✦ ✦

''ဗျို့ ... ကပ္ပိယကြီး''

ညအမှောင်ပျိုးချိန်တွင် ကျောင်းပေါ်သို့ တက်လာသည့် ခြေသံနှင့်အတူ ခေါ်သံကိုလည်း ကျွန်ုပ်ကြားလိုက်မိလေ၏။

''လာ...ကိုအေးဆောင်း နေကောင်းသွားပြီးလား''

''အေးဗျာ၊ နေမကောင်းလို့ ကျောင်းကိုတောင် မလာနိုင်ဘူး။ ဆရာတော်''

''ဆရာတော် မနက်ကျရင် မြို့ထဲဆွမ်းစားကြွမှာမို့ ကျိန်းစက်နေရှာပြီ။ ဆရာတော်က အသက်အရွယ် ရလာပြီမို့ ကိုရင်လေးကို ရွာထဲဆွမ်းခံနိုင်းဖို့ လျှောက်တာ လက်မခံဘူး။ စကြွန်လျှောက်လို့ ရနေသမျှ ဆွမ်းခံကြွမှာပဲတဲ့''

ကျွန်ုပ်စကားကြောင့် ကိုအေးဆောင်းက ခေါင်းတဆတ်ဆတ် ညိတ်နေလေ၏။

"ဆရာတော်က ရှေးသံဃာကော်ကြီးအဝိုင်း ဆောင်ရွက်ချင်တာကို:"

"အင်း...ဟုတ်တယ်ဗျ။ ဒါနဲ့ ကိုအေးဆောင်းကို မေးစရာတစ်ခုရှိတယ်။ ကိုအေးဆောင်းရဲ့အိမ်က ဆီးတောကွင်းနဲ့ နီးကပ်နေတယ်မဟုတ်လား"

ဟုဆိုလိုက်တာ ကိုအေးဆောင်းမှာ ဘာများပါလိမ့်ဆိုသည့်အတွေးနှင့် ကျွန်ုပ်ဆက်ပြောမည့် စကားကိုမျှော်လင့်နေလေ၏။

"ည (၁၂) နာရီလောက်မှာ ဆီးတောကွင်းထဲက မိန်းကလေးတစ်ယောက်ရဲ့ သီချင်းဆိုသံကို ကြားမိတာ နှစ်ရက်ရှိပြီ။ ဘယ်သူဘယ်ဝါလဲဆိုတာ ကျွန်တော်သိချင်လို့ သွားကြည့်ချင်နေတာ ဆရာတော်ကြီးသိရင်...အင်း..."

ကျွန်ုပ်က စကားကို မဆက်ပဲရပ်လိုက်၏။ ဦးအေးဆောင်းကနားလည်သဘောပေါက်၍ ခေါင်းညိတ်ပြသောကြောင့်ပင် ဖြစ်လေ၏။

"အင်း...ကျွန်တော်လည်း အဲဒီလိုသီချင်းဆိုသံ ကြားမိတာကြာပြီ"

ဟု ဦးအေးဆောင်းက ပြောလိုက်ရာ ကျွန်ုပ်မှာ 'ဟုတ်သလား' ဆိုသည့် အမူအရာမျိုးဖြင့် အံ့သြသွားမိလေ၏။

"ပြောစမ်းပါဦးဗျ"

"သီချင်းဆိုသံကြားပေမယ့် ဆီးတောကွင်းထဲကိုမသွားရဲပါဘူး"

"ဟင်...ဘာဖြစ်လို့လဲ"

ဟု ကျွန်ုပ်ကမေးလိုက်ရာ...

"အိမ်က မိန်းမကတစ်မျိုးတမည်ထင်ပြီး ပြဿနာရှာမှာ စိုး လို့ဗျ"

ဟုပြောသဖြင့် ကျွန်ုပ်မှာ အသံမထွက်အောင် ရယ်မိလေ တော့၏။

"အေးဗျာ ကျွန်တော်ကတော့ သီချင်းသံ ပီပီသသကြားမိပြီး ကတည်းက သို့လော...သို့လောဖြစ်နေတယ်"

"အဲဒီ ဆီးတောကွင်းထဲက ညဘက်ဆိုရင် အော်ဟစ်ညည်းညူ သံတွေတောင် ကြားရတယ်လို့ ရွာသားတွေက ပြောဘူးတယ်။ တစ်ခါ ကအရက်မူးပြီး ပြန်လာတဲ့ သရက်လေးပင်ရွာသား (ရွာမရွာ၏ ချောင်း တစ်ဖက်ကမ်းတွင်ရှိသောရွာ)တစ်ဦးကို..."

✦ ✦ ✦

သရက်လေးပင်ရွာသား ထွန်းမောင်က ရွာမရွာမှ ခင်ဝင်း အိမ်တွင် အရက်သောက်ပြီး ဗီးတောကွင်းကိုဖြတ်ပြီး သူ့ရွာသို့ပြန်သည်။ ဆီးတောကွင်းထဲသို့ အရောက်တွင် သူ့ရှေ့မှ ဖြတ်လျှောက်သွားသော မိန်းကလေးတစ်ဦးကို လရောင်ဖြင့် မြင်တွေ့လိုက်မိ၏။

"ဟဲ့ ကောင်မလေး၊ နင်ဘယ်သွားမလို့လဲ"

ခင်ဝင်းက နောက်မှလိုက်သွားရင်း မေးသည်။ မိန်းကလေးက ဘာမှပြန်မပြော။ ချောင်းဆင်းလမ်းအတိုင်း လျှောက်သွားလေ၏။

"ဒီကောင်မလေးကွာ . . . ညဘက်ကြီး ဘယ်သွားမလို့လဲ မသိဘူး"

ဟု ခင်ဝင်းက တစ်ယောက်တည်း ပြောဆိုပြီးနောက်မှ လိုက်လာရာ မှောင်ရိပ်ထဲသို့အရောက်တွင် ရှေ့မှသွားနေသော မိန်းကလေးမှာ ပျောက်ချင်းမလှ ပျောက်သွားလေ၏။ ခင်ဝင်းမှာ ဆံပင်မွေးများ ထောင်သွားလေ၏။ အရက်မူးနေသည့် အရှိန်ပင် ပျောက်သွားရလေ၏။ ခင်ဝင်းက ချောင်းထဲသို့ ဟိုကြည့်သည်ကြည့်ရင်း တစ်ဖက်ကမ်းပါးပေါ်သို့ ပြေးတက်လာခဲ့၏။

"ဟေ့ကောင် ခင်ဝင်း ကြောင်တောင်တောင်နဲ့ ဘာဖြစ်လာတာလဲ"

အိမ်ရောက်သည်နှင့် မျက်လုံးအပိုင်းသားနှင့် ဘာစကားမှ မပြောပဲငြိမ်နေသော ခင်ဝင်းကို သူ့အစ်ကို လှိုင်တိုးကမေးလေ၏။

"ဟို . . . ဟို . . . ဆီးတောကွင်းထဲမှာ ကောင်မလေး"

"အေး . . . ကောင်မလေး၊ ဘာဖြစ်သလဲ"

"ကောင်မလေး ကျွန်တော်ရှေ့က သွားနေရင်းက ပျောက်သွားတယ်"

"တောက် . . . အရက်တွေ တစ်အားမူးလာပြီး မြင်ချင်တာ မြင်လာတာနဲ့တူတယ်"

ဟု သူ့အစ်ကိုကပြောရာ ခင်ဝင်းမှာ မခံချင်စိတ် ဖြစ်သွားပြီး အိပ်ရာထဲသို့ဝင်ကာ အိပ်စက်လိုက်လေတော့၏။

✦ ✦ ✦

"အဲသလို အဖြစ်အပျက်မျိုးတော့ ကြားဘူးတယ်။ ကဲ ညဥ့် နက်လာပြီ ကပွဲယကြီးလဲ မနက်ဆွမ်းထချက်ရဦးမယ် မဟုတ်လား"

ကျွန်ုပ်သည် ဦးအေးဆောင်း ပြန်သွားသည်နှင့် အိပ်ယာသို့ ဝင်ခဲ့ရာ တစ်နေကုန် ပင်ပန်းထားသည်မို့ ခေါင်းချသည်နှင့် အိပ်ပျော် သွားလေတော့၏။ ဘာမှမကြာဘူးဟု ထင်မိ၏။ နားထဲတွင် အိုးစည် ဗုံမောင်းသံများ ကြားရသဖြင့် ကျွန်ုပ်သည် အိပ်ယာမှ လန့်နိုးသွားရ လေ၏။ အသေအချာ နားစွင့်ကြည့်လိုက်တော့ ဆီးတောကွင်းထဲမှ ကြားရသောအသံဖြစ်နေမှန်း သိရလေတော့၏။ ကျွန်ုပ်သည် ကျောင်းရှေ့ သို့ လာခဲ့မိ၏။ ဆီးတောကွင်းထဲသို့ အာရုံစူးစိုက်၍ ကြည့်လိုက်မိရာ ဆီးတောကွင်းထဲ၌ မီးတုတ်အရောင်များကို လှမ်းမြင်ရလေ၏။ အမှောင်ထဲသို့ ကြည့်နေမိစဉ် အိုးစည်သံများသည် ရုတ်ခြည်းကွယ်ပျောက် သွားလေ၏။

"ငါ့စိတ်တွေ ချောက်ချားနေတာများလား"

ဟုကျွန်ုပ် ကိုယ် ကျွန်ုပ် ပြန်တွေးမိ၏။ ထုံစဥ် ကျွန်ုပ်၏ နောက်နားမှ ခြေသံကြားမိသဖြင့် လှည့်ကြည့်လိုက်မိ၏။

"ဘာဖြစ်လို့လဲ ကပ္ပိယကြီး"

"ဆီးတောကွင်းထဲက အိုးစည်ပုံမောင်းသံတွေ ကြားလို့ပါဘုရား"

"ကပ္ပိယကြီး စိတ်ထင်လို့နေမှာပါ။ သွား... အိပ်တော့ ... အိပ်တော့"

✦ ✦ ✦

ကျွန်ုပ်သည် အိပ်စက်ရန် အိပ်ယာထဲသို့ဝင်ပြီး ခေါင်းအုံးပေါ်သို့ ခေါင်းချမိရုံရှိသေး၊ ဆီးတောကွင်းထဲမှ သီချင်းဆိုသံကို ကြားရသဖြင့် နားစွင့်နေလိုက်မိလေ၏။ ကျွန်ုပ်သည် အိပ်ရာထဲမှထွက်ကာ မီးအုပ်ဆောင်းအားယူလေ၏။ ဆရာတော်ကြီး မသိအောင် ဆီးတောကွင်းဘက်သို့ ထွက်လာခဲ့သည်။ လရောင်က ထိန်ထိန်သာနေသည်မို့ မီးအုပ်ဆောင်းကိုမထွန်းသေးပေ။

"ဟင်"

ချောင်းကမ်းပါးဘေး စေတီပျက်နားတွင် အဖြူရောင် လရောင်

အကျီ၊ အဖြူရောင်ထိုင်မသိမ်း လုံချည်ဝတ်ဆင်ထားသော အသက် နှစ်ဆယ်အရွယ် မိန်းကလေးသည် လွမ်းဆွေးဖွယ်သီချင်းကို သီဆို နေလေ၏။ ကျွန်ုပ်သည် သစ်ပင်အကွယ်မှ အမှောင်ရိပ်ကို အားကိုးကာ ကြည့်နေမိလေ၏။ မိန်းကလေး၏ ပခုံးပေါ်မှ ပဝါဖြူကလေးသည် ဟို သည်လွင့်နေလေ၏။ မိန်းကလေးသည် ပါးပြင်မှမျက်ရည်များကို သုတ် နေလေ၏။ မိန်းကလေးသည် သီချင်းဆုံးသည်နှင့် စေတီပျက်၏ တစ် ဖက်သို့ လျှောက်သွားလေ၏။ စေတီပျက်က ကွယ်သွားသဖြင့် ကျွန်ုပ်မှာ မိန်းကလေးအား မမြင်ရတော့ချေ။ ကျွန်ုပ်သည် စိတ်တင်းကာ စေတီ ပျက်နားသို့ အမြန်လျှောက်လာခဲ့မိ၏။

"ဟဲ့ … မိန်းကလေး၊ မိန်းကလေး"

ကျွန်ုပ်သည် စေတီအပျက်နားသို့ လျှောက်လာ၏။

"ဟင်"

ကျွန်ုပ်မှာဆက်လျှောက်လျှင် ချောက်ထဲသို့ ကျသွားတော့မည် ကို သိလိုက်သဖြင့် ရပ်နေလိုက်မိ၏။ စေတီ၏တစ်ဖက်တွင် ချောက် ကမ်းပါးကြီး ဖြစ်နေတော့၏။ ချောက်ထဲသို့ ငုံ့ကြည့်သော်လည်း ဘာမှ မတွေ့ရသဖြင့် ကျွန်ုပ်မှာ ကြောက်စိတ်ဝင်လာပြီး ကျောင်းသို့ဟန်မပျက် ပြန်လာခဲ့ရာ ကျောင်းရောက်မှ ဆီးတောကွင်းထဲတွင် မီးအုပ်ဆောင်း ကျန်ရစ်ခဲ့သည်ကို သတိထားမိတော့၏။ အဲသည်ညက ကျွန်ုပ်သည် တော်တော်နှင့် အိပ်မပျော်ပဲ ရှိနေခဲ့၏။

"ကပ္ပိယကြီး ညကဆီးတောကွင်းကို ထွက်သွားတာသိတယ်။ ဆီးတောကွင်းနေရာမှ ယာယီထီးနန်းစိုက်သွားတဲ့ မြန်မာမင်းနဲ့အတူ ပါလာတဲ့ မင်းသမီးလေးတစ်ပါးဟာ ငှက်ဖျားရောဂါနဲ့ ကံတော်ကုန်သွားရှာတယ်။ မင်းသမီးလေးဟာ စိတ်ရဲ့ဖွဲ့လမ်းမှုကြောင့် မကျွတ်မလွတ်သေးပဲ ပရလောကသားဘဝနဲ့ ဆီးတောကွင်းထဲမှာ ကျင်လည်ကျက်စားနေမှာပေါ့။ လသာတဲ့ညတွေမှာ ဆီးတောကွင်းထဲက သီချင်းဆိုသံ ကြားနေရတာကြာပြီ ကပ္ပိယကြီးရဲ့။ ပရလောကသားတွေက သွေးဆောင်တာကို လူတွေက တကာယ်ထင်ပြီး စူးစမ်းလေ့လာမိရင် သွေးလန့်သွားတာမျိုးတွေရှိတယ်ကွဲ့"

"တပည့်တော် ဆင်ခြင်မိပါပြီဘုရား"

ကျွန်ုပ်သည် လသာသော ညများတွင် ကြားရသော သီချင်းဆိုသံကို ဂရုမထားတော့။ လသာညတွင် မြင်တွေ့ခဲ့ရသော မင်းသမီးလေးအား ဘုရားရှိခိုးပြီးတိုင်း အမျှအတန်း ပေးဝေခဲ့ရာများ မကြာမီတွင် ဆီးတောကွင်းမှ သီချင်းသံကို လုံးဝမကြားရတော့ချေ။ မင်းသမီးလေးမှာ ကျွတ်တန်းရ၍ အခြားသော ဘဝသို့ရောက်သွားပြီဟု ကျွန်ုပ်မှတ်ယူမိပြီး ဝမ်းသာနေမိလေတော့၏။

✦ ✦ ✦

# သင်္ခယာ

လောဘကြမ္မာ

တစ်နေ့သ၌၊ ကျွန်ုပ်သည် မရောက်တာကြာခဲ့ပြီဖြစ်သော မွေးရပ်မြေ သဲတောမြို့ကကလေးသို့ အကြောင်းအားလျော်စွာ ရောက်ရှိခဲ့ရလေ၏။ ဘူတာမှ ဆင်းလျှင်ဆင်းချင်း ကျွန်ုပ်နှင့် နှစ်အတန်ကြာ ကွဲကွာနေခဲ့သော မြို့ကလေးက ကျွန်ုပ်အား မပြောင်းလဲသော နွေးထွေးမဖြင့် ဆီးကြိုနေလျှက် ရှိချေတော့၏။

ဘူတာနှင့်ကပ်လျှက်ရှိသော ရေသူမရုပ်တုရှိသည့် ပန်းခြံကလေးသည်၎င်း၊ ဘူတာရှေ့ဈေးတန်းလေးသည်၎င်း၊ ကျွန်ုပ်တို့ယခင် ဖွဲ့မြဲစွာထိုင်ခဲ့ဖူးသော ပုပ္ပါးလက်ဖက်ရည်ဆိုင်ကလေးသည်၎င်း ယခင်အတိုင်းပင်ရှိနေလျှက်။ ကျွန်ုပ်လည်း ခရီးရောက်မဆိုက်ဟာနေသော ဝမ်းဗိုက်ကို ဖြည့်တင်းရန်အလို့ငှာ ပုပ္ပားလက်ဖက်ရည်ဆိုင်ကလေး အတွင်းသို့ ဝင်ရောက်ခဲ့လေတော့၏။

လက်ဖက်ရည်ဆိုင်ကလေးအတွင်း၌ ကျွန်ုပ်ကဲ့သို့ ရထားမှ

တစ်နေ့သ၌၊ ကျွန်ုပ်သည် မရောက်တာကြာခဲ့ပြီဖြစ်သော မွေးရပ်မြေ သဲတောမြို့ကကလေးသို့ အကြောင်းအားလျော်စွာ ရောက်ရှိခဲ့ရလေ၏။ ဘူတာမှ ဆင်းလျှင်ဆင်းချင်း ကျွန်ုပ်နှင့် နှစ်အတန်ကြာ ကွဲကွာနေခဲ့သော မြို့ကလေးက ကျွန်ုပ်အား မပြောင်းလဲသော နွေးထွေးမဖြင့် ဆီးကြိုနေလျက် ရှိချေတော့၏။

ဘူတာနှင့်ကပ်လျက်ရှိသော ရေသူမရုပ်တုရှိသည့် ပန်းခြံကလေးသည်၎င်း၊ ဘူတာရုံဈေးတန်းလေးသည်၎င်း၊ ကျွန်ုပ်တို့ယခင် ဖွဲ့မြဲစွာထိုင်ခဲ့ဖူးသော ပုပ္ပါးလက်ဖက်ရည်ဆိုင်ကလေးသည်၎င်း ယခင်အတိုင်းပင်ရှိနေလျက်။ ကျွန်ုပ်လည်း ခရီးရောက်မဆိုက်ဟာနေသော ဝမ်းဗိုက်ကို ဖြည့်တင်းရန်အလို့ငှာ ပုပ္ပားလက်ဖက်ရည်ဆိုင်ကလေး အတွင်းသို့ ဝင်ရောက်ခဲ့လေတော့၏။

လက်ဖက်ရည်ဆိုင်ကလေးအတွင်း၌ ကျွန်ုပ်ကဲ့သို့ ရထားမှ

ဆင်းလာသူများအပြင် အခြားမြို့ခံ သောက်သုံးသူများနှင့် စည်းကားကာရှိနေလေ၏။ ကျွန်ုပ်သည် လက်ဖက်ရည်တစ်ခွက်နှင့် အီကြာကွေးပူပူနွေးနွေးကို မှာယူစားသောက်ရင်း ဆိုင်အတွင်း မိတ်ဟောင်းဆွေဟောင်းများကို တွေ့လိုတွေ့ငြား ရှာဖွေကြည့်မိလေ၏။ ထိုအခိုက်တွင်ပင် ကျွန်ုပ်အား အကဲခတ်ကြည့်ရှုနေသော လူတစ်ယောက်၏ မျက်လုံးများဖြင့် သွားရောက် ဆုံတွေ့မိလိုက်လေတော့၏။

ထိုလူမှာ ကျွန်ုပ်နှင့် မျက်လုံးချင်းဆုံမိလျှင် ဆုံမိခြင်းပင် အံ့သြဝမ်းသာသွားသောအသံဖြင့် ကျွန်ုပ်၏အမည်ကိုခေါ်ကာ ကျွန်ုပ်ဝိုင်းသို့ ရွှေ့လာလေတော့ရာ ၎င်းကား ကျွန်ုပ်နှင့်ကျောင်းနေဘက် သူငယ်ချင်း သိန်းထွေးပင် ဖြစ်နေလေတော့၏။

"ငါက တူပါတယ်လို့ ကြည့်နေတာ။ မင်းပုံစံက ဝလာတော့ ဟုတ်မှဟုတ်ပါ့မလားလို့။ အခုရထားနဲ့ ပါလာတာလား"

ကျွန်ုပ်မှလည်း ၎င်းကိုတွေ့ရသဖြင့် ဝမ်းသာသွားရလေတော့၏။

"အေး...မင်းကတော့ အရင်အတိုင်းပါပဲလားကွ ထွေးလို့ရ"

"အေးလေ မင်းကတွေ့တာနဲ့ နာမည်စဖျက်တော့တာပဲ"

"ဟဲဟဲ...နှုတ်ကျိုးနေလို့ပါကွာ။ ဒါနဲ့ဟိုကောင် စိုးသန့်တို့ မျိုးချစ်တို့ရော ရှိသေးလားကွ"

"စိုးသန့်ကတော့ နဂိုအတိုင်းပဲ။ ဟိုကောင် မျိုးချစ်တော့ အိမ်

ထောင်ကျသွားပြီး လိမ္မာနေပြီ မောင်''

ကျွန်ုပ်တို့မှာ ကွဲကွာနေကြသူတို့ ထုံးစံအတိုင်း အပေါင်းအသင်းများအကြောင်း၊ လုပ်ငန်းကိုင်ငန်းများအကြောင်း မေးမြန်းပြောဆိုကာ လက်ဖက်ရည်ဆိုင်၌ အချိန်အတော်ကြာမျှတိုင် ဖြစ်သွားကြလေတော့၏။

ထိုအခါ ကျွန်ုပ်မှလည်း ကျွန်ုပ်၏အလုပ်အကိုင်အား အနည်းငယ်မျှ ပြောမိသည်ရှိရကား သိန်းထွေးမှ...

''ဟုတ်လှချည်လားကွ။ ဒီလိုဆို မင်းကစာရေးဆရာဖြစ်နေတာပေါ့။ ငါ့ကောင် ဘယ်ဆိုးလို့တုံးဟ''

''ဆရာမဖြစ်သေးပါဘူးကွာ။ အခုမှ ကြိုးစားနေတုန်းပါ။ သိပ်လည်းအထင်မကြီးနဲ့ဦး ထွေးလို့ရ''

''ဘာပဲဖြစ်ဖြစ်ကွာ တို့သူငယ်ချင်းနှစ်ယောက် စာရေးဆရာဖြစ်နေတာ ငါတော့သိပ်ဝမ်းသာတယ်။ ငါ့မှာဇာတ်လမ်းကောင်းကောင်းလေးတွေ ရှိတယ်ဟ။ မင်းအတွက် အသုံးဝင်လိမ့်မယ် ထင်တယ်ကွ''

သို့ဖြစ်ရကား ကျွန်ုပ်မှ ၎င်းနားလည်စေရန် စာပေလုပ်ငန်းနှင့် ဇာတ်လမ်းသဘောတရားများကို အနည်းငယ်မျှ ရှင်းပြပြောဆို၍...

''တအား အထူးအဆန်းကြီး မဟုတ်တောင် ဇာတ်လမ်း ခပ်ဆန်းဆန်းလေးတွေဆိုရင်တော့ ငါ့အတွက် အသုံးကျတာပေါ့ကွာ။ ဥပမာ ကံကြမ္မာဖြစ်ရပ်ဆန်းကြယ် ဇာတ်လမ်းမျိုးလေးတွေပေါ့''

"ငါသဘောပေါက်ပါတယ်ကွာ။ ငါ့ဆီမှာရှိတဲ့ ဇာတ်လမ်းလေးတွေကလည်း မင်းပြောသလို ကံကြမ္မာ ဖြစ်ရပ်ဆန်းကြယ် ဇာတ်လမ်းမျိုးတွေချည်းပဲဟ"

"ဒီလိုဆိုရင်တော့ အတိုင်းထက် အလွန်ပေါ့ကွာ"

ကျွန်ုပ်၏ စကားကြောင့် သိန်းထွေး၏ မျက်နှာမှာ ပြုံးသွားလေတော့၏။

"ကိုင်း... ဒီလိုဆို ညဘက်မင်းအိမ်ကို ငါလာခဲ့မယ် သူငယ်ချင်း။ အခုမနက်ပိုင်းတော့ ငါယက္ကန်းရုံ သွားရဦးမယ်။ ညကျမှ အေးအေးဆေးဆေး ပြောကြတာပေါ့ကွာ"

ဤသို့ဖြင့် ကျွန်ုပ်နှင့် သိန်ထွေးတို့မှာ ပုပ္ပါးလက်ဖက်ရည်ဆိုင်ကလေးတွင် လမ်းခွဲခဲ့ကြလေတော့၏။

ကျွန်ုပ်လည်း ခရီးဆောင်အိတ်ကို လွယ်ပိုးလျက် ဘုရားလေးဆူကျောင်းဝန်းမှဖြတ်ကာ ကျွန်ုပ်၏ အဘွားနှင့်အမေ နေထိုင်ရာ အိမ်သို့ ပြန်ခဲ့လေတော့၏။

မမျှော်လင့်ဘဲ ကျွန်ုပ်ရောက်ရှိလာခြင်းအတွက် အဘွားနှင့် အမေတို့၏ ဝမ်းသာမှုကား ဆိုဖွယ်ရာမရှိကြတော့ချေ။ မိဘဘိုးဘွားတို့၏ မေတ္တာကား အချိန်ကာလတို့ ဟောင်းနွမ်းခဲ့သော်ငြား သစ်လွင်နွေးထွေးဆဲပါပေတကား။ ဘဝအိမ်မောတို့ဖြင့် ရှန်းကန်လှုပ်ရှားလျက်

ရင့်ကျက်လှပြီ ထင်ခဲ့မိသော အသက်(၁၀)ကျော်အရွယ် စာရေးဆရာ ပေါက်စကလေး ကျွန်ုပ်သည် အဘွားနှင့် အမေတို့၏ ရင်ခွင်၌ပိဘိ ကလေးငယ်တစ်ယောက် အသွင်ကဲ့သို့ ပြန်လည်ခံစားရလျက် ကြည်နူး မျက်ရည်တို့ ဖြာခဲ့ရလေ၏။ ထို့အပြင် အချိန်ကြာမြင့်စွာ ခွဲခွာနေခဲ့ကြ ရသော ညီနှင့်ဦးလေးအငယ်တို့ဖြင့်လည်း တစ်နေ့ခင်းလုံး စကားလက်ဆုံ ပြော၍မကုန်အောင် ရှိချေတော့၏။

ဤသို့ဖြင့် ည(၈)နာရီထိုးခန့် အချိန်သို့ရောက်သောအခါ စက်ဘီးတစ်စီးဖြင့် သိန်းထွေးရောက်လာလေတော့၏။ ကျွန်ုပ်၏ အမေ ပြင်ဆင်ပေးသော အကြမ်းရေနွေးအိုးတစ်အိုးနှင့် လက်ဖက်သုပ်ကို စားသောက်ကြရင်းဖြင့် သိန်းထွေးမှ ကျွန်ုပ်အား ဂဲကြမ္မာဖြစ်ရပ်ဆန်း ကြယ် ဇာတ်လမ်းတော်တော်များများကို ပြောပြခဲ့လေတော့၏။ သို့ဖြစ် ရကား ကျွန်ုပ်သည် ၎င်းပြောပြသော ဇာတ်လမ်းကလေးများအား အနည်းငယ်မျှ ပြင်ဆင်မွမ်းမံ၍ ကံကြမ္မာဖြစ်ရပ်ဆန်းကြယ် ဇာတ်လမ်း လေးများအဖြစ် ရေးသားတင်ပြလိုက်ရပါပေတော့သတည်း။

## "လောဘကြမ္မာ"

သဲတောဈေးတောင်ဘက် မြင်းလှည်းဂိတ်၌ မောင်မြင့်ဆိုလျှင် မသိသူမရှိကြ။ အသားမည်းမည်း လူကောင်သေးညှပ်ညှပ်ဖြင့် အစဉ် အမြဲပြုံးချိုနေသောမျက်နှာဖြင့် ပျော်ပျော်နေတတ်သော သဘော သဘာ

ယကောင်းမွန်သော အသက်(၂၀)ခန့်ရှိ လူရွယ်တစ်ယောက်ပါပေ။ မောင်မြင့်မှာ မြင်းလှည်းသမား တစ်ယောက်ဖြစ်သည်နှင့်အညီ ဈေးသည်များဖြင့် နေ့တစ်ဝက် တွေ့ကြုံဆက်ဆံနေရသူတစ်ဦးလည်း ဖြစ်သည်။

ဈေးသည်များကလည်း သဘောကောင်းသော မောင်မြင့်ကို ခင်မင်ကြလျှက် ၎င်းမြင်းလှည်းမရှိပါမှ အခြားမြင်းလှည်းကို စီးကြသည် အထိပင်ဖြစ်ရာ နေ့စဉ်နှင့်အမျှ မောင်မြင့်မြင်းလှည်းမှာ ခရီးသည်ပြတ်သည်ဟုမရှိလှချေ။

"မောင်မြင့်တို့များ တယ်ဟုတ်ပါလားဟေ့၊ ငါတို့ဖြင့် ဒီမနက် နှစ်ခေါက်ပဲ ဆွဲရသေးတယ်"

"ဟဲဟဲ... ဒီလိုလည်း မဟုတ်ပါဘူး ကိုမြကြီးရာ။ သွားလိုက်ဦးမယ်ဗျို့။ ကဲ... သမီးလေး တစ်ခေါက်လောက် ကြိတ်လိုက်စမ်းပါဦးကွာ"

"ခွပ်...ခွပ်...ခွပ်"

ကုန်အပြည့်နှင့် ထွက်ခွာသွားသော မောင်မြင့်၏ မြင်းလှည်းကိုကြည့်ကာ အခြားမြင်းလှည်းများမှာ အားကျနေကြရစမြဲပင်။

"ဟဲ့ ... မောင်မြင့် ဒီတစ်ခေါက် ငါကြသကာခြင်းတွေကို အိမ်ရှေ့အရောက် ပို့ပေးနော်"

"ဒါလေးများ ဒေါ်လှတင်ရယ် လုပ်ပေးရမှာပေါ့ ဟဲဟဲ"

တစ်ဆက်တည်းလို ရှိနေသော သဲတောမြို့နှင့် ဝမ်းတွင်းမြို့မှာ အဓိကအားဖြင့် မြင်းလှည်းများကိုသာ အားကိုးနေကြရလေ၏။ ငါးရက်တစ်ဈေးသာလျှင်ရှိသော ဤဒေသ၌ မြင်းလှည်းအများဆုံးရှိသော မြို့ကလေးဟုပင် ဆိုနိုင်ပေ၏။

ရန်ကုန်–မန္တလေး ကားလမ်းမကြီး ဖြတ်သွားရာ ကားဂိတ်မှာ ဝမ်းတွင်းမြို့တွင်ရှိလျှက်။ ရန်ကုန်–မန္တလေး မီးရထားလမ်းကြီးမှကား သဲတောမြို့ကလေးတွင် ရှိနေသည်ဖြစ်ရာ နှစ်မိုင်ကျော်ကျော်မျှဝေးသော ကားဂိတ်ရှိရာ ဝမ်းတွင်းမြို့နှင့် မီးရထား ဘူတာရုံရှိရာ သဲတောမြို့ကလေးတို့၏ အဓိကလမ်းပမ်းဆက်သွယ်ရေးမှာ မြင်းလှည်းများသာလျှင် အဓိကကျနေပေတော့၏။

သို့ဖြစ်ရကား ဤဒေသတွင် နေထိုင်ကြသူများမှာ ကားဖြင့်ခရီးသွားလိုလျှင် ဝမ်းတွင်းကားဂိတ်သို့၎င်း မီးရထားဖြင့် ခရီးသွားလိုလျှင် သဲတောဘူတာရုံသို့၎င်း လာကြရသည်ဖြစ်ရာ မြင်းလှည်းများကိုသာလျှင် အများဆုံး စီးကြရလေ၏။

ထို့အပြင် အလှည့်ကျဖြစ်သော သဲတောဈေးနေ့ ဝမ်းတွင်းဈေးနေ့လျှော်ပင် ဈေးနေ့တို့၌ ဈေးသည်များမှာလည်း မြင်းလှည်းများကိုသာ အားထားကြရသည်ဖြစ်ရာ မောင်မြင့်တို့ကို မြင်းလှည်းသမားများအတွက် အတော်ပင် အလုပ်ဖြစ်လှပေတော့၏။

မောင်မြင့်မှာ သဲတောမြို့တောင်ဘက်ရှိ မြင်းလှည်းချောင်ဟူသော ရပ်ကွက်တွင်နေထိုင်လျှက် အိမ်ထောင်မရှိသော လူလွတ်တစ်ယောက်ဖြစ်လေရာ အတော်အတန် ချောင်လည်သည်ဟု ဆိုရမည်ပင်။

ထို့အတူ မောင်မြင့်၏ မိဘများမှာလည်း မြင်းလှည်းထောင်ထားကြသူများဖြစ်၍ မြင်းလှည်းမောင်း၍ရသမျှ ပိုက်ဆံအား မိဘထံအပ်ရန်မလိုသဖြင့်လည်း ပြောင်ပြောင်ရောင်ရောင် ဝတ်နိုင်စားနိုင်ခြင်းပင်ဖြစ်ပေ၏။

မောင်မြင့်မှာ မြင်းလှည်းသမားဟု ဆိုသော်ငြား မြို့ပေါ်ရှိ ယက္ကန်းရုံပိုင်ရှင်သားသမီးများနှင့် တန်းတူသုံးနိုင်ဆွဲနိုင်သော လူရွယ်တစ်ယောက်ပါပေ။

"ဟေ့ကောင် မောင်မြင့် ငါတို့ကို လက်ဖက်ရည်လေး ဘာလေး မတိုက်ချင်ဘူးလားကွ"

"ဟာ... ရပါတယ်။ ဦးလေးကျော်ကလည်း လာလေ"

မောင်မြင့် ဦးလေးကျော်နှင့် ကိုစံလှတို့ကိုခေါ်ကာ ဈေးတောင်ဘက်တိုက်ခန်းရှိ လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့ကြလေသည်။

"ကဲ... ဘာသောက်ကြမှာလဲ။ မှာကြလေဗျာ"

"လက်ဖက်ရည်ပဲပေါ့ကွာ။ ချိုစိမ့်ပဲလုပ်"

မောင်မြင့် စားပွဲထိုးလေးထံ လက်ဖက်ရည်ချိုစိမ့် (၃)ခွက်လှမ်း

မှာလိုက်လေသည်။

"မင်းကတော့ တစ်ရက်မှ ဆွဲမကောင်းတဲ့နေ့မရှိပါလားကွ မောင်မြင့်ရ။ လူပျိုဘဝလေးရတုန်း စုစုဆောင်းဆောင်းလေးလည်း လုပ်ဦးကွ"

"အာ... ဒီလောက်လည်း မဟုတ်ပါဘူးဗျ ဦးလေးကျော်ရ ဟဲဟဲ"

"ဟုတ်တယ်ကွ မောင်မြင့်ရ လူ့ကံဆိုတာ အမြဲတမ်းကောင်းနိုင်တာ မဟုတ်ဘူး။ အခုဆို အပူအပင်မရှိရတုန်းလေး စုဆောင်းထားကွ။ နောက် မင်းအိမ်ထောင်တွေ ဘာတွေကျတော့ ပြေပြေလည်လည် ဖြစ်တာပေါ့ကွာ"

ကိုစံလှကပါ ဝင်ပြောသဖြင့် မောင်မြင့် ခေါင်းညိတ်လိုက်ရလေသည်။ သို့သော် လူငယ်ပီပီ အပူအပင် အကြောင့်အကျမရှိလှသော မောင်မြင့်အတွက် ဦးလေးကျော်နှင့် ကိုစံလှတို့၏ စကားများသည် များစွာ အရေးမပါသကဲ့သို့ပင် ရှိလေ၏။

ဤသို့ဖြင့် များမကြာမီ မောင်မြင့်တစ်ယောက် လူငယ်တို့ ဘာသာဘာဝချစ်သူတစ်ယောက် ရှိလာခဲ့လေတော့၏။ ထိုအခါ မောင်မြင့်၏ချစ်သူ မိန်းကလေးမှာ မမြတ်လှ ဟုခေါ်တွင်လျက် သဲတောဈေးထဲတွင် ကုန်စိမ်းရောင်းသော မိန်းကလေးပင်ဖြစ်ရာ မောင်မြင့်၏

မြင်းလှည်းကို အမြဲစီးရင်း နှစ်ဦးသား မေတ္တာမျှခဲ့ကြခြင်းပင် ဖြစ်လေ၏။

မမြတ်လှမှာ ဝမ်းတွင်းမြို့ အောင်မင်္ဂလာရပ်ကွက်ထဲတွင် နေထိုင်လျှက် ဖခင်အိုကြီးနှင့် မောင်နှမ(၄)ယောက်အား ကုန်စိမ်းရောင်းကာ ရှာဖွေကျွေးမွေးနေသူကလေးပင် ဖြစ်၏။

သို့အတွက် ဝမ်းတွင်းဈေး၊ သဲတောဈေးများသာလျှင်မက အဖြေတောင်းဈေးပတ်သို့ပင် ရထားဖြင့်လိုက်၍ ဈေးရောင်းရရှာလေ၏။ သို့သော် ကုန်စိမ်းရောင်းသော မိန်းကလေးတစ်ယောက်၏ လုပ်အားဖြင့် မိသားစုကလေးမှာ ပြေလည်ခြင်းမရှိပါချေ။ ထိုအခါ...

"မျက်နှာလည်း မကောင်းပါလား မြတ်လှရဲ့ ဘာလဲ... အရင်းလိုပြန်ပြီလား"

"ပြောရမှာ အကိုကိုလည်း အားနာလှပါပြီ ဟို...ဟိုလေ"

"ဟိုလေ လုပ်မနေနဲ့ ရော့ အကိုဆီမှာ မနက်ကတစ်ခေါက်ဆွဲထားတဲ့ ပိုက်ဆံရှိတယ်။ ယူသွား... ချစ်သူချင်းတွေပဲကွာ အားနာစရာမလိုပါဘူး"

မြတ်လှမှာ ချစ်သူမောင်မြင့် လှမ်းပေးသော ပိုက်ဆံကိုယူရင်း ရှက်အားပိုလျှက် ရှိနေလေတော့၏။

ဤသို့ဖြင့် မောင်မြင့်မှာ ချစ်သူတစ်ယောက် ရပြီးသည့် အချိန်မှစ၍ ယခင်ကကဲ့သို့ ရသမျှပိုက်ဆံအား သုံးဖြုန်းနိုင်ခြင်း မရှိတော့ချေ။

သို့အပြင် ငယ်ရွယ်သူတို့ သဘာဝအတိုင်း ချစ်သူနှင့်သွား ကစ်ပူးပူး
တစ်တွဲတွဲ နေလိုကြသည့်အတိုင်း မြတ်လှဈေးရောင်းရာသို့ ခေါ်ချိန်ပြည့်
နေသဖြင့် မြင်းလှည်းဆွဲနေသော အခေါက်များ လစ်လပ်လာပြန်ရာ
ဖူးသည့် ဖောက်သည်များပင် အခြားမြင်းလှည်းများပေါ်သို့ ရောက်ကုန်
လတော့၏။ ထိုအခါ မောင်မြင့်အား ခင်မင်သော မြင်းလှည်းသမားကြီး
းလေးကျော်မှပင် သတိပေးရလေတော့၏။

"မောင်မြင့်ရာ မင်းမြတ်လှဆီ သွားတာလည်း သွားပေါ့ကွာ
တ်လွတ်လို့ ကိုယ့်ဖောက်သည်တွေ အခြားမြင်းလှည်းတွေဆီ ရောက်ကုန်
တာလည်း သတိထားဦးကွ"

သို့သော် ပြောတုန်းသာ ခေါင်းညိတ်တတ်ပြီး အချိုးမပြောင်း
ရလေကား။ များမကြာမီ မောင်မြင့်မြင်းလှည်းမှာ ဂိတ်တွင်အမြဲတမ်း
ကျောက်ချနေရသော ဘဝသို့ရောက်ရှိသွားလေတော့၏။ ထို့ကြောင့် တစ်ခါ
တစ်ရံ မြတ်လှပိုက်ဆံလိုသောအခါမျိုး၌ ယခင်ကကဲ့သို့ အလွတ်တကူ
ထုတ်ပေးနိုင်ခြင်းမရှိတော့ချေ။

"စိတ်ညစ်တာပဲ မြတ်လှရယ်။ အခုတလော ဘာဖြစ်နေတယ်
မသိဘူး။ မြင်းလှည်းကလည်း ဆွဲမကောင်းဘူးဖြစ်နေတယ်။ ဒါပေမယ့်
နေဦး ဦးလေးကျော်ဆီ ခဏချေးကြည့်ဦးမယ်"

သို့ဖြစ်ရကား မောင်မြင့်တစ်ယောက် များမကြာမီ အပေါင်း

အသင်းများထံ၌ အကြွေးဖြင့် ပတ်လည်ဝိုင်းလာပြန်လေတော့၏။

"ဟော့ကောင် မောင်မြင့် ငါ့ပိုက်ဆံလေးလည်း လုပ်ဦးလေကွာ။ ခဏဆိုလို့ ချေးထားတာ။ ငါ့ဝို့မှာ မိသားစုနဲ့ကွ။ မင်းကို တစ်ယောက်တည်းသမား မဟုတ်ဘူး"

"အေးပါ... မြမောင်ရာ ဒီတစ်ခေါက်ဆွဲရရင် ပေးပါ့မယ်ကွာ"

"မင်းတစ်ခေါက်ကလည်း ဘယ်တော့ဆွဲရမှာတုံး။ မနက်ဖြန်တော့ ဆက်ဆက်လုပ်ပေးကွာ"

ကြာတော့ မောင်မြင့် စိတ်ညစ်လာကာ အခြားပိုက်ဆံရမည့်အလုပ်များကို ကြားပေါက်လုပ်ရန် စဉ်းစားလာလေတော့၏။

(အင်း... အခြားဝင်ငွေလေးရအောင် ဘာလုပ်ရရင် ကောင်းမလဲ)

ထိုအခိုက် မောင်မြင့် မြင်းလှည်းရှိရာသို့ မြတ်လှနှင့်အတူကုန်စိမ်းရောင်းသော အရီးပုတစ်ယောက် ရောက်လာလေတော့၏။

"ဟဲ့ ... လူလေး မောင်မြင့်။ မင်းအားသလား"

"ဘာလုပ်မလို့လဲ အရီးပု"

"အရီးကို ထီလေးတစ်စောင်လောက် ထိုးပေးစမ်းကွယ်။ မနက်ဖြန်ထီထွက်တော့မယ်မို့လား။ မင်းလည်းကံလေးဘာလေးစမ်းရင်း တစ်စောင်လောက်ထိုးပါလားကွဲ့"

အရိုးပုစကားကြောင့် မောင်မြင့် ထီတစ်စောင်လောက်ထိုးရန် အကြံရသွားရလေတော့၏။ လူ့ကံဆိုသည်မှာ ပြော၍ရသည်မဟုတ်။ ကံကောင်းထောက်မ၍ ထီပေါက်ခဲ့လျှင် ယခုတွေ့ကြုံရသော အခက်အခဲများအပြင် မိမိနှင့်မြတ်လှတို့ အနာဂါတ်သည်ပင် သာယာလှပသွားနိုင်သေးတော့၏။

"ဟာ…ဟုတ်တယ် ကျွန်တော်လည်း တစ်စောင်လောက်ထိုးဦးမယ်…ပေး အရိုးပု"

မောင်မြင့် အရိုးပုဆီမှ ကျပ်တန်လေး (၂)ရွက်ကိုယူကာ ထီရောင်းသော ကိုတင်ထွန်း၏ ရွှေနှင့်မြထီဆိုင်သို့ ထွက်လာခဲ့လေတော့၏။ (ထိုစဉ်ကာလက ထီတစ်စောင်လျှင် နှစ်ကျပ် အမြင့်ဆုံးဆုမှာ တစ်သိန်းကျပ်ဖြစ်ပါသည်။)

"ဗျို့ ကိုတင်ထွန်း ထီနှစ်စောင်လောက်ပေးဗျာ"

"ဟာ…မောင်မြင့်ပါလားကွ အတော်ပဲ။ ငါ့မှာလဲ ထီနှစ်စောင်ပဲကျန်တော့တာကွ။ ပြော…ဘာအတိတ်ရေးမလဲ"

"အတိတ်တွေ ဘာတွေ ရေးမနေတော့နဲ့ဗျာ။ ကုန်စိမ်းရောင်းတဲ့ အရိုးပုနဲ့ကျုပ်တစ်ယောက် တစ်စောင်ထိုးတာဗျ"

"အိုင်း…ဒါဆိုလည်း မင်းနာမည်နဲ့ အရိုးပုနာမည်ပဲ မှတ်ထားလိုက်တော့မယ်"

မောင်မြင့် ကိုတင်ထွန်းပေးသော ထီနှစ်စောင်ကို ဆွဲယူကာ မြင်းလှည်းဂိတ်သို့ ပြန်ပြေးလာခဲ့လေတော့၏။

"ဟဲ့ ... ရခဲ့ရဲ့လား လူလေး"

"ရခဲ့တယ် အရီးပု ကျွန်တော်နဲ့ အရီးပုကံကောင်းတယ်။ ဆိုင်မှာ ဒီနှစ်စောင်ပဲ ကျန်တော့တာဗျ"

"ဟယ် ... ဟုတ်လား။ ဒါမျိုးက ပေါက်တတ်တယ်ယဲ့။ အရီးမှာက တစ်ယောက်တည်း လုပ်ကိုင်စားသောက်နေရတာဆိုတော့ သူများတွေလို မလှူနိုင်ခဲ့ဘူး လူလေးရဲ့။ ဒီထီကလေးထိုးတာလည်း အရီးအတွက်အဖို့ပါအောင် မသေခင် ကျောင်းလေးတစ်ဆောင်လောက် လှူချင်လို့ လူလေးရဲ့ ပေါက်လိုက်စမ်းပါတော်"

"ကဲရော့ အရီးပု ကျွန်တော်တစ်စောင် အရီးပုတစ်စောင် ကျွန်တော်လည်း မြတ်လှနဲ့ အတူနေရအောင် ထိုးလာခဲ့တာ"

မောင်မြင့် အရီးပုထံသို့ ထီတစ်စောင်ကို လှမ်းပေးလိုက်လေ၏။

"ဪ ... ဒါနဲ့ နေဦး လူလေး"

"ဘာလဲ ... အရီးပုရဲ့"

"မနက်ဖြန် ထီပေါက်စဉ်ထွက်ရင်လည်း လူလေးပဲ အရီးကိုလာတိုက်ပေးဦး။ အရီးက စာမဖတ်တတ်တော့ ဘာမှသိတာမဟုတ်ဘူး"

''စိတ်ချ . . . အရီးပုရေ ကဲ ကျွန်တော်သွားဦးမယ်''

''အေး . . . အေး အရီးလည်း ဆိုင်ကို မိန်းကလေးမြတ်လှကို ကြည့်ခိုင်းထားခဲ့ရတာ သွားဦးမှ''

နောက်တစ်နေ့ မနက်တွင်မူ မောင်မြင့်တစ်ယောက် ဈေးခြားရက်ဖြစ်သဖြင့် မြင်းလှည်းမထွက်တော့ဘဲ ဝမ်းတွင်း အောင်မင်္ဂလာ ရပ်ကွက်အတွင်းရှိ ချစ်သူမြတ်လှထံသို့ ရောက်ရှိသွားတော့သည်။

''ဟယ် . . . အကိုလာတာနဲ့ အတော်ပဲ။ ခုနလေးတင် အရီးပု ရောက်လာသေးတယ်။ အကို့ကို ထီပေါက်စဉ် တိုက်ခိုင်းမလို့ဆိုလားပဲ''

''ဟာ . . . ဟုတ်တယ် မြတ်လှရဲ့ အကိုတောင် မေ့နေတယ်။ မနေ့က အကိုနဲ့ အရီးပု ထီတစ်စောင်စီ ထိုးထားတယ်။ လူ့ကံဆိုတာ ပြောလို့ရတာမဟုတ်ဘူး။ အကိုသွားတိုက်ပေးလိုက်ဦးမယ်''

မြတ်လှတို့အိမ်နှင့် အရီးပုတစ်ယောက်တည်း နေထိုင်သော အိမ်ကလေးက ဘာမှမဝေးလှ။ မောင်မြင့် အရီးပု အိမ်ကလေးသို့ ထွက်လာခဲ့တော့သည်။

✦ ✦ ✦

"အရီးပု"

"ဟဲ့ လူလေး မောင်မြင့်လား။ လာလာ ခုနကတောင် မြတ်လှတို့အိမ်ဘက် အရီးရောက်ခဲ့သေးတယ်"

"မြတ်လှပြောတယ် အရီးပု။ ဘယ်မှာလဲ ထီပေါက်စဉ်ရော ဝယ်ပြီးပြီလား အရီးပုရဲ့"

"ဝယ်ပြီးပါပြီတော်... လာလာ"

အရီးပုက ဘုရားစင်ပေါ်တွင် တင်ထားသော ထီလက်မှတ်ကလေးနှင့် ထီပေါက်စဉ်တစ်ရွက်ကိုယူကာ မောင်မြင့်ထံ ပေးလိုက်လေသည်။

"ကဲ... လူလေး တိုက်ကြည့်ပါဦး။ အရီးနောက်ဖေးမှာ ထမင်းအိုးတည်ထားတာ သွားကြည့်လိုက်ဦးမယ်"

"ဟုတ်ကဲ့ အရီးပု"

မောင်မြင့် အရီးပု၏ အိမ်ရှေ့ခန်း ကျို့တို့ကျဲတဲ ဝါးကြမ်းခင်းလေးပေါ်တွင် ထီပေါက်စဉ်တစ်ရွက်ကို ဖြန့်ချလိုက်ကာ ထီလက်မှတ်လေးကို စတင်တိုက်ကြည့်လိုက်လေတော့၏။

"ဗ... ၁၃၅... ၄၇၈"

"ဟင်"

မောင်မြင့် အံ့ဩစိတ်နှင့်အတူ ထီပေါက်စဉ်စာရွက်ထဲမှ ဂဏန်းနံပါတ်ကို သေချာစွာ ထပ်မံကြည့်ရှု လိုက်ပြန်သည်။

"ဗ...၁၃၅၄၇၈"

"ဟာ...တစ်သောင်းဆု...တစ်သောင်းဆု"

မောင်မြင့် ဝမ်းသာစိတ်ဖြင့် ထအောင်မိမတတ် ဖြစ်သွားရလေတော့သည်။ သို့သော် ချက်ချင်းပင်ဝင်းလာသော မရိုးမသား စိတ်တစ်ခုကြောင့် မအော်မိဘဲ အရီးပုရှိရာ နောက်ဖေးမီးဖိုချောင်သို့ တစ်ချက်လှမ်းကြည့်မိလိုက်လေတော့၏။

ထီလက်မှတ်ကလေးကို ကိုင်ထားသော မောင်မြင့်၏လက်က စိတ်လှုပ်ရှားလွန်းသဖြင့် တစ်ဆတ်ဆတ် တုန်ရင်နေသည်။ (ဟာ လက်မှတ်က တစ်သောင်းဆု ပေါက်နေပါရောလား။ တစ်သောင်း ဒီထီလက်မှတ် ငါ့ဟာသာဖြစ်လိုက်ရင်...)

(ဟုတ်ပြီ...အကြံရပြီ။ ဒီမိန်းမကြီး စာမှမတတ်ဘဲ သူဘာမှ မသိဘူး။ ငါ့ထီလက်မှတ်နဲ့လဲထားလိုက်ရင် ဟုတ်ပြီ"

မောင်မြင့် မတော်လောဘစိတ်တို့ ဝင်ရောက်လာကာ ရိုးသားသော စိတ်များပျောက်ကွယ်သွားတော့၏။

မောင်မြင့် . . .အရီးပု၏ တစ်သောင်းဆုပေါက်နေသော ထီလက်မှတ် ကလေးနှင့် မိမိအိတ်ကပ်ထဲတွင် အသင့်ပါလာခဲ့သော ထီလက်မှတ်ကလေးကို လဲလိုက်လေတော့၏။

"ဟဲ့ ...လူလေး မောင်မြင့် ပေါက်ရဲ့လားဟဲ့"

"ဩော်...အင်း...တိုက်...တိုက်နေတုန်းပဲ အရီးပုရဲ့"

ဘာမှမသိရှာသော အရီးပုက မီးဖိုခန်းထဲမှ ထွက်လာကာ မောင်မြင့်အနီးတွင်ထိုင်၍ မျှော်လင့်ချက် မျက်လုံးလေးများဖြင့် ကြည့်နေရှာသည်။

အကြံသမား မောင်မြင့်မှာ အရီးပုရှေ့၌ လှုပ်ရှားနေသော စိတ်ကိုထိမ်းရင်း မွန်ထူနေသော စိတ်များဖြင့် ထီလက်မှတ်ကလေးကို တိုက်ဟန်ပြုနေလိုက်သည်။ ထို့နောက်မှ ခပ်တည်တည်ဖြင့် လက်ထဲမှ ထီလက်မှတ်ကလေးကို အရီးပုထံသို့ လှမ်းပေးလိုက်ရင်း...

"မပေါက်ဘူး အရီးပုရေ၊ နောက်လမှ ဆက်ထိုးကြတာပေါ့ဗျာ"

"အင်း...ဘယ်တတ်နိုင်ပါ့မလဲ လူလေးရယ် အရီးစိတ်ထဲမှာ ဒီတစ်ပါတ်တော့ ပေါက်ပြီလို့မှတ်နေတာ အိပ်မက်တွေကလည်း ကောင်းနေမှကိုးကွဲ့"

"ဒါဆို ဒီအပတ်မပေါက်လဲ နောက်အပတ်ပေါက်မှာပေါ့ အရီးပုရဲ့ ဟဲဟဲ"

မောင်မြင့်၏ ရင်ထဲတွင်ကား ရင်ထဲကပျော်ရွှင်မှုကို မနည်းထိန်းချုပ်ထားရ၏။

"ရှဲ...အရီးပု ကျွန်တော်သွားလိုက်ဦးမယ်"

"ဟဲ့...လူလေး ထီလက်မှတ်ရော မတိုက်တော့ဘူးလား"

"အဲ...ဟို...ဟို...ကျွန်တော့် ထီလက်မှတ်က အိမ်မှာ ကျန်ခဲ့တယ်၊ အရီးပုရဲ့ အပြန်မှပဲတိုက်တော့မယ် သွားပြီအရီးပု"

"အေး...အေး"

အရိုးပုခမျာ ထီလက်မှတ်ကလေးကို လက်ကလေးနှစ်ဘက်ကိုင်ကာကျန်ရစ်ခဲ့ရှာလေတော့၏။

မောင်မြင့်မှာကား အပျော်လွန်နေသော ခြေလှမ်းများဖြင့် မြတ်လှတို့အိမ်ဘက်သို့ မပြေးယုံတစ်မယ် သုတ်ခြေတင်ခဲ့လေတော့၏။

"မြတ်လှ...မြတ်လှ"

ရုတ်တရက် အိမ်ပေါ်သို့ တက်လာရင်း ခေါ်လိုက်သော မောင်မြင့်အသံကြောင့် မောင်ညီမလေးများအတွက် ထမင်းဝိုင်း ပြင်ဆင်ပေးနေသော မြတ်လှ အထိတ်တလန့် ဖြစ်သွားရလေသည်။

"အော်...လန့်လိုက်တာ အကိုရှယ်။ ဘာဖြစ်လာတာတုံး"

"ဘာဖြစ်လာတာတုံး မလုပ်နဲ့ မြတ်လှ အဝတ်အစားလဲ လုပ်မြန်မြန်"

"ဟောတော့ ဘယ်လိုဖြစ်လာတာတုံး၊ ထမင်းမစားတော့ဘူးလား"

"ဟာ...ရှည်လိုက်တာ မြန်မြန်လုပ်ပါဆိုကွာ"

မြတ်လှ မောင်မြင့်အား အံ့သြတကြီးကြည့်ရင်း အိမ်နောက်ခန်းသို့ ဝင်သွားလေတော့၏။ ခဏအကြာ အဝတ်အစားလဲပြီး မြတ်လှ ပြန်ထွက်လာလေသည်။

"ကဲ...ဘယ်သွားမလို့လဲ။ ချက်ချင်းကြီး"

"ဦးလေးရော ဘယ်သွားလဲ မြတ်လှ"

"အဖေ ဓမ္မာရုံဘက်သွားတယ်။ ကဲအခု ဘယ်သွားမလို့တုံး"

"မိတ္ထီလာသွားမယ် မြတ်လှ၊ ကလေးတွေကို သေသေချာချာ မှာခဲ့ဦး"

မြတ်လှ နားမလည်နိုင်စွာဖြင့် ထမင်းစားနေသော အကြီးဆုံး ညီမကိုမှာခဲ့ကာ မောင်မြင့်နှင့်အတူ လိုက်လာခဲ့ရတော့သည်။

"ညီမလေး အဲဖေလာရင် အမကြီးတို့ မိတ္ထီလာသွားတယ်လို့ ပြောလိုက်နော်။ ညနေပြန်လာခဲ့မယ် ကြားလား"

မောင်မြင့်ကား ဝမ်းသာနေသော စိတ်နှင့်အတူ ချစ်သူ၏ လက်ကိုဆွဲကာ မြင်းလှည်းဂိတ်ရှိရာသို့ ထွက်လာခဲ့လေတော့၏။

ဤသို့ဖြင့် မောင်မြင့်နှင့် မြတ်လှတို့မှာ ဝမ်းတွင်းကားဂိတ်မှ မှန်လုံကားတစ်စီးကို တားစီးကာ မိတ္ထီလာမြို့သို့ ရောက်ခဲ့ကြလေတော့၏။

"အကို အကျိုးအကြောင်းလေး ပြောပါဦး။ မြတ်လှဖြင့် အကို လုပ်ပုံကို ဘာမှနားမလည်တော့ဘူး"

နားမလည်နိုင်စွာမေးလာသော ချစ်သူမြတ်လှ၏ မျက်နှာကို မောင်မြင့် စပ်ဖြဲဖြဲ အမူအယာမျိုးဖြင့် တစ်ချက်ကြည့်လိုက်သည်။

"ဟဲ...ဟဲ...အကိုတို့ ပိုက်ဆံထုတ်ပြီး ဖောင်တော်ဦးဘုရားပွဲကို သွားကြမယ်လေ မြတ်လှရဲ့"

မောင်မြင့်၏စကားကြောင့် မြတ်လှအံ့ဩသွားရလေသည်။

''ပိုက်ဆံ ဟုတ်လား ဘယ်ကပိုက်ဆံထုတ်မှာလဲ အကို''

မြတ်လှ၏စကားကြောင့် မောင်မြင့် သဘောကျစွာ ရယ်မော
က်ရင်းဖြင့် အိတ်ထဲမှ ထီလက်မှတ်ကလေးကို ထုတ်ပြလိုက်လေသည်။

''ဟား... ဟား... ဟား ဒီကနေ့စပြီး အကိုနဲ့မြတ်လှတို့ဘဝ
း‌အေးဆေးဆေး နေနိုင်ပြီ။ အကို တစ်သောင်းဆုပေါက်တယ်ကွာ''

''ဟယ်... အကို တစ်သောင်းဆုပေါက်တယ် ဟုတ်လား။
းသာလိုက်တာ အကိုရယ်''

''ဟုတ်တယ် အခုထီရုံးမှာ ပိုက်ဆံထုတ်ပြီး အကိုတို့ဖောင်
က်ဦးဘုရားပွဲမှာ လည်ကြမယ်။ အပြန်ကျရင်တော့ အကို့မိဘတွေကို
ပြီး မြတ်လှနဲ့အကိုတို့ မင်္ဂလာဆောင်ဖို့အတွက် စီစဉ်မယ်သိလား''

ချစ်သူ မောင်မြင့်၏စကားကြောင့် မြတ်လှမှာ မျက်ရည်ကလေး
းကျသည်အထိ ဝမ်းသာကြည်နူးသွားရလေတော့၏။ ဤသို့ဖြင့် မောင်
င့်နှင့်မြတ်လှတို့မှာ မိတ္ထီလာထီရုံး၌ ထီလက်မှတ်ကိုပြ၍ ဆုငွေတစ်
သာင်းကို ထုတ်ယူလိုက်ကြလေတော့၏။

တစ်သက်တာ မမြင်ဖူးခဲ့သော ငွေစက္ကူထုပ်ကြီးကိုကြည့်ကာ
ာင်မြင့်နှင့် မြတ်လှတို့မှာ ကစုန်ကရင်ပင် ဖြစ်ခဲ့ကြလေတော့၏။
နောက်တွင်မှ မိတ္ထီလာဈေးထဲမှ သားရေအိတ်တစ်လုံးကိုဝယ်ကာ
ငွေစက္ကူထုတ်များကို ထည့်လိုက်ကြလေ၏။

ဖောင်တော်ဦးဘုရားပွဲသို့ သွားရောက်ကာ အပျော်ကြီး ပျော်ခဲ့ကြလေတော့၏။ အပြန်၌မူ မိတ္ထီလာဈေးထဲမှ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို စိတ်ကြိုက်ဝယ်ယူကာ ကားဂိတ်သို့ ပြန်ခဲ့ကြလေတော့၏။

"မြတ်လှစိတ်ထဲမှာ အိပ်မက်များ မက်နေသလားလို့တောင် အောင်းမေ့မိတယ် အကိုရယ်"

"အကိုလည်း ဒီလိုပဲပေါ့ မြတ်လှရဲ့"

"ဩော် . . . ဒါနဲ့ မေးရဦးမယ်။ အရီးပု ထီလက်မှတ်ရော မပေါက်ဘူးလားဟင် အကို"

"ဟာ . . . အဲဒါကို မြတ်လှကို အကိုပြောထားရဦးမယ်။ လော လောဆယ် အကိုတို့ ထီပေါက်တဲ့အကြောင်းကို အရီးပု မသိစေနဲ့ဦး နှစ်ယောက်အတူတူထိုးပြီး အကိုကပေါက်ပြီး သူမပေါက်တော့ အကိုတစ်မျိုးထင်နေဦးမယ်။ နောက်ပြီး ထီလက်မှတ်တိုက်ပေးတာ အကို ဖြစ်နေတယ်လေ မြတ်လှရဲ့"

"အရီးပုက အဲလိုစိတ်ဓာတ်မျိုး မရှိပါဘူး အကိုရဲ့ သိပ်ပြီး သဘောထားပြည့်ဝတဲ့ အဖွားကြီးပါ အကိုရယ်"

"ဘာပဲဖြစ်ဖြစ် အခုချိန်မှာ အကို့စကားကို နားထောင်စမ်းပါ မြတ်လှရာ"

မြတ်လှ ချစ်သူ မောင်မြင့်၏စကားကို ဘဝင်မကျသော်လည်း ါင်းညိတ်ပြလိုက်လေတော့၏။ များမကြာမီ ဟိုင်းလပ်ကားတစ်စီး က်လာ၍ မောင်မြင့်နှင့် မြတ်လှတို့ တက်ရောက်ရန် ဟန်ပြင်လိုက် သတော့သည်။ ကားမှာ ခရီးသည်များဖြင့် ပြည့်ကျပ်လျှက် ရှိနေလေ တော့၏။

"ဟိုအကို... အမိုးပေါ် တက်လိုက်ပါ။ အထဲမှာ လူကြပ်နေ ယ်"

✦ ✦ ✦

ပစ္စည်းများနှင့် မြတ်လှကို အထဲသွင်းပြီး မောင်မြင့် စပယ်ယာ ားအတိုင်း အမိုးပေါ်သို့ တက်ခဲ့ရလေတော့၏။

"ဆွဲ... ဆရာရေ"

မကြာမီ ခေါင်းမိုးပေါ်မကျန်အောင် ပြည့်ကျပ်လျှက်ရှိသော သည်တင် ဟိုင်းလပ်ကားကလေးမှာ မိတ္ထီလာကားဂိတ်မှ ထွက်ခွာ သတော့၏။

"ဝူး..."

ဟိုင်းလပ်ကားကလေးမှာ ခရီးသည်များ ပြည့်ကျပ်နေသဖြင့် ချက်တစ်ချက် ရှေ့ဘီးနှစ်ဘီးပင် လွတ်လွတ်သွားနေလေ၏။

''ဝူး...ဝူး...''

ဤသို့ဖြင့် မောင်မြင့်တို့ စီးလာသောကားလေးမှာ ရှမ်းတဲလေ
တပ်ရှေ့ရှိ လေယာဉ်ပျံရှုပ်ကြီးနားသို့ပင် ဖြတ်ကျော်ရောက်ရှိလာလေ
တော့၏။ မောင်မြင့်ကား ကားခေါင်းပေါ်တွင် ပိုက်ဆံထည့်ထားသော
သားရေအိတ်ကြီးကို ရင်ဝယ်ပိုက်ရင်း ရှေ့လျှောက်ချစ်သူမြတ်လှနှင့်
မင်္ဂလာဆောင်ရမည့်အရေးကို တွေးလာစိတ်ကူးယဉ်လျှက် လိုက်ပါလာခဲ့
လေတော့၏။

ထိုအခိုက်တွင်ပင် မောင်မြင့်၏နားထဲ၌ ကျယ်လောင်လှသော
ကားဘရိတ်အုပ်သံတစ်ခုကို ကြားလိုက်ရပြီးလျှင် ဝုန်းဆိုသော အသံကြီး
နှင့်အတူ ခန္ဓာကိုယ်တစ်ခုလုံး လေထဲသို့ မြောက်တက်သွားသကဲ့သို့
ခံစားလိုက်ရလေတော့၏။

''ကျွီ...ဝုန်း''

မောင်မြင့်တို့ စီးလာသော ဟိုင်းလပ်ကားမှာ ရှေ့မှကုန်တင်
ကားကြီးကို ကျော်တက်ရင်း အရှိန်မထိမ်းနိုင်တော့ဘဲ တိမ်းမှောက်
သွားခြင်းပေတည်း...။

✦ ✦ ✦

"အဲဒီမှာ ခေါင်မိုးပေါ်က စီးလာတဲ့ မောင်မြင့်နဲ့ ခရီးသည် ယောက်ျားသုံးလေးယောက်လောက် မိတ္ထီလာဆေးရုံကြီးကို ပို့လိုက်ရတယ်။ ကံကောင်းထောက်မလို့ မြတ်လှပါတဲ့ ကားထဲက ခရီးသည်တွေကတော့ နည်းနည်းထိခိုက်တာကလွဲပြီး ဘာမှမဖြစ်ကြဘူးကွ"

"အေးပေါ့ကွာ မမှန်ကန်တဲ့ လောဘအကုသိုလ် အကျိုးပေးတာပေါ့။ ဒါနဲ့မောင်မြင့် ဘာဖြစ်သွားသေးတုံး သိန်းထွေး"

"ပေါင်တစ်ဘက်ကျိုးပြီး မိတ္ထီလာဆေးရုံမှာ တစ်ပတ်လောက်တက်ရတယ်လေကွာ။ ဆေးရုံကဆင်းတော့ ခြေတစ်ဘက်နိမ့်ပြီး လမ်းလျှောက်ရင် ထော့နဲ့ထော့နဲ့နဲ့ တစ်သက်လုံး လူရာမဝင်တော့တဲ့ ဒုက္ခိတတစ်ယောက် ဖြစ်သွားပါရောလားကွ"

သိန်းထွေးက စကားအဆုံး ရေနွေးတစ်ခွက်ကို အာခြောက်သွားဟန်ဖြင့် ကောက်၍သောက်လိုက်လေသည်။

"တော်သေးတာပေါ့ကွာ။ အသက်မသေတာ။ ကံကောင်းလို့ဆိုရမှာပေါ့နော်"

ကျွန်ုပ်၏စကားကြောင့် သိန်းထွေးက သောက်လက်စ ရေနွေးခွက်ကိုချကာ ပြုံးလိုက်လေ၏။

"ဒါပေမယ့် မောင်မြင့်အဖို့တော့ သူ့လောဘ အကုသိုလ်အတွက် သေသွားတာထက်ဆိုးတဲ့ တစ်စိမ့်စိမ့် ခံစားနေရမယ့်အဖြစ်အပျက်တစ်ခုနဲ့ ဆက်ပြီးတိုးခဲ့ရသေးတယ်ကွ။ သူ့ဇာတ်လမ်းက ဒီမှာ

မဆုံးသေးဘူး ငါ့ကောင်ရ"

"ဟေ"

ကျွန်ုပ်မှာ သိန်းထွေး၏စကားကို အလွန်အမင်း စိတ်ဝင်စားစွာဖြင့် ဆက်လက် နားထောင်ခဲ့ရပြန်လေတော့၏။

✦ ✦ ✦

မောင်မြင့်ဆေးရုံမှဆင်း၍ အိမ်သို့ပြန်ရောက်သောအခါ လူစဉ်မမှီအောင် နိမ့်သွားသော မိမိ၏ ခြေထောက်တစ်ဖက်ကိုကြည့်၍ ယူကျုံးမရဖြစ်ခဲ့ရလေတော့၏။

(ငါ...ငါ...အရီးပုအပေါ်မှာ မမှန်မကန် ...ရားသဖြင့် လုပ်ခဲ့လို့ ဒီ...ဒီလိုဖြစ်ရတာ)

(တကယ်ဆို သားသမီးမရှိ ဘာမရှိနဲ့ တစ်ယောက်တည်း ဆင်းဆင်းရဲရဲ လုပ်ကိုင်စားသောက်နေရတဲ့ အဘွားကြီးတစ်ယောက်အပေါ်မှာ ငါ ဒီလိုမလုပ်သင့်ဘူး။ ငါသိပ်မှားတယ်)

မောင်မြင့် နောင်တစိတ်နှင့်အတူ အရီးပုအပေါ် လိမ်လည်ခဲ့မိသော အပြစ်ကိုတွေးကာ မျက်ရည်များ တစ်တွေတွေ စီးကျလာလေတော့၏။

ထိုအခိုက်ပင် အိမ်အောက်ဖက်မှ ချစ်သူမြတ်လှ၏အသံကို

မောင်မြင့်ကြားလိုက်ရလေတော့၏။

"ဦးလေး...အကိုမောင်မြင့် အပေါ်မှာရှိသလား"

"အေး...အေး...ရှိတယ်။ တက်သွားလုံမလေး"

အဖေ၏ဖြေသံအဆုံး အိမ်ပေါ်သို့ တက်လာသော မြတ်လှကို မောင်မြင့် မြင်တွေ့လိုက်ရလေတော့၏။

"အကို"

"အကို...အကို...အရီးပုလေ...အရီးပု"

မြတ်လှ၏စကားနှင့် မျက်နှာအမူအယာကြောင့် မောင်မြင့် ထိတ်ကနဲ ဖြစ်သွားရလေတော့၏။

"အရီး...အရီးပု ဘာ.. ဘာဖြစ်လို့လဲ မြတ်လှ"

"ဟို...ဟို အရီးပု ထီလက်မှတ်ဟာလေ တစ်သိန်း...တစ်သိန်းဆုကြီးပေါက်နေတယ် အကိုရဲ့"

"ဘာ"

"ဟုတ်တယ်။ ပြီးခဲ့တဲ့ ဈေးနေ့ကမှ အဘွားပုဆီကို ကိုတင်ထွန်းကြီးရောက်လာတယ်တဲ့။ အကိုဝယ်သွားတဲ့ ထီလက်မှတ် (၂)စောင်ဟာ တစ်စောင်က တစ်သိန်းဆုကြီးနဲ့ တစ်စောင်က တစ်သောင်းဆုပေါက်နေတဲ့အကြောင်း လာပြောတာတဲ့။ အရီးပု တကယ်ကံကောင်းတာပဲနော် အကို"

မောင်မြင့် မြတ်လှပြောနေသော စကားများကို မကြားတစ်

ချက်ကြားတစ်ချက်ဖြင့် လူတစ်ကိုယ်လုံး ချာလပတ်လည်သွားသကဲ့သို့ ခံစားနေရလေတော့၏။

မြတ်လှကတော့ မောင်မြင့်၏ အကြောင်းကိုမသိသဖြင့် ဝမ်းသာအားရ ဆက်ပြောနေပြန်၏။

"အခုတော့ အရီးပုခမျာ သူ့ရည်ရွယ်ချက် ပြည့်သွားရတော့တာပေါ့အကိုရဲ့။ အခု အောင်မင်္ဂလာကျောင်းမှာ ကျောင်းဆောင်ကြီးဆောက်လို့ ဘုန်းကြီးနဲ့တိုင်ပင်နေသတဲ့။ မနက်ဖြန် အရီးပုထီလက်မှတ်ကို ဘုန်းတော်ကြီးဦးဆောင်ပြီး ရန်ကုန်မှာသွားထုတ်ကြမယ်တဲ့"

"နောက်ကျန်သေးတယ် အကိုရဲ့။ အရီးပုကပြောတယ်။ ဒီထီလက်မှတ်ကို အကိုထိုးပေးတဲ့အတွက် မြတ်လှတို့မင်္ဂလာဆောင်ရင် ငါးထောင်ကြီးများတောင် လက်ဖွဲ့မတဲ့။ ဝမ်းမသာဘူးလား ဟင်... အကို"

မောင်မြင့်ကား မျက်လုံးအကြောင်သားဖြင့် မြတ်လှကို စကားပြန်မပြောနိုင်လောက်အောင် ရှိနေလေတော့၏။ သို့သော် သူ၏ရင်အတွင်း၌မူ အသည်းအူများ ပြောင်းပြန်လန်နေသကဲ့သို့ ခံစားနေရသည်ကိုကား သူမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မှ သိနိုင်မည်မဟုတ်တော့ပါချေ။

✦ ✦ ✦

"ကဲ... သူငယ်ချင်း မောင်မြင့်အဖြစ်က ဘယ်လောက်ရင်နာစရာကောင်းသလဲ။ ကိုယ့်ထီလက်မှတ်ဟာ တစ်သိန်းဆုကြီး ပေါက်နေပါလျက်နဲ့ မတော်လောဘစိတ်နဲ့ အရီးပုရဲ့ ဟစ်သောင်းဆု ထီလက်မှတ်ကိုမတရားသဖြင့် လိုချင်မိတဲ့အတွက် မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရတယ်"

ကျွန်ုပ်မှာ သိန်းထွေးပြောပြသော မြင်းလှည်းသမား မောင်မြင့်၏ဇာတ်လမ်းအဆုံးကို နားထောင်အပြီး ရင်ထဲ၌ လှိုက်မောစွာခံစားလိုက်ရလေတော့၏။

"အင်း... မတော်လောဘစိတ်ဟာ ကြောက်စရာကောင်းသလိုလူ့ကံကြမ္မာတွေဟာလည်း အံ့သြစရာကောင်းလောက်အောင် ဆန်းကြယ်လှပါပေတယ်ကွာ"

"တကယ်လို့ မောင်မြင့်က လောဘစိတ်မဝင်ခဲ့ဘူးဆိုရင်တစ်သိန်းဆုပေါက်မယ့် ကံကြမ္မာကို သူပိုင်ဆိုင်ခွင့်ရမှာ အမှန်ပဲ မဟုတ်လား သိန်းထွေးရဲ့"

"ဒါပေမယ့် တစ်ဘက်က ကြည့်ပြန်တော့လည်း စိတ်သဘောထားဖြူစင်ပြီး မြင့်မြတ်တဲ့ ရည်ရွယ်ချက်နဲ့ အရီးပုဟာလည်း တစ်သိန်းဆုပေါက်သင့်တဲ့ လူတစ်ယောက် ဖြစ်နေပြန်တယ်"

"ဒါပေမယ့်လို့ ကံကြမ္မာဟာ မောင်မြင့်လက်ထဲကို တစ်သိန်းဆုပေါက်မယ့် ထီလက်မှတ်ကို ထည့်ပေးခဲ့တယ်။ နောက်တော့ မတော်လောဘစိတ်နဲ့ မရိုးသားတဲ့ မောင်မြင့်လက်ထဲကနေ အရီးပုလက်ထဲ

ရောက်သွားရအောင် ကြံဖန်ဖြစ်သွားရတော့တယ်''

''လူတစ်ယောက်အတွက် ကောင်းနေတဲ့ ကံကြမ္မာတစ်ခု မကောင်းတဲ့စိတ်တစ်ခုဝင်တာနဲ့ ပြောင်းသွားတတ်ပါလားဆိုတဲ့ အသိတစ်ခုတော့ ငါဦးနှောက်ထဲမှ ရလိုက်ပြီ သူငယ်ချင်းရေ''

ရှည်လျားစွာပြောလိုက်သော ကျွန်ုပ်၏စကားအဆုံး သိန်းထွေးကဒင်း၏ ဦးခေါင်းကို ဖြည်းညှင်းစွာ ခါရမ်းလိုက်လေ၏။

''မဟုတ်သေးဘူးကွ။ လူ့ကံကြမ္မာဆိုတာကို အဲဒီလို တစ်သတ်မှတ်တည်း တွက်လို့ မရပြန်ဘူးကွ။ အခုမောင်မြင့်ဟာ ထီပေါက်မယ့် ကံကြမ္မာရှိပါလျက်နဲ့ မကောင်းတဲ့စိတ်တစ်ခု ဝင်လာခဲ့လို့ လွဲသွားခဲ့ရပေမယ့် အဲဒီလို မကောင်းတဲ့စိတ် မဝင်ရပါဘဲ လွဲသွားတဲ့လူတွေလည်းရှိသေးတယ်ကွ''

''ဟေ''

''ဘယ်လို... မကောင်းတဲ့စိတ် မဝင်ရပါဘဲနဲ့ လွဲသွားတဲ့လူတွေရှိသေးတယ် ဟုတ်လား''

''ဟုတ်တယ်... မောင်မြင့်လို တစ်သိန်းဆုကြီးပေါက်မယ့် ထီလက်မှတ်လက်ထဲရခဲ့ပေမယ့် မကောင်းတဲ့စိတ် တစ်စုံတစ်ရာ မဝင်ရပါဘဲ လွဲသွားခဲ့ရတဲ့ လူတစ်ယောက်လည်း ငါတွေ့ခဲ့ဖူးတယ်''

''လုပ်စမ်းပါဦးကွာ။ ဒီနေ့ညအတွက်တော့ မင်းဟာငါ့အတွက် တကယ့်ကို တန်ဘိုးရှိတဲ့ လူတစ်ယောက်ပါပဲကွာ။ ဟဲဟဲ... ငါ့အမေကို

လက်ဖက်သုပ် နောက်ထပ် ထပ်သုပ်ပေးဖို့ ပြောလိုက်ဦးမယ်''

ထိုအခါ ကျွန်ုပ်၏စကားကြောင့် သိန်းထွေးမှာ မျက်နှာရှုံ့မဲ့ပြရင်း...

''ဟေ့ကောင် တော်တော်... ငါ့ကိုမိုက်ပွအောင် လုပ်မနေနဲ့တော့။ ပြောဆိုပြောပြမယ်''

''ဟဲဟဲ... ဒီလိုဆိုလည်း ကော်ဖီမစ်နှစ်ထုပ်လောက်တော့ ဖျော်လိုက်ဦးမယ်ကွာ။ ငါ့ကောင် အာမခြောက်ရအောင်ပေါ့''

ဤသို့ဖြင့် ကျွန်ုပ်ဖျော်လာပေးသော ကော်ဖီမစ်နှစ်ခွက်ကို နှစ်ယောက်သား သောက်ရင်းဖြင့် သိန်းထွေးမှ အောက်ပါဇာတ်လမ်းလေးတစ်ခုကို ဆက်ကာပြောပြခဲ့ပြန်လေတော့၏။

✦ ✦ ✦

# မင်းမြတ်ရာဇ

မပြုံးနှိုင်ဘဲ ငိုရသူ

ရောဝတီမြစ်ကမ်းနံဘေးရှိ ရွာကလေးတစ်ရွာ၏ ညနေခင်း ဆည်းဆာသည် အလှဆုံးပန်းချီကားတစ်ချပ်ပမာ သက်ဝင်လှုပ်ရှားလျက် ရှိနေလေတော့၏။ လိမ္မော်ရောင် နေလုံးကြီး နောက်ခံပြုထားသော မြစ်ဆိပ်၌ ရေချိုးရေခပ်နေသူများဖြင့် စည်ကားလျက်ရှိနေ၏။

ဆိုင်ထမ်းကိုယ်စီဖြင့် ရေထမ်းလျက်ရှိသော လူများထဲတွင် ရေထမ်းသမား ကိုပေသီးတစ်ယောက်လည်း အပါအဝင်ဖြစ်တော့၏။ ကတုံးဆံထောက် အင်္ကျီကိုယ်လုံးတီး ဖာရာဗလပွ ပုဆိုးတိုနံ့နှင့် ကိုပေသီကား သီချင်းတစ်အေးအေးဖြင့် ရေထမ်းလျက်ရှိနေလေ၏။

"ဗျို့ ... ကိုပေသီး ကြိုးစားလှချည့်လားဗျ။ မိန်းမယူဖို့ စုနေတာလား"

ကိုပေသီးအကြောင်းသိနေသော ကာလသားတစ်ယောက်မှ စလိုက်လေရာ ကျန်ရေချိုးနေကြသသော ကာလသားတစ်သိုက်မှာ

တစ်ဝါးဝါးပွဲကျသွားရလေတော့၏။

ကိုပေသီးကမူ ၎င်းအား ပိုင်းဝန်းရယ်မောနေကြသော ကာလသားတစ်သိုက်ကို ဂရုမစိုက် ရေထမ်းရင်း သီချင်းတကြော်ကြော်ပင် ဆိုသွားသေးတော့၏။

"ကိုယ့်ရဲ့ အယူအဆတွေလည်း လွဲမှားပါရင်ကွယ်... စိတ်မဆိုးပါနဲ့ မိသဲရယ်... မမင်ရှာသေးတော့ကွယ်... အကြင်နာဝေးမပေါ့ကွယ် တစ်နွယ်ငင်တစ်ပင်ယှက်... အသွင်းပြောင်းသူကစွန်းနွယ်လိုကွယ်... ရေးဖွဲ့တင်စားရင်... မိသဲကစိတ်ဆိုးမှာလားကွယ်"

"ဟော... ဟော့ကောင်တွေ ကိုပေသီးကြီးဆိုသွားတာ မိသဲကစိတ်ဆိုးမှာလားကွယ်တဲ့ ဟား... ဟား... ဟား"

တကယ်တော့ ကိုပေသီးကား သူတို့ရွာထဲတွင် သနားစရာအကောင်းဆုံး အဆင်းရဲဆုံး လူသားတစ်ယောက်ပါပေ။ ရွာမြောက်ပိုင်းရှိ လယ်စောင့်တဲသာသာ တဲကုတ်လေးတွင် နေထိုင်ရင်း ရွာထဲရှိ အိမ်များသို့ တစ်အိမ်တက်ဆင်း ရေထမ်းရောင်းချကာ အသက်မွေးဝမ်းကျောင်းနေရသူ ရေထမ်းသမားတစ်ယောက်ဖြစ်လေ၏။ ထို့အပြင် ကိုပေသီးမှာ အသက်(၃၅)နှစ်အရွယ်ခန့် ရှိသော်လည်း စာမတတ် ပေမတတ် ပေါ်တောတော လူတစ်ယောက်လည်းဖြစ်ပေရာ တစ်ရွာလုံး၏ နိုင်းဖော်ခိုင်းဖက်လိုဖြစ်နေလေ၏။ ယခင် ကိုပေသီး၏ မိဘများရှိစဉ်က

တော့ ကိုပေသီးတို့မှာ ရွာထဲ၌ အတော်အတန် ချမ်းသာသော လူများ ဖြစ်ခဲ့ကြသည်ဟု ဆိုကြလေ၏။

"သူ့မိဘများရှိစဉ်ကတော့ ရွာထဲမှာ အတော်အတန် ချမ်းသာကြတာကလား။ နောက်တော့ သူ့မိဘတွေ ဆုံးကုန်တော့ သူ့ခမျာ ရှုးတူးပေါ်တောနဲ့ ရှိသမျှပစ္စည်းတွေ ဟိုအမျိုးဆွဲ ဒီအမျိုးဆွဲနဲ့ ဒီဘဝမျိုး ရောက်သွားခဲ့တော့တာကွဲ့"

"ဒါပေမယ့် ကိုပေသီးကြီးကို လျှော့တွက်လို့တော့ မရဘူး အဘရ"

"ဟေ...ဘာဖြစ်လို့တုံးဟ"

"အောင်မာ...လူကသာ ရှုးတူးပေါ်တောဆိုတယ်။ သူ့ပိုက်ဆံကျတော့ သိတတ်လိုက်တာလွန်ရော။ ရေထမ်းရောင်းရတဲ့ အကြွေစေ့တွေများ သူ့ခါးပုံစထဲမှာ ထုပ်ထားတာ ကျစ်နေတာပဲ"

"ဟုတ်ပ...အဘရ...ဟိုတစ်လောက တာတေတို့တွေ ကိုပေသီးကြီးကို ထန်းရည်မူးအောင်တိုက်ပြီး သူ့ခါးပုံစထဲက အကြွေစေ့တွေနှိုက်ယူတာတောင် မရဘူးဆိုပဲ"

"မလုပ်ကြပါနဲ့ကွာ။ သူ့ခမျာ ပခုံးအသားမာထအောင် ရေထမ်းရောင်းထားရတဲ့ ပိုက်ဆံလေးတွေဥစ္စာ"

"အံ့မယ်...အဘလူကချိန်တော့လည်း မခေဘူးဗျ"

အဘထွန်းရွှေအောင်နှင့် ကာလသားများအကြည့်က နောက်ဆုံး ပြောလိုက်သော ကိုပေတိုးထံသို့ စုပြုံရောက်ရှိသွားကြလေတော့၏။

"အဟုတ်ဗျ။ ကိုပေသီးကြီးက ဘယ်သူ့ချိန်နေတယ်မှတ်လဲ။ ရှယ်လယ်ကုန်စုံဆိုင်က ဒွေးလေးချစ်ပုသမီး မိသဲကိုချိန်နေတာဗျ ဟား ဟားဟားဟား"

ကိုပေတိုးစကားကြောင့် အဘထွန်းအောင်ပင် ပြုံးသွားရလေ တော့၏။ မချစ်ပုသမီး မိသဲဆိုသူ လုံမလေးမှာ သူတို့ရွာတွင် အချော ဆုံးအလှဆုံး မိန်းကလေးတစ်ယောက်ပင် မဟုတ်ပါလား။

ထိုအချိန် ကိုပေသီးတစ်ယောက်ကား ရွာလယ်ကုန်စုံဆိုင်ဖြစ် သော မိသဲတို့အိမ်၌ မဟောနိုင် မပန်းနိုင် ရေခပ်ပေးလျှက် ရှိနေလေ၏

"ကိုပေသီးကြီး ဒီတစ်ထမ်းဆို တော်ပြီနော်"

"ဟဲဟဲ...ရပါတယ်။ မိ...မိ...မိသဲရ"

စကားပြောလျှင် ထစ်နေတတ်သော ကိုပေသီးကြီးစကား ကြောင့် မိသဲချစ်စဖွယ် ပြုံးလိုက်မိလေ၏။

"ကဲ ကိုပေသီးကြီး နောက်တစ်ထမ်းဆို ဘယ်နှစ်ထမ်းလဲ ပြော"

"ဆယ်...ဆယ်...ဆယ်ထမ်း။ ဒါ...ဒါပေမယ့် မပေးနဲ့ ရ...ရပါတယ်"

"ဘယ်...ဘယ်ဟုတ်မလဲ...ရော့ ... ရော့ ကိုပေသီးကြီး ပိုက်ဆံမယူရင်တော့ မိသဲကစိတ်ဆိုးမှာပဲနော်"

မိသဲလှမ်းပေးသော ပိုက်ဆံကိုလှမ်းယူရင်း ကိုပေသီးမျက်နှာမှာ မြူးပျော်နေလေတော့၏။ ထို့နောက်မှ ဆိုင်းထမ်းကိုထမ်းရင်း မိသဲတို့ခြံဝန်းထဲမှ ထွက်ခွာသွားလေတော့၏။

"ဗျို့ ကိုပေသီးကြီး"

ရေချိုးလာရင်း ကမ်းနဖူး ရေတမာပင်ကြီးမြစ်ဆုံ၌ တစ်ယောက်တည်းထိုင်နေသော ကိုပေသီးကြီးကို မြဆောင်လှမ်းခေါ်ရင်း လျှောက်သွားလိုက်လေသည်။

"တစ်ယောက်တည်း ဘာထိုင်လုပ်နေတာတုံးဗျ။ ဒီနေ့ ရေမထမ်းဘူးလား"

"မ...မ...မထမ်းဘူး"

ကိုပေသီးမျက်နှာကို အကဲခတ်ကြည့်ရှုရင်း မြဆောင်စချင်စိတ်ဖြစ်ပေါ်သွားလေသည်။

"အဟမ်း... ခင်ဗျားကြည့်ရတာ စိတ်ညစ်နေတယ်နဲ့တူတယ်။ ဘာလဲ မိသဲက ခင်ဗျားကို ပြန်မကြိုက်လို့လားဗျ"

ကိုပေသီးကြီးက မြဆောင်ကို တစ်ချက်မော့ကြည့်လေသည်။ မြဆောင်က ကိုပေသီးကြီးဘေးတွင် ဝင်ထိုင်လိုက်လေ၏။

"ဒါများ ဘာစိတ်ညစ်စရာရှိလို့လဲဗျ။ ပိုက်ဆံများများရှိရင် ခင်ဗျားမိသဲကို ခေါင်းခေါက်ပြီးတောင် ယူနိုင်သေးတယ်"

"ပိုက်... ပိုက်... ပိုက်ဆံရှိရင်ဟုတ်လား"

"ဒါပေါ့ဗျာ။ ပိုက်ဆံရှိရင် ဘယ်မိန်းမ,မဆို ယူလို့ရတယ်။ အခု ခင်ဗျားမှာ ပိုက်ဆံဘယ်လောက်ရှိတုံး"

ကိုပေသီးက မြဆောင်၏စကားကြောင့် သူ့ခါးပုံစထဲတွင် ကျစ်နေအောင်ထုပ်ထားသော အကြွေစေ့များကို တစ်ချက်စမ်းလိုက်လေသည်။ မြဆောင်က ကိုပေသီးဟန်ကို တစ်ချက်မသိမသာ စောင်းကြည့်ရင်း ရယ်ချင်စိတ်ကို မြိုသိပ်၍...

"ခင်ဗျား အဲဒီအကြွေစေ့တွေက အလွန်ဆုံးရှိ တစ်ရာ နှစ်ရာလောက်ပဲရှိမှာပေါ့။ အဲဒီလောက်နဲ့ ဘယ်ရမှာဟုတ်းဗျ"

"ဘယ်... ဘယ်... ဘယ်လောက်ရှိ... ရှိမှရမှာတုံး"

"အနည်းဆုံး လေးငါးသောင်းလောက်ရှိမှ ဖြစ်မှာပေါ့ဗျ။ အဲဒီလောက်ပိုက်ဆံက ခင်ဗျား တစ်သက်လုံး ရေထမ်းရောင်းတောင်ရမှာ မဟုတ်ဘူး"

မြဆောင်စကားကြောင့် ကိုပေသီးမှာ သနားစဖွယ် ငေးငိုင်သွားလေတော့သည်။

"အဟမ်း... ဒါပေမဲ့ ရနိုင်တဲ့နည်းတော့ ရှိတယ်ဗျ"

"ဟမ်…တ…တကယ်လား မြ…မြဆောင်"

အားကိုးတစ်ကြီးပုံစံမျိုးဖြင့် ကြည့်လာသော ကိုပေသီးကြီးကို ကြည့်ကာ မရယ်မိအောင် မနည်းချုပ်တည်းထားရလေသည်။

"တကယ်ပေါ့ဗျာ။ ခင်ဗျားပိုက်ဆံအများကြီး လိုချင်ရင်တော့ ထီထိုး။ ဟဲဟဲ…တစ်သိန်းဆုကြီးများပေါက်ရင်တော့ ခင်ဗျား မိသဲကို ယူလို့ရပြီပေါ့ဗျာ"

"ထိုး…ထိုး…ထိုးမယ်။ ထိုးမယ် အခုသွားထိုးမယ်"

ကိုပေသီးကြီးမှာ မြဆောင်ဘေးမှ ဝုန်းကနဲထရပ်၍ ရွာလမ်းမဆီသို့ ပြေးထွက်သွားလေတော့၏။

မြဆောင် ကိုပေသီး၏ အဖြစ်ကိုကြည့်ရင်း သဘောကျစွာ ရယ်မောရ၍ ကျန်ခဲ့လေတော့၏။

"ဟား…ဟား…ဟား ထိုး…ထိုးကိုပေသီးရေ တစ်သိန်းဆုပေါက်အောင် တစ်သက်လုံးသာထိုးပေတော့ ဟား…ဟား… ဟား"

ကိုပေသီးမှာကား မြဆောင်နောက်ပြောင်သည်ကို မသိရှာဘဲ တကယ်ပင် ရွာထဲရှိထီရောင်းသော ကိုမှုတ္တူးထံတွင် ထီတစ်စောင်ကို သွားရောက်ထိုးခဲ့လေတော့၏။

"ဟား…ကျားသားမိုးကြိုး…ကိုပေသီးကြီး ထီလာထိုးတာ

ဒီကနေ့တော့ မိုးရွာဦးမယ်ဟေ့"

ကျောပြောင်ပြောင်ဖြင့် ကိုပေသီးကား ဝမ်းသာအားရဖြင့် ထီလက်မှတ်ကလေးကို ဆုပ်ကိုင်ကာ သူ့တဲရှိရာသို့ ရွာလယ်လမ်းအတိုင်း ဖုန်တစ်ထောင်းထောင်းထအောင် ပြေးခဲ့လေတော့၏။ တဲသို့ရောက်သော အခါ ခေတ္တအမောဖြေ၍ ထီလက်မှတ်ကလေးကို သိမ်းရန်စဉ်းစားလိုက် လေ၏။

နွေမိုးဆောင်း ခါးဝတ်ပုဆိုးစုတ် နှစ်ထည်သာရှိသော သူ၌ သေတ္တာဟူ၍မရှိ။ ခယိုခယိုင် သူ့တဲကလေးအတွင်း၌ ဖျာကြမ်းအစုတ် တစ်ချပ်နှင့် ခေါင်းဦးစုတ်တစ်လုံးမှလွဲ၍ ဘာမှရှိမနေပေ။

ဘုရားအိုးစင်ထက် တင်ထားအောင်လည်း ကြွက်ကိုသူစိတ် မချ။ ယခုမှ ကိုပေသီးတစ်ယောက် ထီလက်မှတ်ကလေးကို ဆုပ်ကိုင် ရင်း ဒုက္ခရောက်နေလေတော့၏။

(အင်း... ခေါင်းအုံးထဲထည့်ထားရင်လည်း ငါမရှိတုန်း လူ လူခိုးသွားရင် ဒုက္ခ)

(အင်း... ခါးပိုက်ထဲထည့်ချည် ထားပြန်ရင်လည်း မေ့ပြီးရေ ထမ်းရင်ရေစိုကုန်ရင် ထီလက်မှတ်ကလေး ပျက်စီးသွားမယ်။ ဘယ်နား ထားရပါ့)

ကိုပေသီးအကြည့်က စဉ်းစားရင်း အိမ်ထံရံဘေးတွင် ထောင်

ထားသော ရေထမ်းပုံးနှစ်ပုံးနှင့် ထမ်းပိုးဆီသို့ ရောက်ရှိသွားလေတော့၏။

"အင်း... ဒီလက်မှတ်ကလေးသာ ပေါက်ခဲ့ရင်တော့ ဒီထမ်းပုံးတွေနဲ့ ငါရေထမ်းရောင်းစရာ မလိုတော့ဘူး... ဟိ... ဟိ... ပိုက်ဆံအများကြီးနဲ့ မိ... မိ... မိသဲလေးကိုယူပြီး သူဌေးကြီးဖြစ်သွားမယ်"

"အိမ်အကြီးကြီးဆောက်ပြီး သူကြီးလိုခေါင်းပေါင်းကြီးနဲ့ နေရမယ်။ မော်တော်ကားကြီးမောင်းပြီး... အယ်... ငါမှမော်တော်ကားမမောင်းတတ်ပဲ။ အဲဒါဆို သူကြီးလိုပဲ လှည်းယဉ်ကောင်းကောင်းတစ်စီးနဲ့ နွားလှလှတစ်ရှဉ်း ဝယ်ထားရမယ်... ဟိဟိ"

ကိုပေသီးမှာ စိတ်ကူးယဉ်လျက် တစ်ယောက်တည်း တစ်ဟိဟိတစ်ခွိခွိ သဘောကျလျက် ရှိနေလေတော့၏။ ထို့နောက် အတန်ကြာမှ ထိုလက်မှတ်ကို သိမ်းရန်သတိရသွားပြန်လေ၏။

"အယ်... အဲဒါနောက်မှ အခုလောလောဆယ် ငါဒီလက်မှတ်ကလေးကို ဘယ်နားသိမ်းထားရပါ့"

နောက်ဆုံး၌မူ ကိုပေသီးတစ်ယောက် ထောင်ထားသော ထမ်းပိုးကိုကြည့်ကာ အကြံတစ်ခု ရသွားလေတော့၏။

"ဟား... ဟုတ်ပြီ။ ထမ်းပိုးမှာ ပိုးထားတဲ့ ဝါးလုံးခေါင်းထဲ ထည့်ထားရမယ်။ ဒါ... ဒါဆို ငါနဲ့လည်း ကိုယ်နဲ့မကွာရှိနေမယ်။ ဟုတ်တယ်... ဟုတ်တယ်"

ထို့နောက် အကြံရရှိသည့်အတိုင်း ရေထမ်းပိုးတွင် သွပ်နန်းကြိုးဖြင့်တွဲကာ ပိုးထားသည့် ဝါးလုံးခေါင်းအတွင်း ထီလက်မှတ်ကလေးကိုလိပ်ကာ ထိုးထည့်လိုက်လေတော့၏။ ထို့နောက်တွင်မှ ဝါးလုံးအဝအား သစ်သားစို့တစ်ခုနှင့် ပိတ်ကာထီလက်မှတ်ကလေးကို လုံခြုံစွာ သိမ်းလိုက်လေတော့၏။

"အား...အခုမှ ဟန်ကျသွားတော့တယ်"

ထို့နေ့မှစ၍ ကိုပေသီးတစ်ယောက်အား ယခင်ကထက် မြူးကြွသွက်လက်စွာ ရေထမ်းလျှက်ရှိနေသည်ကို တစ်ရွာလုံးမှ မြင်တွေ့နေကြရလေတော့၏။

"ကိုပေသီးကြီး အခုတစ်လော အတော်အူမြူးနေပါလားဟေ့"

ဤသို့ဖြင့် များမကြာမီအချိန်တွင်ပင် ထီဖွင့်ရက်မှာ တစ်ဖြည်းဖြည်းနီးကပ်၍ လာလေတော့၏။ ကိုပေသီးတစ်ယောက်ကား နေ့စဉ်ပင် စိတ်ကူးယဉ်အတွေးများဖြင့် အူရွှင်လျှက်ရှိနေလေတော့၏။

ထီဖွင့်၍ထီပေါက်စဉ်များ ထွက်လာသောအချိန်၌ကား ထီရောင်းသောမှတ်တူးမှာ ထီလက်ကျန်များနှင့် မိမိရောင်းချခဲ့သော ထီနံပါတ်များကို ထီပေါက်စဉ်ဖြင့် တိုက်ကာကြည့်ရှုလျှက်ရှိနေ၏။

"ဟာ...မိန်းမရေ ငါတို့ရောင်းလိုက်တဲ့အထဲမှာ သိန်း...သိန်းဆုကြီးပါနေတယ်ဟ"

"ဟင်... တကယ်လားတော့ ကိုမှူတူး"

"ဟာ... နေဦး ဘယ်သူပါလိမ့် ... ဟာ... ကိုပေသီး... ကိုပေသီးကြီးကွ"

ကိုမှူတူးမှတဆင့် ကိုပေသီးကြီး သိန်းဆုပေါက်သည်ဟူသော သတင်းမှာ ရွာကလေးအတွင်း ပြန့်နှံ့သွားလေတော့၏။

"ဟာ... ကိုပေသီးတစ်ယောက် သိန်းဆုကြီးပေါက်လို့တဲ့ဗျို့"

"ဟဲ့ ... ကြားပြီးကြပလား။ ကိုပေသီးတစ်ယောက် သိန်းဆုကြီးပေါက်လို့တဲ့တော့"

တစ်ရွာလုံးအုံ့အုံ့ကြွက်ကြွက်ဖြစ်ကာ ထိုသည့်ကိုမှူတူးမှ ဦးဆောင်၍ ကိုပေသီး၏ တဲကလေးသို့ ရောက်ခဲ့ကြလေတော့၏။ သို့သော် တဲကလေး၌ ကိုပေသီးကားမရှိ။

"ဟ... ဒီလူ မြစ်ကမ်းဘက်မှာ ရေထမ်းနေတယ်နဲ့တူတယ်ဗျ။ အဲဒီကို သွားကြည့်ကြရအောင်"

လူအုပ်ကြီးမှာ မြစ်ကမ်းနဖူးဘက်သို့ ချီတက်သွားကြလေတော့၏။ ဟော... တွေ့ပါပြီ။ မြစ်ကမ်းနဖူး၌ ရေပုံးနှစ်ပုံးကိုချကာ တစ်ယောက်တည်း စိတ်ကူးယဉ်လျက် တစ်ခွိခွိရယ်နေသော ကိုပေသီး။ ရုတ်တစ်ရက် မိမိရှိရာသို့ လူအုပ်ကြီးချီတက်လာသည်ကို မြင်တွေ့လိုက်ရပြီး ကိုပေသီး လန့်ဖျပ်သွားရလေ၏။

"ဗျို့ ... ကိုပေသီး ခင်ဗျား တစ်သိန်းဆုကြီး ပေါက်တယ်ဗျို့"

ရှေ့ဆုံးမှ အော်ပြေးလာသော ထီရောင်းလိုက်သည့် ကိုမှုတ္တူး ကိုသူမြင်တွေ့လိုက်ရလေသည်။ အလို့... သူ တစ်သိန်းဆုကြီးပေါက်တယ် ဆိုပါလား။

"ဒါ... ဒါဆို"

ကိုပေသီး ဝမ်းသာအားရဖြင့် ထရပ်လိုက်ကာ အနီးတွင်ချ ထားသော ရေဆိုင်းထမ်းနှစ်ခုနှင့် ထမ်းပိုးကို တစ်ချက်ကြည့်လိုက်မိလေ တော့၏။ ထို့နောက် ချက်ချင်းပင် ရေထမ်းပုံးနှစ်ခုနှင့် ထမ်းပိုးကို တစ် သွင်သွင်စီးနေသော မြစ်ထဲသို့ လွှင့်ပစ်လိုက်လေတော့၏။

"ကိုင်း ... သွားကြရောလဟာယ်။ ဒီကနေ့ကစပြီး နင်တို့ကို ငါထမ်းစရာမလိုတော့ဘူး။ ပေသီး သူဌေးကြီးလုပ်တော့မယ်ကွ ဟော့ ဟေး"

"ကိုပေသီး ခင်ဗျား တစ်သိန်းဆုကြီးပေါက်တယ်ဗျ။ ကျုပ်တို့ ရွာမှာ အချမ်းသာဆုံး သူဌေးကြီး ဖြစ်တော့မယ်ဗျ ဟားဟားဟား"

ရွာသားများမှ ကိုပေသီးအား ထမ်းပိုး၍ ရွာထဲသို့ခေါ်ဆောင် သွားကြလေတော့၏။ ကိုပေသီး၏ တဲကလေး၌ ရွာသူရွာသားများနှင့် ပြည့်လျှက်ရှိနေလေတော့၏။ သတင်းကြားသဖြင့် ရွာဦးကျောင်းဆရာ တော်ပင် မနေနိုင်တော့ဘဲ ကြွရောက် လာခဲ့လေတော့၏။

"ဟော့ ... ဆရာတော်ကြွလာတယ်ဟေ့ နေရာပေးပါဦးဟ"

ဆရာတော်က အင်္ကျီကိုယ်တီးလုံးဖြင့် လက်အုပ်ချီနေသော ကိုပေသီးကို ဝမ်းသာသောမျက်လုံးအစုံဖြင့် မမိုတ်မသုန် ကြည့်ရှုတော်မူလေ၏။

"အိမ်း ... အတိတ်ကံ အကျိုးပေးချိန်ကျလာရင် မြေတုံးတွေကတောင် ရွှေခဲရွှေတုံးတွေ ဖြစ်ရသေးတာ။ အခုခေတ် တစ်သိန်းဆိုတဲ့ ငွေကြေးဟာ ငါတို့ရွာတစ်ရွာလုံး ပေါင်းဘောင်မရှိတဲ့ ပမာဏပေပဲ။ ကံထူးပါပေရဲ့ ဒကာပေသီး"

"မှန် ... မှန်လှပါဘုရား"

ဆရာတော်အကြည့်က အနီးရှိ ထီသည်ကိုမှူတူးထံသို့ ကျရောက် သွားပြန်လေသည်။

"ဟဲ့ ... ဒကာမှူတူး ဒီက ဒကာပေသီး တစ်သိန်းဆုပေါက်တာ အသေအချာနော်။ ဂဏာန်းတွေဘာတွေများ မှားနေဦးမယ်"

ကိုမှူတူးက ဆရာတော်ထံသို့ ထီပေါက်စဉ်မှ တစ်သိန်းဆုနံပါတ်စာလုံးမည်းကြီးနှင့် စာရင်းစာအုပ်မှ ကိုပေသီးနာမည်ဖြင့် မှတ်ထားသောထီနံပါတ်ကို ယှဉ်၍ပြလိုက်လေ၏။ ဆရာတော်မျက်နှာက ဝင်းပသွားရလေတော့၏။

"အကျွရာရော ဂဏန်းပါမဲမှားပေဘူး။ ဟဲ့ ပေသီး နင်တစ်သိန်း ဆုပေါက်တာ သေချာနေပြီဟဲ့"

"အဟီး . . . မှန် . . . မှန်ပါ့ဘုရား"

"ကဲ . . . ဒီလိုဆို ဘယ်မလဲ နင့်ထီလက်မှတ် သွားယူစမ်းချေ"

"အယ်"

ဆရာတော်ခိုင်းသံကြားမှ ဝမ်းသာလုံးစို့နေသော ကိုပေသီး တစ်ယောက် တစ်စုံတစ်ခုကို အမှတ်ရသွားပြီး ဝုန်းကနဲ မတ်တပ်ထရပ် လျှက်သား ဖြစ်သွားရလေတော့၏။

"ထီ . . . ထီ . . . ထီလက်မှတ်ဟာ ငါ့ . . . ငါ . . . ထမ်း . . . ထမ်းပိုး"

ကိုပေသီးတစ်ယောက် ထမ်းပိုးထဲထည့်ထားမိသော ထီလက် မှတ်ကို ထိုအခါမှ အမှတ်ရသွားပြီး လူအုပ်ကြီးကို ကျော်ခွနင်းလျှက် မြစ်ကမ်းဘက်သို့ တစ်ဟုန်ထိုးပြေးသွားလေတော့၏။

"ဟ . . . ဟ . . . လုပ်ပါဦး ကိုပေသီးတစ်ယောက် ဘယ်လို ဖြစ်သွားတာတုံး"

အကြောင်းစုံမသိရသေးသော လူများမှာ ကိုပေသီးနောက်သို့ ပြေးကာ လိုက်ပါသွားရလေတော့၏။ ထိုအချိန် ကိုပေသီးတစ်ယောက် ကား မြစ်ကမ်းတစ်လျှောက် တောင်နှင့်မြောက် မရပ်မနား ပြေးလွှား

လှုပ်ရှိနေလေတော့၏။

"ငါ့ ... ငါ့ထမ်းပိုး ပြန်ပေး"

"ငါ့ ... ငါ့ ... ငါ့ပိုက်ဆံတွေ ဟားဟားဟား"

✦ ✦ ✦

"အဲဒီကတည်းက ကိုပေသီးတစ်ယောက် မြစ်ကမ်းတစ်လျှောက်မှာ ဟိုပြေးဒီပြေးနဲ့ သွက်သွက်ခါအောင် ရှူးသွားတော့တာပဲ သူငယ်ချင်းရေ"

"နောက်မှ ကိုပေသီးအော်နေတဲ့ ထမ်းပိုးပြန်ပေးဆိုတာကို ဆရာတော်က သဘောပေါက်ပြီး မြစ်ရိုးတစ်လျှောက် လှေတွေနဲ့ ရွာသားတွေ ထိုးလက်မှတ်ပါသွားတဲ့ ထမ်းပိုးကို ရှာလိုက်ကြတာဆိုတာ ဘာပြောကောင်းမလဲ။ တစ်ခြားရွာတွေပါ ပေါက်ကြားပြီး အဲဒီတုန်းက တစ်ပါတ်ကျော်ကျော်လောက် မြစ်ရိုးတစ်လျှောက် လှေတွေကို ဖွေးဖွေးလှုပ်နေတာပဲတဲ့"

"ထမ်းပိုးကိုရော ပြန်တွေ့ကြသလားကွ"

"ဘယ်တွေ့တော့မှာလဲကွ။ မြစ်ရိုးတစ်လျှောက် မျောသွားသလား။ ဒါမှမဟုတ် ထမ်းပိုးက ထန်းသားကိုလုပ်ထားတာဆိုတော့

အချိန်ကြာပြီး ရေဝလို့ ရေထဲမြုပ်သွားသလားပေါ့ကွာ''

''ကဲ…ဒီလိုဆိုတော့ ကိုပေသီးအဖြစ်က မကောင်းတဲ့စိတ် တစ်စုံတစ်ရာ မဝင်ရပါဘဲနဲ့ ထိပေါက်ကံနဲ့ လွဲသွားရတာကျတော့ ဘယ်လို ပြောကြမလဲ''

ကျွန့်ပ်မှာ သိန်းထွေး၏အမေးအား ဖြေကြားရန် မတတ်အောင် ဖြစ်ရလျှက် လူတို့၏ ဆန်းကြယ်လှသော ကံကြမ္မာကိုအံ့ဩ၍ မဆုံး အောင်ဖြစ်နေရလေတော့၏။ သို့ရာ၌ စာရေးဆရာတစ်ယောက်ပီပီ သိန်းထွေးအား မခံချင်လှသည်နှင့် …

''ဒါပေမယ့် ကိုပေသီးအဖြစ်က ကိုယ့်ကျေးဇူးရှင် ထမင်းရှင် ဖြစ်တဲ့ ရေထမ်းပုံးနဲ့ ထမ်းပိုးကို ကာပြန်မိတဲ့ အပြစ်ရှိနေတယ်လေကွာ''

''ဟား…ဟား…ဟား ဟော့ကောင် တော်…တော်… ငယ်ငယ်တုန်းက အကျင့်အတိုင်း စကားတတ်တိုင်း ကပ်ပြောမနေနဲ့ တော့။ အချိန်လည်းမရှိတော့ဘူး။ ငါပြန်ပါရစေတော့''

ကျွန့်ပ်မှာ သိန်းထွေး၏ အပြောနှင့် ဟန်ပန်ကိုကြည့်လျှင် သဘောကျစွာ ရယ်မောမိလိုက်လေတော့သတည်း။

''ဟား…ဟား…ဟား…ဟား''

✦ ✦ ✦